

ပြောင်းလဲမှုအတွက် အခွင့်အလမ်း

မြန်မာနိုင်ငံတွင် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုမှု အဆုံးသတ်ခြင်း

ဇန်နဝါရီ ၂၀၁၃

# ကလေး စစ်သားဆိုင်ရာ

# နိုင်ငံတကာအဖွဲ့ .

**Child Soldiers International**

**9 Marshalsea Road**
**London SE1 1EP**
**United Kingdom**

**တယ်လီဖုန်း၊ +44 (0) 20 7367 4110**
**ဖက်စ်၊ +44 (0) 20 7367 4129**

**info@child-soldiers.org**
**ညွှန်ကြားရေးမှူး၊ Richard Clarke**

**မျက်နှာဖုံး** ဓာတ်ပုံ © ၂၀၁၃၊ ၂၂ နိုဝင်ဘာ ၂၀၀၆၊ James Rebort Fuller

**ကလေးစစ်သားဆိုသည်မှာ မည်သူနည်း။**
ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့အနေဖြင့် ကလေးစစ်သားဟူသော စကားလုံးကို အောက်တွင် ဖော်ပြချက် အတိုင်း လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်နေသော ကလေးငယ်များကို ကလေးစစ်သားအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။

> *အင်အားမည်မျှပင် ရှိသည်ဖြစ်စေ လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများတွင် ကလေး ငယ် များ၊ မိန်းကလေး၊ ယောက်ျားလေးဟု ကန့်သတ်မထားပဲ တိုက်ခိုက်ရေး သမားများ၊ ချက်ပြုတ် သူများ၊ ပစ္စည်းထမ်းသူ များ၊ သူလျှိုများအဖြစ် သို့မဟုတ် လိင်မှုဆိုင်ရာ ရည်ရွယ်ချက်ဖြင့် အသုံးပြုရန် စုဆောင်းခံထားရသော သို့မဟုတ် အသုံးပြုခံရသော သို့မဟုတ် အသုံးပြုခံခဲ့ဖူးကာ ထိုတပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းနှင့် ဆက်စပ်ပတ်သက်နေသော အသက် ဆယ်ရှစ်နှစ်အောက် အရွယ် မည်သူ့ကိုမဆို ရည်ညွှန်းသည်။ တိုက်ပွဲများတွင် တိုက်ရိုက် ပါ ဝင်ပတ်သက်နေသူ သို့မဟုတ် ပါဝင်ပတ်သက် ခဲ့ဖူးသူများကိုသာ ရည်ညွှန်းခြင်း မဟုတ်ပါ။*

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ (Child Soldiers International) ကို ယခင်က ကလေးစစ်သား အသုံးပြုမှု ရပ်တန့်ရေး ညွန့်ပေါင်းအဖွဲ့ **(Coalition to Stop the use of Child Soldiers)** အဖြစ် သိကြသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သုတေသနလုပ်ငန်းနှင့် မူဝါဒပြောင်းလဲလာရန် တွန်းအားပေး ဆော်ဩသည့် အဖွဲ့အစည်းဖြစ်ပြီး၊ လက် နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် အဖွဲ့အစည်းများတွင် ကလေးစစ်သား (အသက် ၁၈ နှစ်အောက် မိန်းကလေးနှင့် ယောက်ျားလေး) စုဆောင်းခြင်း နှင့် တိုက်ပွဲများတွင် အသုံးပြုခြင်းနှင့် ယင်းတပ်ဖွဲ့၊ အဖွဲ့အစည်းများနှင့် ဆက်နွယ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရန်နှင့် တားဆီးရန် လုပ်ဆောင်သည်။ လက်နက်ကိုင်တပ်ဖွဲ့နှင့် အဖွဲ့အစည်းများထံမှ ကလေးစစ်သားများ လွတ်မြောက်နိုင်ရန်နှင့် ကလေးစစ်သားများ အိမ်ပြန်ကာ မူလဘဝတွင် ပြန်လည်ရပ်တည်နိုင်ရန် ဆောင်ရွက်သည်။ ကလေးစစ်သားစုဆောင်းသူနှင့် အသုံးပြုသူများ တာဝန်ခံမှု ရှိစေရန် ကြိုးပမ်းဆောင်ရွက်သည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးများအား ပါဝင်ပတ်သက်မှုနှင့် ဆိုင်သည့်ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်အပေါ် မိမိဆန္ဒအလျောက် လိုက်နာရန် ကတိပြုလက်မှတ်ထိုးရသည့် နောက်ဆက်တွဲဖြည့်စွက်ချက် (Optional Protocol to the Convention on the Rights of the Child) ကို ကမ္ဘာတစ်ဝှမ်းလုံး လိုက်နာဆောင်ရွက်ရန် မြှင့်တင်ဆောင်ရွက်သည်။

**www.child-soldiers.org**

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် အမှတ်တံဆိပ် မှတ်ပုံတင်ဌာနတွင် နံပါတ် ၂၆၂၃၇၉၇ဖြင့် တရားဝင် မှတ်ပုံတင်ထားသော အဖွဲ့ဖြစ်သည်။

**ပြောင်းလဲမှုအတွက် အခွင့်အလမ်း**

**မြန်မာနိုင်ငံတွင် ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုမှု အဆုံးသတ်ရန်**

**မာတိကာ**


၁။ အကျဉ်းချုပ်နှင့် အဓိက အကြံပြုချက်များ ........ ၁

၂။ အစီရင်ခံစာ ပြုစုရာ နယ်ပယ် နှင့် ပြုစုသည့်နည်းစနစ် ........ ၅

၃။ လက်နက်ကိုင် ပဋိပက္ခ၊ လုံခြုံမှုကင်းမဲ့ရခြင်းနှင့် လူမှုစီးပွားဆိုင်ရာ အခြေအနေ၏ နောက်ခံအကြောင်းအရာ ........ ၇

၃.၁ ။ လက်နက်ကိုင် ပဋိပက္ခ နှင့် လုံခြုံမှုကင်းမဲ့ခြင်း ........ ၇

၃.၂ ။ လူမှုစီးပွားဆိုင်ရာ နောက်ခံအခြေအနေ ........ ၉

၄။ ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်းနှင့် တိုက်ပွဲများတွင် အသုံးပြုခြင်းကို ဥပဒေအရ ကာကွယ်ပေးခြင်း ........ ၁၂

၅။ မြန်မာတပ်မတော် *(ကြည်း)* က အသက်မပြည့်သေးသူများကို စစ်သားအဖြစ်စုဆောင်းခြင်း ........ ၁၃

၅.၁။ မြန်တပ်မတော်(ကြည်း)၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်တာ လုပ်ဆောင်ပုံ ........ ၁၄

၅.၂။ အသက်မပြည့်သေးသူများကို စစ်သားစုဆောင်းခြင်းနှင့် တိုက်ပွဲများတွင် အသုံးပြုခြင်း ........ ၁၅

၅.၃။ အသက် လိမ်လည်ဖော်ပြခြင်းနှင့် အသက်စိစစ်သည့် နည်းစနစ် မရှိခြင်း ........ ၁၇

၅.၄။ လွတ်လပ်သော စောင့်ကြပ်မှုနှင့် တာဝန်ရှိသူကို တာဝန်ခံစေသည့်စနစ် ကင်းမဲ့ခြင်း ........ ၁၉

၅.၅။ ကလေး "စစ်ပြေး"များကို ထိန်းသိမ်းခြင်းနှင့် မဖွယ်မရာ ဆက်ဆံခြင်း ........ ၂၁

၆။ နယ်ခြားစောင့်တပ်ဖွဲ့များက အသက်မပြည့်သေးသူများအား စစ်သားစုဆောင်းခေါ်ယူ အသုံးပြုမှု ........ ၂၃

၆.၁။ နယ်ခြားစောင့်တပ်ဖွဲ့ တည်ထောင်ပုံနှင့် ဖွဲ့စည်းပုံ ........ ၂၃

၆.၂။ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းအသုံးပြုမှုများ ........ ၂၄

၆.၃။ သီးခြားဖြစ်စဉ် လေ့လာမှု- နယ်ခြားစောင့်တပ်ဖွဲ့ (ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော်) ........ ၂၅

၇။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက အသက်မပြည့်သေးသော ကလေးစစ်သားများစုဆောင်းခြင်းနှင့် အသုံးပြုခြင်း ........ ၂၈

၇.၁။ သီးခြားဖြစ်စဉ် လေ့လာမှု ။ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ကေအန်ယူ/ကေအန်အယ်အေ) နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော် (ဒီကေဘီအေ) ........ ၂၉

၈။ နိဂုံးကောက်ချက်ချခြင်းနှင့် အကြံပြုချက်များ ........ ၃၄

## ၁။ အကျဉ်းချုပ်နှင့် အဓိက အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း ရှိနေမှုကို ကုလသမဂ္ဂက မှတ်တမ်း တင်ထားခဲ့သည်မှာ ဆယ်စုနှစ် တစ်စု နီးပါးကြာခဲ့ပြီ။ အစိုးရနှင့် အမျိုးမျိုးသော တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည်မှာ ရာစုနှစ် တစ်စု နီးပါး ကြာခဲ့ပြီဖြစ်သည်။ ထိုပဋိပက္ခများကြောင့် အသက်ထောင်ပေါင်း များစွာဆုံးရှုံးခဲ့ရပြီး လူ့အခွင့်အရေး ချိုးဖောက်မှုလည်း ကြီးမား ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည်။

အဖွဲ့အားလုံးက ယင်းပဋိပက္ခကြောင့် ဖြစ်သောတိုက်ပွဲများတွင် ကလေးများအား ဆွဲသွင်းပါဝင်လာစေရခြင်း၏ အကြောင်းတရားသည် မြန်မာလူ့အဖွဲ့အစည်း (သို့) လူမှုစီးပွားရေးဆိုင်ရာအဆောက်အအုံများကို စစ်ဝါဒ သွတ်သွင်းခြင်းကြောင့်သာ ဖြစ်ပေါ်လာသည့် ရှောင်လွှဲ မရသော အကျိုးဆက်မဟုတ်ပါ။ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အဖွဲ့အစည်းများတွင် လက်ရှိတပ်သားဦးရေကို ထိန်းသိမ်းထားနိုင်ရန် (သို့) တိုးမြှင့်လာရန်နှင့် တပ်ဖွဲ့များကို ပံ့ပိုးပေးရန်အတွက် ဖြစ်ပေါ်လာသော ဖိအား၏ အကျိုးဆက်လည်း ဖြစ်ပါသည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် အမျိုးမျိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ရယူခဲ့ခြင်းကြောင့်[1] (ပဋိပက္ခ ပိုမိုပြင်းထန်လာနေသော ကချင်ဒေသများမှ[2] လွဲ၍) မကြာသေးမီနှစ်များတွင် လုံခြုံရေးနှင့် လူ့အခွင့်အရေး အခြေအနေ တိုးတက်မှုအချို့ တွေ့လာရသည်။ ဤပြောင်းလဲမှုများကြား နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံ ပြန်လည် ဆက်ဆံလာမှုသည် ကာလရှည်ကြာစွာဖြစ်ပေါ်လာသည့် အသက်အရွယ်မပြည့်သေးသူများကို စစ်သားအဖြစ်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာပြဿနာကို ဖြေရှင်းနိုင်ရန် ယခင်ကမရှိခဲ့ဖူးသော အခွင့်အရေးတစ်ခုဖြစ်ပါသည်။

ယင်းအခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ်ဇွန်လ ၂၈ တွင် မြန်မာ အစိုးရနှင့် ကုလသမဂ္ဂကြား သဘောတူလက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (The Joint Action Plan) တွင် တပ်မတော် *(ကြည်း)* နှင့် နယ်ခြားစောင့်တပ်ဖွဲ့များ(BGF)အတွင်းရှိ ကလေးစစ်သားများဖော်ထုတ်ကာ လွှတ်ပေးရန် အသေးစိတ် အစီအစဉ် ချမှတ်ထားသည်။[3] ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် အသက်ဝင်ပြီးနောက်တွင် တပ်မတော်*(ကြည်း)*မှ ကလေးစစ်သား ၄၂ ဦးကို လွှတ်ပေးခဲ့ပြီး၊ အချို့သူများကိုလည်း ထပ်မံလွှတ်ပေးရန်ရှိသည်။ ကုလသမဂ္ဂ၏ အစီရင်ခံမှုယန္တရားက လုပ်ငန်းများကို စတင်လုပ်ကိုင်နေပြီ။ ပူးပေါင်းလုပ်ဆောင်မှု အစီအစဉ်က အနာဂတ်တွင် ကလေးစစ်သားစုဆောင်းခြင်း တားဆီးရန် အခြေခံစနစ်ကိုလည်း ပြဋ္ဌာန်းထားသည်။[4] ဤလုပ်ငန်းစဉ် လုပ်ဆောင်ရန် နည်းလမ်းတွင် တပ်မတော်*(ကြည်း)*နှင့် နယ်ခြားစောင့်တပ်များအတွင်း တပ်သားစုဆောင်းပုံ (အသက်စစ်ဆေးသည့် လုပ်ထုံးလုပ်နည်း)- ကလေးစစ်သားစုဆောင်းခြင်း တားဆီးမှု အစီအစဉ် အကောင်ထည် ဖော်ဆောင်ရွက်ခြင်းကို တိကျခိုင်မာစွာနှင့် လွတ်လပ်စွာစောင့်ကြပ်ကာ၊ ထိုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်ခြင်း မရှိကြောင်း တွေ့ရှိပါက ပြစ်မှုဆိုင်ရာအရ စီရင်ခြင်းအပါအဝင် တာဝန်ရှိသူကို တာဝန်ခံစေသည့် ထိရောက်သော နည်းစနစ်များ ပါဝင်သည်။

---

1 See Report of the UN Secretary-General to the UN General Assembly on the situation of human rights in Myanmar, UN Doc. A/67/333, 24 August 2012; Report of the UN Special Rapporteur on the situation of human rights in Myanmar, UN Doc. A/67/383, 25 September 2012.

2 "Ban urges political reconciliation amid reported air strikes in Myanmar's Kachin state", UN News Centre, 2 January 2013.

3 ငါးနှစ်ကြာ စေ့စပ်ညှိနှိုင်းရေး ပြုလုပ်ပြီးနောက် ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် လက်မှတ် ရေးထိုးသည့် ကလေးစစ်သား စုဆောင်းခြင်းမှ ကာကွယ်ခြင်းနှင့် ၎င်းတို့၏ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အဖွဲ့တို့အကြား ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်သည် ၂၀၁၂ခု နှစ် စက်တင်ဘာလ ၁ ရက်နေ့မှ စ၍ တရားဝင်ဖြစ် လာခဲ့သည်။

4 ၎င်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အစိုးရက *တပ်မတော် (ကြည်း)*နှင့် နယ်ခြားစောင့်တပ်များ (BGF) နှင့် ဆက်စပ်ကျန်ရှိနေသည့်ကလေးများအားလုံးကို ချက်ချင်းဖော်ထုတ်၍ လွှတ်ပေးရန် ကတိပြုခဲ့သည်။ သို့သော် ထိုပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မှန်ကန်ကြောင်း စစ်ဆေးရေး လည်ပတ်မှုများ မတိုင်မီ ၇၂ နာရီ ကြိုတင်အသိပေးရန်နှင့် လည်ပတ်မှုများအတွင်း အစိုးရ၏ကြီးကြပ်မှုများ ရယူရန် လိုအပ်သည်။ ၎င်းက အစိုးရအား အမျိုးသား လုံခြုံရေး အကြောင်းပြချက်ဖြင့် သီးခြား သတ်မှတ်မထားသည့် နေရာအရေအတွက်သို့ သွားလာမှုကိုလည်း ကန့်သတ်ခွင့်ပြုထားသည်။ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ကုသမဂ္ဂ နိုင်ငံလုံးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ အနေဖြင့် *တပ်မတော် (ကြည်း)* ၏ စုဆောင်းရေးဌာနများနှင့် အခြား စစ်တပ်နေရာ အရေအတွက် အနည်းငယ်ကိုသာ သွားလာခွင့်ရခဲ့သည်ဟု ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့မှ ရရှိသည့် သတင်းအချက်အလက်များက ဖော်ပြထားသည်။

သို့သော် ဤတိုးတက်မှုကို လျင်မြန်စွာလုပ်ဆောင်ခြင်းမရှိပဲ၊ အာမခံချက်လည်း မရှိကြောင်းတွေ့ရသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ အဖွဲ့၏ မကြာသေးမီက မြန်မာနိုင်ငံတွင်း ပြုလုပ်ခဲ့သော သုသေတနပြုချက်တွင် ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ပြန်လည် သုံးသပ်ထားသည်။ အထူးသဖြင့် တပ်မတော်(ကြည်း)အဖြစ် သိထားသော) မြန်မာ တပ်မတော်နှင့် မကြာသေးခင်က ဖွဲ့စည်းခဲ့သော နယ်ခြား စောင့်တပ်ဖွဲ့များ(တပ်မတော် ကြည်း လက်အောက်တွင်ရှိပြီး၊ အစိုးရနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူခဲ့ပြီး၊ နယ်ခြားစောင့် တပ်ဖွဲ့ အဖြစ်ပြောင်းလဲရန် သဘောတူခဲ့သည့် တပ်ဖွဲ့များ၏ အဖွဲ့ဝင်ဟောင်းများ)နှင့် လက်နက်ကိုင် အတိုက်အခံ အဖွဲ့အစည်း (ကရင်အမျိုးသား အ စည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်[5]) တို့ကို ဆန်းစစ်သုံးသပ်ထားသည်။

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ သုတေသနပြုချက်အရ တွေ့ရှိသည်မှာ မကြာသေးမီက တိုးတက်မှုရှိသော်လည်း အခြေအနေများ မှာ လျှင်မြန်သင့်သလောက် လျှင်မြန်စွာ ပြောင်းလဲမလာပါ။ တပ်မတော် ကြည်း တွင် ကလေးစစ်သားစုဆောင်းမှု အနည်းငယ် လျော့လာ သော်လည်း၊ ဆက်လုပ်ဆောင်နေဆဲဖြစ်သည်။ ကလေးစစ်သား ထပ်မံစုဆောင်းခြင်းကို တားဆီးရန် ထိရောက်စွာလုပ်ဆောင်ချက်များ မရှိသေးပါ။ တပ်မတော် ကြည်း လက်အောက်ရှိ နယ်ခြားစောင့်တပ်များတွင် ကလေးစစ်သားများကို စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့် ပြုခြင်းနှင့် ပြန်လည် ထူထောင်ပြုစု ပေးခြင်းကိုမဆိုထားနှင့် သူတို့တပ်တွင်း ကလေးစစ်သားရှိနေမှုကို စုံစမ်းဖော်ထုတ်သည့် အစီအစဉ်ပင်မရှိပါ။ နယ်ခြား စောင့် တပ်၏ အသစ်ဖွဲ့စည်းလိုက်သော တပ်ရင်းသည် တပ်သားစုဆောင်းခြင်းများ ဆက်လက်လုပ်ဆောင်နေသော်လည်း၊ ထိုသို့လုပ်ဆောင်မှု တွင် ကလေးများ ပါမလာစေရန် စိစစ်သည့်လုပ်ဆောင်ချက်မရှိပါ။[6]

မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေတွင် စိုးရိမ်မကင်းဖြစ်စရာများ ရှိနေပါသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ အဖွဲ့၏ သုတေသနပြုချက်တွင် ကရင်အမျိုးသား အစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNU/KNLA) နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) အဖွဲ့နှစ်ဖွဲ့ အကြောင်းကို အဓိကထား ရေးသားထားသည်။ အဖွဲ့နှစ်ဖွဲ့စလုံးတွင် က လေးစစ်သားစုဆောင်းခြင်း မပြုရန် ညွှန်ကြားချက် ထုတ်ပြန်ထားသော်လည်း အသက်စစ်ဆေးသည့် စနစ်ကင်းမဲ့မှု၊ ယင်းအဖွဲ့အစည်း များနှင့် ကလေးများ အလွတ်သဘောအရ ဆက်စပ်ပတ်သက်သည့် လုပ်ဆောင်ချက်များသည် ကလေးများအတွက် တိုက်ပွဲများပါဝင် လာစေရန် အန္တရာယ်ကြီးကြီးမားမားဖြစ်စေပါသည်။ (KNU/KNLA) ကိစ္စတွင် ခေါင်းဆောင်ပိုင်းက ကလေးစစ်သားပပျောက်ရန် ကုလသမဂ္ဂနှင့် အခြား သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးပမ်းချက်များရှိခဲ့သည်။ ) ထို့ပြင် ယင်းအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ တွေ့ဆုံရန် မြန်မာ အစိုးရက တားဆီး ထားခြင်းကြောင့် ကလေးများကို သူတို့၏ တပ်တွင်းမှ လွတ်မြောက်အောင်လုပ်ဆောင်ဖို့ အဟန့်အတား ဖြစ်စေသည်။

မြန်မာအစိုးရက အမျိုးသားလုံခြုံရေး အကြောင်းပြချက်ဖြင့် ဒေသအချို့သို့ သွားလာခွင့်ကို ငြင်းပယ်ထားခြင်းသည် လက်နက်ကိုင်အဖွဲ့အစည်း များအပေါ် လွတ်လပ်စွာ စောင့်ကြပ်နိုင်ရန် အတားအဆီးဖြစ်နေသည်။ အစိုးရနှင့် ယင်းအဖွဲ့အစည်းများကြား မကြာသေးမီက လက်မှတ်ရေး ထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ကလေးများကို ဘေးကင်းစွာလွတ်မြောက်လာရန်အတွက် အခွင့်အလမ်း တစ်ခု ဖြစ်ပြီး၊ အနာဂတ်တွင် ကလေးများ ထိုလက်နက်ကိုင်အဖွဲ့များနှင့် စစ်ပိုင်းဆိုင်ရာအရ ပတ်သက်ဆက်နွယ်မှုကို တားဆီးနိုင်မည့် အလားအလာ အ တွက်လည်း အခွင့်ကောင်းဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီဖြင့် မြန်မာအစိုးရက တည်ထောင်ထားသော မြန်မာငြိမ်းချမ်း ရေးစင်တာ (Myanmar Peace Center)သည် အပစ်အခတ် ရပ်စဲရေးရယူထားမှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ကာ လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်ရေးလုပ်ဆောင်မည့် လုပ်ငန်းတွင် ယင်းလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်နေသည့်ကလေးများ၏ လူ့အခွင့် အရေးကိုကာကွယ်မည့် နည်းလမ်းကိုလည်းကိုလည်း ထည့်သွင်းရန် အကောင်းဆုံးအနေအထားတွင် ရှိသည်။

ဤသုတေသနပြုချက်ကြောင့် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် မြန်မာအစိုးရ၊ လက်နက်ကိုင် အတိုက်အခံအဖွဲ့အစည်းများ၊ ကုလ သမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အောက်ပါ အဓိက အကြံပြုချက်များ ပြုလိုပါသည်။

---

5 ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်၏ နိုင်ငံရေးအုပ်စုသည် ကလိုထူးဘော် ကရင်အဖွဲ့အစည်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် ကလိုထူးဘော်ကရင်အဖွဲ့အစည်း (KKO) ကို DKBA ၏ နိုင်ငံရေးအုပ်စုအဖြစ် ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် စစ်တပ်ကလည်း ၎င်း၏ ဘာသာရေးလွှမ်းမိုးမှု ကင်းစင်ခြင်းကို အမှတ်အသားပြုရန် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်ဖွဲ့မှ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် ဟု အမည်ပြောင်းလဲခဲ့သည်။

6 See for instance, "Government's militia forcing civilians into uniform", *Karen News*, 9 November 2012, http://karennews.org.

**မြန်မာအစိုးရသို့**

- တရားမဝင်သောနည်းဖြင့် ကလေးစစ်သားစုဆောင်းခြင်းကို တားဆီးရန် နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူပြီး လိုအပ်သော တပ်အင်အားစုဆောင်းခြင်း လုပ်ထုံးလုပ်နည်း၊ အသက်စစ်ဆေးသည့် ယန္တရားနှင့် လက်နက်ကိုင် တပ်ဖွဲ့များ၊ နယ်ခြားစောင့်တပ်များနှင့် အခြားသောလုံခြုံရေး အင်အားစုများအပေါ် လွတ်လပ်စွာစောင့်ကြပ်ကာ ကြည့်ကြပ်ခြင်းပြုလုပ်နိုင်ရန်အတွက် ခိုင်မာမှုရှိအောင် ဆောင်ရွက်ပါ။

- လက်နက်ကိုင် အင်အားစုများ၊ နယ်ခြားစောင့်တပ်ဖွဲ့များနှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များ လိုက်နာရန် (လိုအပ်လျှင် သင်တန်းပေးခြင်းဖြင့်) တပ်အင်အားစုဆောင်းခြင်းဆိုင်ရာ လိုက်နာရမည့် စံနှုန်းချမှတ်ပါ။ လူသူ စုဆောင်းခြင်းလုပ်ငန်းလုပ်ဆောင်ရာတွင် ပါဝင်သူအားလုံးက အသက် ၁၈ နှစ်အောက်အရွယ်ရှိသူများအား စုဆောင်းခြင်းကို တားမြစ်ထားကြောင်းသိရှိရန်၊ အသက်စိစစ်သည့် လုပ်ထုံးလုပ်နည်းကို လိုက်နာလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် ထိုသို့ လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်သူများသည် စည်းကမ်း ဖောက်ဖျက်မှုနှင့် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း သိရှိစေရန် တိကျသေချာစွာ လုပ်ဆောင်ပါ။

- ယခင်က အသက်၁၈နှစ် မပြည့်သေးမီ စုဆောင်းခံရသူများအပါအဝင် လက်ရှိအသက်မပြည့်သေးသော တပ်သားများကို စုံစမ်းဖော်ထုတ်နိုင်ရန်နှင့် ပြန်လွှတ်ပေးနိုင်ရန်အတွက် ဗဟို သတင်းအချက်အလက် သိုမှီး စုဆောင်းထားနိုင်သည့်စနစ်ကိုဖန်တီးကာ၊ ၎င်းတွင် *တပ်မတော် ကြည်း*နှင့် နယ်ခြားစောင့်တပ်သားများ၏ သတင်းအချက်အလက်များကို သူတို့၏ မွေးဖွားလက်မှတ်မိတ္တူ (သို့) အခြားသော တရားဝင်သက်သေခံ စာရွက်စာတမ်းနှင့် ဆောင်းရေး အရာရှိ၏ ရာထူးနှင့် နာမည် အပြည့်အစုံကို ထည့်သွင်းထားပါ။
- ကလေးများကို ဖော်ထုတ်ခြင်းနှင့် လွှတ်ပေးခြင်းကို သေချာစေရန်အတွက် *တပ်မတော်*ကြည်း ယူနစ်များနှင့် BDF တပ်များအားလုံးကို စနစ်တကျစစ်ဆေးရန်အတွက် ကလေးသူငယ်များ ရှိနေနိုင်သည့် စုဆောင်းရေးဌာနများ၊ စစ်စခန်းများ၊ သင်တန်းဌာနများနှင့် အခြားနေရာများကို အတားအဆီးမဲ့ သွားလာခွင့် ပေးအပ်ခြင်းအပါအဝင် အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် UN မြန်မာနိုင်ငံဆိုင်ရာ အလုပ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါ။
- *တပ်မတော်ကြည်း*နှင့် နယ်ခြားစောင့်တပ်များတွင် ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုကြောင်း ယုံကြည်ရသော စွပ်စွဲချက်များ ထွက်ပေါ်လာပါက ထိရောက်စွာနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး၊ တရားမျှတမှု ရရှိရန် ကျူးလွန်သူ အဖြစ် သံသယရှိသူကို တရားစီရင်ခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့်အညီ စစ်ဆေးစီရင်ခြင်းပြုလုပ်ပါ။

**KNLA နှင့် DKBA သို့ အကြံပြုချက်များ**

- ကလေးစစ်သားစုဆောင်းခြင်းနှင့် တိုက်ပွဲများတွင် အသုံးပြုခြင်းရပ်တန့်ရန် မိမိလက်နက်ကိုင် အဖွဲ့ဝင်များအားလုံးသို့ ညွှန်ကြားချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေ၊ ထုတ်ဝေပါ။

- ကလေးများ စစ်ဆင်ရေးများတွင်မပါဝင်စေရန်နှင့် စစ်တပ်စခန်းများ သို့မဟုတ် စစ်ဖက်ဆိုင်ရာ ပစ်မှတ်အနီး တဝိုက်တွင် ကလေးများ မရှိကြောင်း တိကျသေချာစွာလုပ်ဆောင်ပါ။

- ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုရာတွင် တာဝန်ရှိသူများကို သင့်လျော်သော အရေးယူမှု ပြုလုပ်ပါ။

- လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်နေသော ကလေးများကို လွှတ်ပေးနိုင်ရန်နှင့် စောင့်ကြပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂနှင့် အခြားလွတ်လပ်သော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ လာရောက်နိုင်အောင် ကူညီဆောင်ရွက်ပါ။

- နည်းပညာပိုင်းဆိုင်ရာ အကူအညီတောင်းခံ၍ အသက်အရွယ်မပြည့်သူများကို စစ်သားစုဆောင်းခြင်းမှ တားဆီးနိုင်ရန်အတွက် အသက်စစ်ဆေးသည့်စနစ်ကို ကနဦးလုပ်ငန်းအဖြစ် အကောင်အထည် ဖော်ဆောင်ရွက်ပါ။

## ကုလသမဂ္ဂ၏ စောင့်ကြပ်ခြင်းနှင့် အစီရင်ခံမှု ယန္တရားသို့ အကြံပြုချက်များ

- ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အကောင်ထည်ဖေါ်ဆောင်ရွက်ရေးကို ပံ့ပိုးသူအားလုံး၏ စွမ်းရည်မြှင့်တင်ပေးပါ။ ဤအစီအစဉ်အရ အစိုးရ၏ လုပ်ဆောင်ချက် ထိရောက်မှုကို ရေရှည် စောင့်ကြပ်နိုင်ရန်နှင့် လုပ်ငန်းလုပ်ဆောင်မှု ပွင့်လင်းမြင်သာမှု ရှိအောင် ဆောင်ရွက်ပါ။

- ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို တားဆီးရန်ရည်ရွယ်၍ အစိုးရကို တပ်သားစုဆောင်းခြင်းလုပ်ဆောင်ပုံ ပြုပြင်ပြောင်းလဲရန်နှင့် ပြန်လည်သုံးသပ်မှုပြုရာတွင် ကူညီပံ့ပိုးပါ အကြံဉာဏ်ပေးပါ။

- ကလေးများရှိနိုင်သည့်နေရာများဖြစ်သည့် တပ်မတော်(ကြည်း)၊ နယ်ခြားစောင့်တပ်စခန်းနေရာ၊ သင်တန်းနေရာနှင့် အခြားသော နေရာများသို့ ကလေးစစ်သား စုံစမ်းဖေါ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် ပုံမှန်သွားရောက်လည်ပတ်ခြင်း ပြုလုပ်ပါ။

- လက်နက်ကိုင်အဖွဲ့အစည်းများတွင်းရှိ ကလေးစစ်သားများကို ဖော်ထုတ်နိုင်ရန်နှင့် ယင်းတို့ထံမှ လွတ်မြောက်နိုင်စေရန် ၎င်းတို့နှင့် အပြန်အလှန်ဆွေးနွေး ဆက်ဆံမှု ပြုလုပ်ပါ။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အကြံပြုချက်များ

- ငြိမ်းချမ်းရေး သို့မဟုတ် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နေသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်နေသော ကလေးများလွတ်မြောက်ရန်၊ ဘဝပြန်လည် ထူထောင်နိုင်ရန်နှင့် လူထုအသိုင်း အဝိုင်းအတွင်းသို့ ပြန်လည်အခြေချနိုင်ရန် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ နှင့်အညီ ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ကလေးများ၏အရေးကို သတ်မှတ်ဖြေရှင်းရန် အတွက် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော အချက်များနှင့် လက်နက် ကိုင်အဖွဲ့အစည်းများအား အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှု၊ သဘောတူညီမှုများကို ထောက်ခံပါ။ လက်နက်ကိုင် အဖွဲ့အစည်းများကို နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များအတွင်းသို့ ပူးပေါင်းထည့်သွင်းရန်အတွက် ၎င်းတို့တပ်တွင်းရှိ ကလေးငယ်များကို စုံစမ်းဖော်ထုတ်ပြီး၊ လွှတ်ပေးခြင်းသည် ကြိုတင်မဖြစ်မနေလုပ်ဆောင်ရမည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း တောင်းဆိုပါ။

- လက်နက်ကိုင်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များအပေါ် လွတ်လပ်သော စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းပြု လုပ်ရန်နှင့် ၎င်းတို့၏ စစ်သားစုဆောင်းခြင်းနှင့် အသက်အရွက်စစ်ဆေးသည့်စနစ် ယန္တရားပိုမို အားကောင်းလာရန် လုပ် ဆောင်ခြင်း အပါအဝင်၊ မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် အကူအညီပေးရာတွင် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုမှု တားဆီးခြင်း အစီအစဉ်လုပ်ဆောင်ရန် သေချာအောင်ဆောင်ရွက်ပေးပါ။

## ၂။ အစီရင်ခံစာ ပြုစုရာ နယ်ပယ် နှင့် ပြုစုသည့်နည်းစနစ်

ဤအစီရင်ခံစာအတွက် သုတေသနပြုရာတွင် တပ်မတော်(ကြည်း) နယ်ခြားစောင့်တပ်ဖွဲ့များ (အထူးသဖြင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်၏ အဖွဲ့ဝင်ဟောင်းများ)၊ လက်နက်ကိုင် အတိုက်အခံ အဖွဲ့အစည်းနှစ်ခုဖြစ်သည့် KNU/KNLA နှင့် DKBA တို့အတွင်း မကြာသေးမီက ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုမှုအကြောင်းကို အဓိက ရေးသားထားသည်။ သွားလာမှုအခက်အခဲနှင့် လုံခြုံရေးကိစ္စကြောင့် ဤသုတေသနပြုချက်တွင် ပထဝီအနေအထားရ နယ်ပယ်အကန့်အသတ်ရှိ (မြန်မာအစိုးရသည် နိုင်ငံတွင်းရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသအချို့သို့ ကုလသမဂ္ဂနှင့် အခြားလူသားချင်းစာနာမှု အဖွဲ့အစည်းများ သွားလာမှုကို ဆက်လက် ကန့်သတ်ထားဆဲဖြစ်သည်)သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်း လှုပ်ရှားဆောင်ရွက်နေသော လက်နက်ကိုင် အတိုက်အခံအဖွဲ့အစည်းအားလုံးနှင့် လက်နက်ကိုင် တပ်ဖွဲ့များ၏ အခြေအနေကို ပိုမိုကျယ်ပြန့်စွာ ခြုံငုံတင်ပြထားခြင်းမလုပ်ဆောင်နိုင်သောကြောင့် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် အရေးကြီးသည့် အဖွဲ့တစ်ချို့အကြောင်းကိုသာ အဓိကထားတင်ပြထားသည်။ လက်နက်ကိုင်တပ်ဖွဲ့များ အသက်မပြည့်သေးသည့်သူများကို စုဆောင်းမှု ပြုလုပ်ခြင်းကို ကုလသမဂ္ဂ၏ အစီရင်ခံစာများတွင် ဖော်ပြထားချက်များကို အကျိုးဝင်ဆက်နွယ်မှုရှိသည့်နေရာများအတွက် ကိုးကားရည်ညွှန်းထားသည်။

သုတေသနကို အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များအတွင်း မကြာသေးခင်က ကလေးစစ်သားစုဆောင်းမှုအမျိုးအစားနှင့် ပုံမှန်စုဆောင်းမှုလုပ်ကိုင်ပုံများနှင့် ၎င်းတပ်ဖွဲ့များကြောင့် အနီးစပ်ဆုံးဖြစ်စေသည့်အကြောင်းတရားများကို သုတေသနပြုထားသည်။ ၎င်းတပ်ဖွဲ့များအတွင်း အသက်မပြည့်သေးသူများကို စုံစမ်းဖော်ထုတ်ပြီး၊ စောင့်ကြပ်သည့်စနစ် (အသက်စိစစ်ဆေးသည့်စနစ် ) များကို ရှိထားပြီးသော တာဝန်ခံစေသည့်စနစ်များအပေါ် အခြေခံ၍ သုံးသပ်ထားသည်။

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ကိုယ်စား ဝန်ထမ်းနှင့် အတိုင်ပင်ခံနှစ်ဦးက ထိုင်း-မြန်မာနယ်စပ်နှင့် မြန်မာနိုင်ငံတွင်းသို့ ဧပြီ-မေလ ၂၀၁၂၊ ဇူလိုင်- ဩဂုတ် ၂၀၁၂ နှင့် နိုဝင်ဘာ-ဒီဇင်ဘာလ ၂၀၁၂ ရက်နေ့များတွင် သုံးကြိမ်တိုင်တိုင် သီးသန့်စီသွားရောက်ကာ သုတေသနပြုခဲ့ပြီး၊ ၎င်းအပေါ် ရုံးခန်းတွင်းမှတစ်ဆင့် အင်တာနက် သုတေသနပြုချက်များဖြင့် ဖြည့်စွက်ထားသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က မတ်လ ၂၀၁၁ ၌ ထိုင်း-မြန်မာ နယ်စပ်တွင် ပြုလုပ်ခဲ့သော သုတေသနပြုချက်များကိုလည်း ထည့်သွင်းထားသည်။[7]

သုတေသန ပြုလုပ်နေစဉ်ကာလတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင်းမှ ကုလသမဂ္ဂမှအရာရှိများ၊ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့(ICRC) မှ အရာရှိများ၊ သံအမတ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGOs) ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ကလေးစစ်သားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများကို တွေ့ဆုံမှုများပြုလုပ်ခဲ့သည်။[8] ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။[9] လုံခြုံရေးစိုးရိမ်ချက်ကြောင့် တစ်ချို့တွေ့ဆုံ မေးမြန်းမှုများကို အမည်မဖော်ပြထားပါ။

7 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့မှ ကိုယ်စားလှယ်များက နိုင်ငံတကာနှင့် အမျိုးသား NGO များ၊ မီဒီယာမှ ကိုယ်စားလှယ်များနှင့် UNICEF ဌာနေကိုယ်စားလှယ်နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ကုသလမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူးနှင့် အခြားသူများအပါအဝင် ထိုင်းနိုင်ငံရှိ ကုလသမ္မဂ္ဂအဖွဲ့တို့မှ ကိုယ်စားလှယ်များ အပါအဝင် အရေးပါသူများစွာနှင့် အင်တာဗျူး ၃၀ ကို ပြုလုပ်ခဲ့သည်။ ကိုယ်စားလှယ်များက ယခင်က မြန်မာစစ်တပ်၏ စုဆောင်းခြင်း ခံခဲ့ရသည့် ကလေးစစ်သား နှစ်ဦး၊ နိုင်ငံရေး အကျဉ်းသားဟောင်း သုံးဦးနှင့် ကရင် အမျိုးသား သမဂ္ဂ (KNU) ၏ ကိုယ်စားလှယ် တစ်ဦးတို့ကိုလည်း တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့သည်။
8 ၂၀၁၂ခုနှစ် ဧပြီ - မေ အတွင်း နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO)၊ ကုသမ္မဂ္ဂ ဌာနေတာဝန်ခံ၊ UNHCR ကိုယ်စားလှယ်၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များ ညှိနှိုင်းလုပ်ဆောင်ခြင်းအတွက် ကုလသမဂ္ဂရုံး (OCHA)၏ လက်ထောက် ဌာနေ ညွှန်ကြားရေးမှူး၊ လူ့အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး (OHCHR) ကိုယ်စားလှယ်များနှင့် UNICEF ၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များ အပါအဝင် ကုလသမဂ္ဂအဖွဲ့မှ အရာရှိများနှင့် သုတေသနပြု လူတွေ့မေးမြန်းခြင်းများကို ပြုလုပ်ခဲ့သည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က မြန်မာနိုင်ငံရှိ UK, US နှင့် ပြင်သစ် သံရုံးများမှ ကိုယ်စားလှယ်များ၊ EU ကိုယ်စားလှယ်များ၊ ဘန်ကောက်ရှိ ဆွစ်ဇာလန်နှင့် ကနေဒါ အထူးတာဝန်အဖွဲ့များ၊ ထိုင်းနှင့်မြန်မာနိုင်ငံရှိ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) တို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ကိုယ်စားလှယ်များက လူ့အခွင့်အရေးကာကွယ်သူများ၊ နိုင်ငံတကာနှင့် နိုင်ငံအဆင့် NGO များမှ ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ရှေ့နေများ၊ ဘုန်းတော်ကြီးများ၊ သတင်းစာ ဆရာများနှင့် ကလေးစစ်သားဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့သည်။ ကိုယ်စားလှယ်များက မြန်မာအမျိုးသား လူ့အခွင့်အရေးများကော်မရှင်မှ ကိုယ်စားလှယ်တစ်ဦးနှင့်လည်း တွေ့ဆုံကာ ပဲခူး၊ ကရင်၊ ရှမ်းနှင့် ကချင်ဒေသများတွင် အခြေစိုက်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။
9 ၂၀၁၂ခုနှစ်၊ ဇူလိုင် - ဩဂုတ် အထူးသုတေသန ကာလအတွင်း လူထုအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ/မများ၊ ကျောင်းသူ/သားများနှင့် ကရင်လူ့အခွင့်အရေးများ အဖွဲ့ (KHRG)မှ ကိုယ်စားလှယ်များ၊ KNU နှင့် KNLA မှ အရာရှိများ၊ မျိုးဆက်သစ်အစီအစဉ်မှ ကျောင်းသူ/သားများ၊ DKBA နှင့် KKO တို့မှ စစ်တပ်နှင့် နိုင်ငံရေးခေါင်းဆောင်များ၊ DKBA ၏ နိုင်ငံရေးအဖွဲ့၊ BGF ၏ လက်ရှိနှင့် ယခင်က အဖွဲ့ဝင်များအချို့နှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် ဝန်ကြီးဦးအောင်မင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပံ့ပိုးမှု အဖွဲ့မှ ဝန်ထမ်းများ၊ နိုင်ငံရေး ပါတီလေးခုမှ ကိုယ်စားလှယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။[10] မြန်မာအစိုးရအတွင်းရှိ သမ္မတအကြံပေး အရာရှိများ၊ ကလေးစစ်သားစုဆောင်းမှု တားဆီးရေးကော်မတီ ဥက္ကဋ္ဌ၊ ရှေ့နေချုပ်၊ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများမှ သက်ဆိုင်ရာ အရာရှိများနှင့် တွေ့ဆုံခွင့်တောင်းခဲ့သော်လည်း ခွင့်မရခဲ့ပါ။

ကလေးစစ်သားဆိုင်ရာအဖွဲ့အစည်းသည် ဤအစီရင်ခံစာ မူကြမ်းအား မြန်မာနိုင်ငံခြားရေးဌာနသို့ပို့၍ ထင်မြင်ချက်တောင်းခံခဲ့သော်လည်း ပြန်စာမရခဲ့ပါ။ KNU အဖွဲ့၏ ထင်မြင်ချက်ကို တောင်းခံခဲ့ရာတွင် ပြန်လည်တုံ့ပြန်ခဲ့သောကြောင့် သူတို့၏ မှတ်ချက်ကို ဤအစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြထားသည်။

သုတေသနပြုနေချိန် တစ်လျှောက်လုံးတွင် ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အခြားသောသူများ၏ ပူးပေါင်းကူညီပေးမှု အတွက် အထူးကျေးဇူးတင်ပါသည်။ ဤသုတေသနပြုချက်မှ ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးတွင် မတရားသောနည်းဖြင့် ကလေးစစ်သား စုဆောင်းခြင်းနှင့် စစ်ပွဲများတွင် အသုံးပြုခြင်းမှ ကာကွယ်တားဆီး ရန်အတွက် အထောက်အကူပြုရန်ဖြစ်သည်။ ဤစဉ်းစားချက်ဖြင့် ယင်းတွေ့ရှိချက်နှင့် အကြံပြုချက်များသည် မြန်မာအစိုးရအပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးကြားတွင် အကျိုးဖြစ်ထွန်းစေမည့် အနာဂတ် ဆွေးနွေးမှုများ ဖြစ်ထွန်းလာစေရန်အတွက် အခြေခံအုတ်မြစ်ချပေးမည်ဟု မျှော်လင့်ပါသည်။

10 ၂၀၁၂ခုနှစ်၊ နိုဝင်ဘာ - ဒီဇင်ဘာတွင် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ ကိုယ်စားလှယ်များက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဌ လှမောင်ရွှေ၊ အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းရေး အစီအစဉ် တွဲဖက် ညွှန်ကြားရေးမှူးများဖြစ်သည့် ဂူကျုံးလျန်နှင့် ညိုအုန်းမြင့် ၊ အောင်နိုင်ဦး တို့နှင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ၈ ရက်နေ့တွင် မြန်မာငြိမ်းချမ်းရေးစင်တာ၊ ရန်ကုန်တွင် တွေ့ဆုံခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ အမျိုးသားဒီမိုကရက်တစ်တပ်ဦး (NDF)၊ အမျိုးသား ဒီမိုကရက်တစ် ပါတီသစ်နှင့် ရှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ တို့မှ ကိုယ်စားလှယ်များနှင့်လည်း အစည်းအဝေးများ ပြုလုပ်ခဲ့သည်။

## ၃။ လက်နက်ကိုင် ပဋိပက္ခ၊ လုံခြုံမှုကင်းမဲ့ရခြင်းနှင့် လူမှုစီးပွားဆိုင်ရာ အခြေအနေ၏ နောက်ခံအကြောင်းအရာ

၁၉၄၈ ခုနှစ် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာစစ်တပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံ အမျိုးမျိုးရရန် ကြိုးပမ်းနေသော လက်နက်ကိုင်အဖွဲ့ ၃၅ ဖွဲ့နှင့် ဖြစ်သော လက်နက်ကိုင်ပဋိပက္ခတွင်း ပါဝင်ပတ်သက်နေခဲ့သည်။ တိုင်းရင်းသား အဖွဲ့အစည်း အချို့နှင့် အပစ်အခတ်ရပ်စဲရေးအတွက် မြန်မာအစိုးရ၏ အတိတ်ကကြိုးပမ်းမှုများသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး (သို့) အမျိုးသား ပြန်လည်သင့် မြတ်ရေး မဖြစ်စေခဲ့ပါ။ ဆင်းရဲနွမ်းပါးမှုနှင့် ပညာရေး၊ ကျန်းမာရေး အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းသည့် နောက်ခံ အခြေအနေအောက်တွင် မြန်မာပြည်၏ လူမျိုးစုလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေရခြင်းဖြစ်သည်။ မတ်လ ၂၀၁၁ တွင် အရပ်သား အစိုးရဖွဲ့စည်းတည်ထောင်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအများစုနှင့် အပစ်အခတ် ရပ်စဲရေးရယူပြီး၊ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် သွားနေသည့် ဖြစ်စဉ်သည် ယင်းပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများကို ဖန်တီးဖြစ်ပေါ်စေသည်။ ဤ ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတွင် မြန်မာပြည်ရှိ လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးရှိ ကလေးစစ်သားစုဆောင်းမှုအရေးကို အာရုံစိုက် ဖြေရှင်းရန် လိုအပ်သည်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့များအား နိုင်ငံတော် လုံခြုံရေးတပ်ဖွဲ့များ အောက်သို့ သွတ်သွင်းမှု လုပ်ငန်းစဉ်တွင် ၎င်းတို့တွင်ရှိသော ကလေးစစ်သားများအား ဖော်ထုတ်ကာ စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်စေခြင်းကို တစ်ခါတည်း လုပ်ဆောင်ရမည့် ကိစ္စ အဖြစ်ထည့်သွင်း လုပ်ဆောင်သင့်သည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် အကျိုးသက်ရောက်မှုရှိမည့် လုံခြုံရေးကဏ္ဍကို ပြုပြင်ရာတွင် အရွယ်မရောက်သေးသူများကို စစ်သားအဖြစ် စုဆောင်းခြင်းကို တားဆီးသည့်ယန္တရားများ ခိုင်မာ တောင့်တင်းအောင် လုပ်ဆောင် ရန် လိုသည်။

### ၃.၁။ လက်နက်ကိုင် ပဋိပက္ခ နှင့် လုံခြုံမှုကင်းမဲ့ခြင်း

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်တွင် မြန်မာ(ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံ) အစိုးရသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများ အားလုံးပါဝင်သည့် နိုင်ငံတော် တည်ဆောက်ရန် ဦးတည်လုပ်ဆောင်ခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေးကို ဦးဆောင်တွန်းလှန်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်း၊ ချင်း၊ ကချင် ခေါင်းဆောင်များနှင့် ၁၉၄၇ တွင် ပင်လုံညီလာခံကျင်းပ၍ သဘောတူညီချက်ရယူကာ စုစည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားများ ဦးဆောင်ပါဝင်လာရန် ကြိုးပမ်းခဲ့သည်။[11] သို့သော် ညီလာခံအပြီး အကြာခင်မှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ကြားဖြတ် အစိုးရအဖွဲ့ဝင်များ လုပ်ကြံခံရပြီး၊ ပင်လုံသဘောတူညီချက်မှာလည်း ပျက်ပြယ်သွားခဲ့ရသည်။

မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သော စစ်အစိုးရအဆက်ဆက်သည် လက်နက်ကိုင်အတိုက်အခံအဖွဲ့အစည်းများကို တိုက်ရိုက်ထိုးစစ်ဆင် တိုက်ခိုက်ခြင်း၊ အပစ်အခတ်ရပ်စဲခြင်းဖြင့် အားနည်းအောင်သွားအောင် တုံ့ပြန် လုပ်ဆောင်ခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ကျော်ရှိပြီဖြစ်သည်။[12] အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် နိုင်ငံရေးဖြေရှင်းမှုများအတွက် ရှေ့ပြေးအဖြစ်ဆိုသည်ထက်၊ စစ်ပိုင်းဆိုင်ရာအရ တိုက်ခိုက်မှုများကို အခိုက်အတန့်အားဖြင့် နားထားခြင်းသာဖြစ်ခဲ့သည်။ သို့သော် ဒေသအတော်များများတွင် အပစ်အခတ်သဘောတူညီချက် ရယူထားခြင်းကြောင့် အစိုးရသည် ၎င်း၏ တိုက်ခိုက်ရေးတပ်ဖွဲ့များကို ပြဿနာဆက်လက်ဖြစ်ပွားနေရာဒေများတွင် ဦးတည်ချထားနိုင်လာသည်။ ကရင်၊ ကယား၊ ရှမ်းနှင့် မွန်ပြည်နယ်များသည် ထိုဒေသများ တွင်ပါဝင်သည်။ တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း(SSA-S)၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်(KNLA)နှင့် ကရင်နီတပ်မတော်(KA)နှင့် အခြားသောအဖွဲ့ငယ်များနှင့် နှစ်ပေါင်းများစွာ တိုက်ပွဲငယ်များ ဆက်ဖြစ်ခဲ့သည်။ အချိန်ကြာမြင့်စွာဖြစ်ပွားလာခဲ့သော တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်မှုများသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ကချင်ပြည်နယ်[13]နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုက်ပွဲမီး ပြန်လည်လောင်ကျွမ်းလာကာ ပို၍ ပြင်းပြင်းထန်ထန်ဖြစ်လာခဲ့သည်။ တိုင်းရင်းသား

11 Between 1989 and 1996 the State Law and Order Restoration Council (SLORC) negotiated ceasefires with 17 organised non-state armed groups in addition to several minor breakaway militia forces. See International Crisis Group, "Myanmar: A New Peace Initiative", *Asia Report No. 214,* 30 November 2011.

12 Between 1989 and 1996 the State Law and Order Restoration Council (SLORC) negotiated ceasefires with 17 organised non-state armed groups in addition to several minor breakaway militia forces. See International Crisis Group, "Myanmar: A New Peace Initiative", *Asia Report No. 214,* 30 November 2011.

13 Reuters, "Myanmar says jets used against Kachin rebels", 3 January 2013.

လက်နက်ကိုင်အဖွဲ့အစည်းများကို လက်နက်ချခိုင်းပြီး၊ အစိုးရထောက်ပံ့ပေးသော လက်နက်ကိုင်၍ ဒေသဆိုင်ရာ တပ်မတော် ကြည်း တပ်မှူးများ၏ ကွပ်ကဲမှု အောက်တွင် နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲရန် လုပ်ဆောင်မှုသည် အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့သည် (နယ်ခြားစောင့်တပ်နှင့် ပတ်သက်၍ အပိုင်း ၆ တွင် အသေးစိတ် ကြည့်ပါ)။
အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)က ဆန့်ကျင်၍ အများက မသမာမှုအဖြစ်[14] ဝေဖန်ရှုံ့ချခဲ့သော ၂၀၁၀ ရွေးကောက်ပွဲ အပြီးတွင် သိန်းစိန်က မတ်လ ၂၀၁၁ တွင် သမ္မတဖြစ်လာခဲ့သည်။ အစိုးရသစ်သည် အမျိုးမျိုးသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ ပြန်လည်စတင် လုပ်ဆောင်လာခဲ့သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်ချိန်တည်းတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန် ဆက်လက်လုပ်နေဆဲဖြစ်သည်။[15]

စက်တင်ဘာ ၂၀၁၁ နှင့် ဧပြီ ၂၀၁၂ ကြားတွင် အစိုးရက မွန်ပြည်သစ်ပါတီ(NMSP)၊ ကရင်နီတိုးတက်ရေးပါတီ(KNPP)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ ကရင်အမျိုးသားအစည်းအရုံးစသော လူမျိုးစုလက်နက်ကိုင်အဖွဲ့ ၁၁ဖွဲ့ နှင့် အကြို အပစ်အခတ်ရပ်စဲရေး ရယူခဲ့သည်။[16] ဇန်နဝါရီလ[17] ၂၀၁၂ တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် အကြိုအပစ်အခတ် ရပ်စဲရေး ရယူခဲ့ပြီး၊ ဧပြီလ ၂၀၁၂ တွင် ဆက်ဆံရေးရုံးဖွင့်ရန်၊ ရွာပုန်းရွာရှောင်များအား ပြန် လည်နေရာချထားပေးရန်၊ မြေမြှုပ်မိုင်းရှင်းလင်းရန်နှင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသော နေရာများတွင် ဖွံ့ဖြိုးရေး အကူအညီများပေးအပ်ခြင်း ကိစ္စများဆောင်ရွက်နိုင်ရည် ရည်မှန်း၍ အစိုးရနှင့် အချက် ၁၄ ချက်ပါ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။[18] အပစ်အခတ်ရပ်စဲရေး ရယူပြီး ၁၁ လ အကြာတွင် နှစ်ဖက်တပ်များ လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းအပေါ် သဘောတူညီချက်ရရန် နှစ်ဖွဲ့စလုံး သုံးကြိမ်တွေ့ဆုံ ခဲ့ကြသည်။[19] KNU အရာရှိများကြား[20] သဘောထားကွဲလွဲမှုများကြောင့် ငြိမ်းချမ်းရေး စကားဝိုင်း ခဏတာ နှောင့်နှေးသွားခဲ့သော်လည်း၊ ဆက်လက်ဆွေးနွေးရန် နှစ်ဖက်စလုံး၏ ရည်မှန်းချက်ပျက်ပြယ်သွားသည့် အခြေအနေ မတွေ့ရပါ။

သို့သော် အချို့သဘောတူညီချက်များသည် ပျက်ပြယ်လုနီးပါး အခြေအနေကို တွေ့ခဲ့ရပြီး၊ ၂၀၁၂ အတွင်းတွင် တပ်မတော် ကြည်း နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း(SSA-N)၊ ရှမ်းပြည်တပ်မတော် တောင်ပိုင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)တို့ကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။[21] ဇွန်လ ၂၀၁၂ တွင် ရခိုင်အမျိုးသမီးတစ်ဦးအား မွတ်ဆလင် အမျိုး သားသုံးဦးက မေလ ၂၈ ရက်တွင် အဓမ္မပြုကျင့်သည့် သတင်းထွက်ပေါ်လာပြီးနောက်တွင် မြန်မာပြည်အနောက်ဖက်ပိုင်းရှိ ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာ ရခိုင်လူမျိုးများနှင့် မွတ်ဆလင်ဘာသာ ရိုဟင်ဂျာ (ရိုဟင်ဂျာမဟုတ်သည့် မွတ်ဆလင်များလည်းပါဝင်သည်) ကြား ဘာသာရေး ဆိုင်ရာ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုအဓိကရုဏ်းကြောင့် လူဦးရေ ၁၁၀၀၀၀ ကျော် အိုးအိမ်မဲ့အဖြစ်

---

14 The military-backed Union Solidarity and Development Party (USDP) won the majority of parliamentary seats up for contention amidst international concern regarding restrictive electoral laws, voter intimidation and lack of impartial observers, drawing strong criticism from the UN and various member states (UN General Assembly, Resolution adopted by the General Assembly [on the report of the Third Committee (A/66/462/Add.3)], Situation of Human Rights in Myanmar, UN Doc. A/RES/66/230, 3 April 2012).

15 ၂၀၁၁ခုနှစ် ဇွန်လတွင် နှစ်ဘက်အကြား တိုက်ပွဲများ ဖြစ်ပေါ်ပြီးနောက် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)နှင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးသည် အဆုံးသတ်သွားခဲ့သည်။ လွန်ခဲ့သည့်နှစ်တွင် ကချင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများသည် လူ့အခွင့်အရေးများ ချိုးဖောက်မှု မှန်မှန် တိုးတက်များပြားလာမှုနှင့်အတူ တရွေ့ရွေ့ အရှိန်မြင့်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တိုက်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ ကချင်နှင့် မြန်မာနိုင်ငံ၏ ရှမ်းပြည်မြောက်ပိုင်းတို့တွင် အရပ်သား ၇၅၀၀၀ ကျော်ခန့် နေရာများရွှေ့ပြောင်းကြရပြီး နောက်ထပ် လူများစွာသည် နေ့စဉ် လုံခြုံမှုမရှိသည့်နေရာများသို့ ဆက်လက် ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

16 International Crisis Group, "Reform in Myanmar: One Year On", *Asia Briefing No. 136*, 11 April 2012.

17 "Govt, KNU sign ceasefire", *Myanmar Times*, 16–22 January 2012; "KNU, Govt Reach Historic Agreement", *The Irrawaddy*, 12 January 2012.

18 See Report of the UN Special Rapporteur on the situation of human rights in Myanmar, UN Doc. A/67/383, 25 September 2012, paragraph 45.

19 "Burma government, KNU agree to ceasefire code of conduct", *Mizzima News*, 5 September 2012; KNU and "Govt need more time to finalize ceasefire code of conduct", *Karen News*, 7 September 2012.

20 KNU မှ ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် အထက်အရာရှိခေါင်းဆောင် သုံးဦးကို အခြား KNU ဗဟို ကော်မတီဝင်များထံမှ ခွင့်ပြုချက်မရယူဘဲ ကရင်ပြည်နယ်၏ မြို့တော် ဘားအံတွင် ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းဖြင့် အဖွဲ့အစည်း၏ သဘောတူညီချက်စာချုပ်ကို ချိုးဖောက်သည့်အတွက် ရာထူးမှ ဖြုတ်ချခဲ့သည်။

21 UNHCR, "UNHCR concerned about welfare of Kachins sent back from China", 10 September 2012, http://www.unhcr.org.

22 See for instance, Human Rights Watch, "The Government Could Have Stopped This: Sectarian Violence and Ensuing Abuses in Burma‟s Arakan State", 1 August 2012.

23 ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့တွင် အဖွဲ့ဝင် ၁၁ ဦးပါသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဗဟိုကော်မတီကို သမ္မတက သဘာပတိအဖြစ် တာဝန်ယူပြီး ဖွဲ့စည်းခဲ့သည်။

ရှောင်ပုန်းခဲ့ကြရသည်။ ၎င်းတို့ အထဲတွင် ရိုဟင်ဂျာလူမျိုးစု အများဆုံးဖြစ်သည်။ အိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော မွတ်စလင်များကို လူသားချင်းစာနာမှုဆိုင်ရာ အရ အကူအညီပေးရန် အစိုးရက တားဆီးပိတ်ပင်ခဲ့ခြင်းကြောင့် မွတ်စလင်လူထုအများအပြားသည် အစားအစာ၊ ခိုလှုံရန်နေရာနှင့် ကျန်းမာ ရေး ဆိုင်ရာအကူအညီများ ကင်းမဲ့သည့် အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ခဲ့ရသည်။[22]
ထိုသို့သော ဆိုးရွားသည့်အဖြစ်အပျက်များကြောင့် ရှေ့ဆက်ရန်အတွက် အဟန့်အတားဖြစ်ခဲ့သော်လည်း သိန်းစိန်အစိုးရသည် ငြိမ်းချမ်းရေး အတွက် ရည်ရွယ်ချက် ခိုင်ခိုင်မာမာဖြင့် လုပ်ဆောင်လျှက်ရှိကြောင်း သက်သေအများအပြားရှိသည်။[23] ဤစာရေးနေချိန်အတွင်းတွင် အစိုးရနှင့် နိုင်ငံတကာ၏ပံ့ပိုးမှုဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းများ လုပ်ဆောင်နေလျှက်ရှိသည်။ ဥရောပသမဂ္ဂ ငွေကြေးပံ့ပိုး၍ မြန်မာအစိုးရ ဖွဲ့စည်းထားသော မြန်မာငြိမ်းချမ်းရေးစင်တာသည် ဆွေးနွေးပွဲပြုလုပ်ရန် နေရာဖြစ်ပြီး၊ နိုင်ငံတော်မှဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ (Peace Making Committee) ၏ တာဝန်ခံအဖြစ်ဆောင်ရွက်ပြီး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ပံ့ပိုးသည့် အလှူရှင်များအဖွဲ့(Peace Donor Support Group) ကို ဖွဲ့စည်းထားသည့် နိုင်ငံတကာမှ သက်ဆိုင်သူများ၏ တာဝန်ခံအဖြစ်လည်း ဆောင်ရွက်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှု များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စွမ်းရည်မြှင့်အစီအစဉ်များ လုပ်ဆောင်ပေးလျှက်ရှိသော အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာငြိမ်းချမ်းရေးပံ့ပိုးကူညီသည့်အဖွဲ့ (IPSG) လည်း မြန်မာငြိမ်းချမ်းရေးစင်တာနှင့် ပူးပေါင်း ဆောင်ရွက်မှုရှိသည်။[24] မြန်မာငြိမ်းချမ်းရေးစင်တာသည် ချမှတ်ထားသည့် အဆင့်နှစ်ဆင့်ပါ လုပ်ငန်းစဉ် အရ တိုင်းရင်းသား အဖွဲ့အစည်း များအားလုံးနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရယူရန် ဆောင်ရွက်ပြီး၊ ထို့နောက် ယင်းအဖွဲ့များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး မှုများ ပြုလုပ်သွားရန်ဖြစ်သည်။ အပစ်အခတ်ရပ် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် လက်နက်ချရေး၊ စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခြင်း နှင့် ပြန်လည်ပေါင်းစည်းအသားကျစေခြင်း(DDR) နှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု(SSR) အရေးများကို အာရုံစိုက် ဖြေရှင်းရန်ဖြစ် သည်။[25] မြန်မာ (ယခင်က နော်ဝေးဟု သိထားသော) ငြိမ်းချမ်းရေး ဖေါ်ဆောင်မှု လုပ်ငန်းစဉ်သည် အပစ်အခတ်ရပ်စဲမှု ရရှိခဲ့သော ဒေသသစ် များတွင် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီလုပ်ငန်းများ စမ်းသပ်လုပ်ဆောင်နေပြီ ဖြစ်သည်။

မြန်မာပြည် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မှတ်ချက်ပေးသည့်အတိုင်း လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်နေသည့် ကလေး များကို ဖော်ထုတ်ကာ လွှတ်ပေးခြင်းကိစ္စအပါအဝင် ယင်း နိုင်ငံရေးဆွေးနွေးမှုများသည် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ဖွယ်ကိစ္စများကို အလေး ထားလုပ်ဆောင်သင့်သည်။[26] ဒီဇင်ဘာလ ၂၀၁၂ တွင်မြန်မာငြိမ်းချမ်းရေးစင်တာက ကလေးစစ်သားစုဆောင်းခြင်း အဆုံးသတ်ရန်နှင့် တားဆီး ကာကွယ်ရန်ကိစ္စကို လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ကလေး စစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ထံ ကတိပေးပြောကြားခဲ့သည်။[27]

ပဋိပက္ခဖြေရှင်းဆောင်ရွက်ရေးအတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပါဝင်လာမှုနှင့်အတူ ရွေးကောက်ပွဲအပြီး လွှတ်တော်တွင်းသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဝင်ရောက်လာမှုသည် ယခင် အာဏာရှင်လက်ထက်တွင် လုပ်ဆောင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များထက် လက်ရှိ အခင်းအကျင်းတွင် လုပ်ဆောင်နေမှုသည် ပို၍ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးဘက်သို့ ဦးတည်နေသည့် အထောက်အထားများ တွေ့နိုင်သည်။

24 ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို ပံ့ပိုးသည့် အလှူရှင်များအဖွဲ့တွင် နိုင်ငံတကာအစိုးရများ၊ ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂတို့ကဲ့သို့ ဘက်ပေါင်းစုံ (အစိုးရနှင့်အရပ်သား) အဖွဲ့အစည်းများ ပါဝင်သည်။ နိုင်ငံတကာ ငြိမ်းချမ်းရေးပံ့ပိုးကူညီသည့်အဖွဲ့သည် နိုင်ငံတကာ NGO အဖွဲ့အစည်း ၂၀ ကျော်တို့၏ ရင်းနှီးဖော်ရွေစွာ ညှိနှိုင်းရေး ကွန်ယက်တစ်ခုဖြစ်သည်။
25 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း၊ မြန်မာငြိမ်းချမ်းရေးစင်တာ၊ ရန်ကုန်၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၈ ရက်။
26 Report of the UN Special Rapporteur on the situation of human rights in Myanmar, UN Doc. A/67/383, 25 September 2012, paragraph 47.
27 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း၊ မြန်မာငြိမ်းချမ်းရေးစင်တာ၊ ရန်ကုန်၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၈ ရက်။
28 UN Development Programme (UNDP), *Myanmar Country Profile: Human Development Indicators*, 2011.
29 UN Human Rights Council, Progress report of the Special Rapporteur on the situation of human rights in Myanmar, UN Doc. A/HRC/19/67, 7 March 2012, paragraph 47.
30 ကျေးလက်ဒေသတွင် လူဦးရေ၏ ၃၄ ရာခိုင်နှုန်းက လျှပ်စစ်မီးကိုရရှိကြပြီး မြို့ပြလူဦးရေ၏ ၈၉ ရာခိုင်နှုန်းက ရရှိသည်။ ကျေးလက်ဒေသတွင်နေထိုင်သူလူဦးရေ၏နှစ်ဆသည် စားနပ်ရိက္ခာ ဆင်းရဲမှုလိုင်းအောက်တွင်ရှိနေသည်။ [အလွန်အမင်း ဆင်းရဲမွဲတေမှု ညွှန်းကိန်းတစ်ခု] (ကုလသမ္မဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၊ *မြန်မာနိုင်ငံရှိ ဘက်စုံ အိမ်ထောင်စုနေထိုင်မှုအခြေအနေများ စစ်တမ်း၊* ၂၀၀၉-၂၀၁၀)။
31 See for instance: Vikram Nehru, “Myanmar‟s Five Economic Priorities”, *Carnegie Endowment for International Peace*, 23 April 2012, http://carnegieendowment.org.

## ၃.၂ လူမှုစီးပွားဆိုင်ရာ နောက်ခံအခြေအနေ

မြန်မာနိုင်ငံသည် ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံများထဲမှ အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၂၀၁၁ တွင် ကုလသမဂ္ဂက မြန်မာနိုင်ငံအား ၎င်း၏ လူသားဖွံ့ဖြိုးမှုစံနှုန်းသတ်မှတ်ချက်တွင် ၁၈၇ နိုင်ငံရှိသည့်အနက် ၁၄၉ အဆင့်နေရာတွင်ရှိကြောင်း သတ်မှတ်ထားသည်။ ယင်းအဆင့်သည် ၂၀၁၀ တွင်း ၁၃၂ အဆင့်တွင် ရှိနေရာမှ လျော့ကျသွားခြင်းဖြစ်သည်။ ကျန်းမာရေးအခြေအနေမှ ဝင်ငွေနှင့် ပညာရေးစသည့် အမျိုးမျိုးသော ရည်ညွှန်းကိန်းများပေါ်အခြေခံ၍ တွက်ချက်ထားမှုတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနှုန်းသည် ဒေသဆိုင်ရာနှင့် ဒေသဆိုင်ရာ အဆင့်အောက် အလွန်နောက်ကျကျန်နေကြောင်းတွေ့ရသည်။[28] သမ္မတဦးသိန်းစိန်သည် တာဝန်စထမ်းဆောင်ချိန်မှစ၍ ဆင်းရဲမှုပပျောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်ရေးတို့ လုပ်ဆောင်ရန် ကတိပေးခဲ့ပြီး၊ ၂၀၁၅ တွင် ဆင်းရဲမှု ၁၆ ရာခိုင်နှုန်း လျှော့ချရန် ရည်ရွယ်၍ ကျေးလက်နေ ပြည်သူများဆင်းရဲမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ် (၂၀၁၁-၂၀၁၅) ကို စတင်လုပ်ဆောင်ခဲ့သည်။[29] **UNDP** ၏ ၂၀၀၉-၂၀၁၀ စစ်တမ်းအရ လူဦးရေ၏ ၂၅ ရာခိုင်နှုန်းသည် ဆင်းရဲမှုမျဉ်းအောက် ရောက်ရှိနေသည်ဟုဆိုသည်။ မြို့ပြဒေသ၏ ဆင်းရဲမှုမှာ (၁၅ ရာခိုင်နှုန်း)ရှိပြီး၊ ၎င်းနှင့် နှိုင်းယှဉ်လျှင် ကျေးလက်ဒေသတွင် (၂၉ ရာခိုင်နှုန်း)ဖြင့် နှစ်ဆခန့် ပိုမိုမြင့်မားနေမှုသည် မြို့ပြနှင့် ကျေးလက်ဒေသကြားတွင် စီးပွားရေးအရ မညီမျှမှု ကြီးမားစွာ ရှိနေကြောင်း ရှိနေကြောင်းတွေ့ရသည်။[30]

မကြာသေးမီက စီးပွားရေးတိုးတက်မှုကြောင့် ထွက်ပေါ်လာမည့် လူမှုဆိုင်ရာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုများသည် အထူးသဖြင့် လူနည်းစုတိုင်းရင်းသားများနေထိုင်သော ဒေသများတွင် လုံလောက်မှုမရှိသောကြောင့် ကျေနပ်ဖွယ်ဖြစ်စေမည် မဟုတ်ကြောင်း စိုးရိမ်မှုများရှိနေသည်။[31] အထူးသဖြင့် အစိုးရက ကျေးလက်ဒေသများရှိ သဘာဝအရင်းအမြစ်များကို ထုတ်ယူရန် စိတ်ဝင်စားမှု ကြီးထွားလာခြင်းနှင့် စီးပွားမနပိုင်ဆိုင်လိုသောကြောင့် ကျေးလက်နေလူထုနှင့် ဗဟိုအစိုးရကြားတင်းမာမှုပိုမိုမြင့်မားလာသည်။[32] နိုင်ငံတွင်းရှိ ကြွယ်ဝသော သဘာဝသယံဇာတများကို အများအပြားထုတ်ယူသည့် စီမံကိန်းများကြောင့် ဒေသခံလူထုအတွင်း အလုပ်အကိုင်ဆုံးရှုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အရင်းအမြစ်များ ဆုံးရှုံးမှု ဖြစ်ပေါ်စေသည်ကို လူမျိုးစုခေါင်းဆောင်များ အထူးစိုးရိမ်ကြသည်။[33]

မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ၁၉၉၀ တွင် ၆.၀ ရာခိုင်နှုန်း၊ ၂၀၁၀ တွင် ၅.၇ ရာခိုင်နှုန်းရှိရာမှ ၂၀၁၁ တွင် ၅.၅ ရာခိုင်နှုန်းထိ လျော့ကျသွားသည်။[34] ယင်းခြေအနေအောက်တွင် မြန်မာစစ်တပ်မှ အရပ်သား များအပေါ် အဆိုးဝါးဆုံးသော အခွင့်အရေးချိုး ဖောက်မှု တစ်ခုမှာ လုပ်ခမပေးပဲ အတင်းအဓမ္မ ခိုင်းစေမှု ဖြစ်သည်။[35] မတ်လ ၁၆ ရက် ၂၀၁၂ တွင် မြန်မာအစိုးရက အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုကို ၂၀၁၅ တွင် အဆုံးသတ်ရန် ကတိဖြင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့( ILO) နှင့် သဘောတူညီချက်အသစ် ရယူခဲ့ သည်။

---

32 ၂၀၁၂ခုနှစ် ဒီဇင်ဘာတွင် တရုတ်လက်နက်ထုတ်လုပ်သူ နိုရင်းကိုနှင့် မြန်မာစစ်တပ်တို့အကြား ဖက်စပ်လုပ်ငန်းတစ်ခု ဖြစ်သည့် သတ္တုတူးဖော်ရေးလုပ်ငန်း ချဲ့ထွင်ရန်လမ်းထွင်ရန်အတွက် ဒေသခံလူများအား ၎င်းတို့၏ မြေနေရာများမှ အဓမ္မနှင်ထုတ်သည်စွပ်စွဲခံရမှုအတွက် ကြေးနီတူးဖော်ရေးလုပ်ငန်းကို ကန့်ကွက်ဆန့်ကျင်မှုအတွက် နိုဝင်ဘာလတွင် အာဏာပိုင်များက နှိမ်နင်းမှုအတွက် ထပ်မံတောင်းပန်မှုပြုလုပ်ရန် ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးများက မြန်မာနိုင်ငံတစ်ဝှမ်းတွင် လူထုစည်းရုံးခြင်းများကို ပြုလုပ်ခဲ့သည်။

33 Transnational Institute, “Financing Dispossession, China‟s Opium Substitution Program in Northern Burma”, 21 February 2012.

34 CIA, *The World Factbook*, May 2012.

35 See for instance: Human Rights Watch, “Dead Men Walking, Convict Porters on the Frontline in Eastern Burma”, 13 July 2011

36 ၂၀၁၂ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် စစ်တပ်က နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း၏ ၁၄.၄ ရာခိုင်နှုန်းကို ရရှိသည် (ကာကွယ်ရေးရသုံးမှန်းခြေငွေစာရင်း (မြန်မာ)၊ IHS Jane ၏ ကာကွယ်ရေးနှင့် လုံခြုံရေး စစ်ဆေးရေးနှင့် သုံးသပ်ချက်)။

37 Committee on the Rights of the Child, Concluding Observations on the combined third and fourth report of Myanmar under the Convention on the Rights of the Child, UN Doc. CRC/C/MMR/CO/3-4, 14 March 2012, paragraphs 17–18.

38 “Burma‟s Minister of Finance presents budget to parliament”, *The Irrawaddy*, 31 January 2012.

39 UN Economic and Social Commission for Asia and the Pacific, “Statistical Yearbook for Asia and the Pacific, 2009–2010”.

40 Progress report of the Special Rapporteur on the situation of human rights in Myanmar, UN Doc. A/HRC/19/67, 7 March 2012.

41 Report of the UN Special Rapporteur on the situation of human rights in Myanmar, UN Doc. A/67/383, 25 September 2012.

42 In secondary education, net enrolment increased from 35.6 per cent to 50.8 per cent (UN Economic and Social Commission for Asia and the Pacific, op.cit.).

43 Save the Children, “What We Do in Myanmar (Burma)”, 2009–2010.

44 Committee on the Rights of the Child, Concluding Observations on the combined third and fourth report of Myanmar under the Convention on the Rights of the Child, UN Doc. CRC/C/MMR/CO/3-4, 14 March 2012, paragraph 75.

ကလေးများအတွက် ပညာရေးနှင့် ကျန်းမာရေးအတွက် အစိုးရ၏ ငွေကြေးသုံးစွဲမှုသည် စစ်ရေးအတွက် အစိုးရငွေကြေးသုံးစွဲမှု[36]သည် အဆမတန် နည်းပါးနေသည်။ ယင်းအချိုးမညီမှုကို ကုလသမဂ္ဂ၏ ကလေး အခွင့်အရေးဆိုင်ရာ ကော်မတီ (**CRC**) က ထောက်ပြပြီး၊ အစိုးရကို အာရုံစိုက်ဆောင်ရွက်ရန် တွန်းအားပေးခဲ့သည်။[37] ၂၀၁၂ တွင် ကျန်းမာရေးနှင့် ပညာရေးအတွက် အစိုးရ၏ ယေဘုယျသုံးစွဲငွေမှာ ယမန်နှစ် ၅.၄ ရာခိုင်နှုန်းရှိရာမှ ၇.၅ ရာခိုင်နှုန်းသို့ တက်သွားသည်။[38] အဟာရချို့တဲ့ခြင်း၊ မွေးကင်းစကလေး သေဆုံးမှုနှုန်း၊ ကိုယ်ဝန်ဆောင်စဉ် မိခင်သေဆုံးမှုနှင့် ကုသနိုင်သောရောဂါဖြင့် သေဆုံးမှုများကို တားဆီးကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် အစိုးရသည် ကလေး ကျန်းမာရေး စီမံကိန်းဗျူဟာ (၂၀၁၀-၂၀၁၄) နှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေး စီမံကိန်းဗျူဟာ (၂၀၀၉-၂၀၁၃) များ ချမှတ်ဆောင်ရွက်ခဲ့သည်။ လူထု၏ မျှော်မှန်းနိုင်သော သက်တမ်း အနည်းငယ်တိုးတက်လာမှု၊ မွေးကင်းစကလေးသေဆုံးမှုနှုန်းနှင့် ကိုယ်ဝန်ဆောင်စဉ် မိခင်သေဆုံးမှုနှုန်း အနည်းငယ် ကျဆင်းသွားမှုသည် တိုးတက်မှုအချို့ရှိလာကြောင်းဖော်ပြနေသည်။[39] သို့သော် ကျန်းမာရေးစနစ်မြှင့်တင်ရန်၊ ဆေးဝါးထောက်ပံ့မှု မြင့်မားစေရန်၊ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းအရေအတွက် တိုးမြှင့်လာစေရန်နှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ဆောင်မှုများတွင် သုံးစွဲရန် အစိုးရ၏ ၂၀၁၂ ခုနှစ်တွင်း အဆိုပြုချက်သည် တစ်နိုင်ငံလုံး ဘတ်ဂျက်ငွေ၏ ၂ ရာခိုင်နှုန်းသာရှိသည်။[40]

အစိုးရက ပညာရေးကို ပြုပြင်ပြောင်းလဲရန် ရည်မှန်းချက်နှင့် ပညာရေးအတွက် သုံးစွဲငွေကို ၂.၉၃ ရာခိုင်နှုန်းမှ ၄.၉၁ ရာခိုင်နှုန်းထိ ၂၀၁၂ တွင် တိုးမြှင့်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။[41] လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း[42] အရွယ်ရောက်ပြီး ကျောင်းတက်သူ ရာခိုင်နှုန်း မြင့်တက်သွားသော်လည်း အရည်အသွေးမြင့်ပညာရေးကို ရယူရန် အကန့်အသတ်များပြားနေဆဲဖြစ်သည်။ မသင်မနေရပညာရေး ၅တန်းတွင် ပြီးဆုံးကာ မူလတန်းကျောင်းတွင် ကျောင်းထွက်သွားသည့် ရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းရှိသည်။[43] ကျောင်းသားမိဘများ သွယ်ဝိုက်သောအားဖြင့် ကျောင်းနေစရိတ် ပေးဆောင်ကြရပြီး၊ လစာနည်းပါးမှုကြောင့် ကောင်းမွန်စွာ သင်ကြားပေးနိုင်သော ဆရာ၊ဆရာမများ လုံလောက်မှုမရှိပါ။ ထို့ပြင် လူနည်းစုတိုင်းရင်းသားများ နေထိုင်ရာ ဒေသများတွင် (သင်ကြားဆရာနှင့် သင်ထောက်ကူပြုပစ္စည်း မလုံလောက်မှု)နှင့်အတူ ပညာရေးပံ့ပိုးမှု မရှိပါ။[44]

ဆင်းရဲနွမ်းပါးသော ကလေးများတွင် ကလေးလုပ်သား ၁၈ ရာခိုင်နှုန်းဖြင့် ကလေးလုပ်သား ရာခိုင်နှုန်းမြင့်မားနေခြင်းသည် နဂို နိမ့်ကျနေသော ကျောင်းတက်မှုရာခိုင်နှုန်းကို ပိုဆိုးဝါးစေသည်။[45] လုပ်ခ အနည်းငယ်အတွက် နာရီပေါင်းများစွာနှင့် ပင်ပန်းခက်ခဲစွာ အလုပ်လုပ်ရသော စက်ရုံများ၊ လက်ဖက်ရည်ဆိုင်များနှင့် အခြားလုပ်ငန်းခွင်များတွင် ကလေးများ အလုပ်လုပ်ကြရသည်။[46]

ပညာရေးကို ထိခိုက်စေသည့် ယင်းအချက်များသည် လက်နက်ကိုင်ပဋိပက္ခနှင့် အစိုးရ၏ ဥပက္ခာပြုထားမှုကြောင့် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်းနှင့် ကူညီပံ့ပိုးမှုရရှိရန် ပို၍ခက်ခဲစေကာ ပညာရေးကွာဟမှု ကြီးမားစွာ ဖြစ်ပေါ်စေသည်။ ဥပမာ ယေဘုယျအားဖြင့် အလယ်တန်းပညာရေးကို တစ်နိုင်ငံလုံး အတိုင်းအတာ အထိ တက်ရောက်သည့် ရာခိုင်နှုန်းသည် ၃၄ ရာခိုင်နှုန်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာ ပညာရေး ကွာဟမှုကို ပြန်လည်သုံးသပ်ရာတွင် တွေ့ရှိချက်မှာ ကျေးလက်ဒေသတွင် အလယ်တန်းပညာရေးကို သင်ယူသူ ၂၄ ရာခိုင်နှုန်းသာရှိပြီး၊ မြို့ပြဒေသရှိ ကျောင်းသားများ အလယ်တန်းပညာတက်ရောက်မှုနှုန်းမှာ ၆၁ ရာခိုင်နှုန်းရှိသည်။[47] ပညာရေး၊ စာတတ်မြောက်မှုနှင့် အမြင့်ဆုံးထိ ပြီးမြောက်ထားသော ပညာရေးကဏ္ဍများ တွင်လည်း ထိုနည်းတူ ကွာဟမှုများကို တွေ့ရမည် ဖြစ်ပါသည်။

45 “Children in Myanmar”, UNICEF Myanmar. http://www.unicef.org.
46 “Children in Myanmar”, op.cit.
47 ကျောင်းအဆောက်အဦနှင့် ၁နာရီကြာ လမ်းလျှောက်ရသည့် နေရာတွင် နေထိုင်ခြင်းဟု “လက်လှမ်းမီမှု”ကို အဓိပ္ပာယ်ဖွင့်သည် (ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်၊ " မြန်မာနိုင်ငံရှိ ဘက်စုံ အိမ်ထောင်စု နေထိုင်မှု အခြေအနေများ စစ်တမ်း၊၂၀၀၉-၂၀၁၀")။

## ၄. ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်းနှင့် တိုက်ပွဲများတွင် အသုံးပြုခြင်းကို ဥပဒေအရ ကာကွယ်ပေးခြင်း

လက်နက်ကိုင် တပ်ဖွဲ့များက (အသက် ၁၈ နှစ်အောက်) ကလေးများအား စစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ဥပဒေအရ တားမြစ်ထားသည်။ ကလေးများကို ကာကွယ်ပေးရန် ဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း မြန်မာအစိုးရသည် ဤကိစ္စနှင့် ပတ်သက်၍ ၎င်း ၏ တာဝန်ဝတ္တရားများကို ခိုင်မာစေမည့် နိုင်ငံတကာစံနှုန်းများစွာကို အတည်ပြု လက်မှတ်ရေးထိုးရန် ပျက်ကွက်ခဲ့ပါသည်။ ၂၀၁၂ ခု ဇွန်လတွင် မြန်မာအစိုးရက ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းသည် အသက်မ ပြည့်သေးသော ကလေးများအား စစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို အဆုံးသတ်ရန် အထင်ကရ ကတိပြုလိုက်ခြင်းဖြစ်သည်။

### နိုင်ငံတကာ စံနှုန်းများ

မြန်မာနိုင်ငံသည် ကလေးအခွင့်အရေးကို ကာကွယ်ရန် ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ်အပြင် ကလေး များ စစ်ပွဲတွင် တိုက်ရိုက်ပါဝင်ခြင်းမှ ကာကွယ်ပေးမည့် (အပိုဒ် ၃၈) ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ကလေးအခွင့်အရေး ကာကွယ်ခြင်းလုပ်ငန်း အကောင်ထည် ဖော်ဆောင်ရွက်ရန် ကတိပြုခဲ့သည်။ သို့သော် တရားမဝင် ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်ရန်အတွက် ရည်ရွယ်၍ အစိုးရများ လိုက်နာဆောက်ရွက်ရမည့် ဝတ္တရားများပါဝင်သည့် မူရင်းကလေးအခွင့်အရေးစာချုပ်၏ နောက်ဆက်တွဲဖြည့်စွက်ချက်ဖြစ်ပြီး မိမိဆန္ဒသဘောအရ လိုက်နာ ဆောင်ရွက်ရန် ကတိပြုလက်မှတ်ထိုးရသည့်စာချုပ် (Optional Protocol to the Convention on the Rights of the Child) ကို လိုက်နာရန် လက်မှတ်ထိုး အတည်ပြုထားခြင်း မရှိသေးပါ။ (ထိုနောက်ဆက်တွဲဖြည့်စွက်ချက်သည် ၂၀၀၂ တွင်စတင် အသက်ဝင်သည်)။ အဓမ္မလုပ်အားပေးခိုင်းစေမှုဆိုင်ရာ ILO ၏ သဘောတူညီချက် ၂၉ ကို လိုက်နာဆောင်ရွက်ရန် ကတိပြုထားသော်လည်း၊ အလုပ်လုပ်ခွင့်ပြုသည့် အနိမ့်ဆုံးအသက်နှင့် ပတ်သက်သည့် ILO ၏ သဘောတူညီချက်စာချုပ် ၁၃၈ နှင့် အဆိုးဝါးဆုံးသော ကလေးလုပ်သားခိုင်းစေမှု တားမြစ်ခြင်းနှင့် တားဆီးရန် ချက်ချင်းလုပ်ဆောင်ရမည့် ဝတ္တရားပါစာချုပ်ဖြစ်သည့် ILO ၏ သဘောတူညီချက် စာချုပ် ၁၈၂ ကို လိုက်နာဆောင်ရွက်ရန် အတည်ပြု လက်ခံထားခြင်းမရှိသေးပါ။ စစ်ရာဇဝတ်မှုမြောက်သည့် အသက် ၁၅ နှစ်အောက် ကလေးငယ်များကို လက်နက်ကိုင်တပ်ဖွဲ့များအသွင်းသို့ ဖမ်းဆီးသိမ်းသွင်းခြင်း၊ တပ်မတော်အတွင်း အမှုထမ်းစေခြင်းနှင့် စစ်ပွဲများတွင် ပါဝင်စေခြင်းများကို ရာဇဝတ်မှု အဖြစ်သတ်မှတ်ကာ အပြစ်ပေးရန် နိုင်ငံများလိုက်ရမည့် ဝတ္တရားပါရှိသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ Rome Statue အဖွဲ့ဝင်နိုင်ငံလည်း မဟုတ်ပါ။ မြန်မာနိုင်ငံသည် ၁၉၄၉ ဂျီနီဗာသဘောတူစာချုပ် ( Geneva Convention) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲ ဖြည့်စွက်ချက်များကို အတည်ပြုလက်မှတ်ထိုးထားခြင်း မရှိပါ။

မြန်မာတပ်မတော် ကာကွယ်ရေးနှင့် စစ်ကောင်စီ၏ ညွှန်ကြားချက် အမှတ် ၁၃/၇၃ (၁၉၇၄) ပြဌာန်းချက်က အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားစုဆောင်းကာ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ဝင်ရောက်စေခြင်းကို တားမြစ်ထားသည်။ လက်ရှိဥပဒေအရ စစ်သားစုဆောင်းခြင်းသည် မိမိဆန္ဒအလျောက် လုပ်ဆောင်နေသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ (ပြည်သူ့ စစ်မှုထမ်းဥပဒေဟုလည်းသိကြသည်)က အစားထိုးလိုက်သော ၁၉၅၉ ပြည်သူ့စစ်အက်ဥပဒေတွင် နိုင်ငံ့ဦးသျှောင်က အကြောင်းကြားလာလျှင် အသက် ၁၈ နှစ် ပြည့်ပြီးသူများ စစ်မှုမထမ်းမနေရ ဥပဒေကို လိုက်နာရမည်ဟု ပြဌာန်းထားသည်။ ၁၉၅၉ အက် ဥပဒေကို မည်သည့်အခါမျှ အကောင်အထည်မဖော်ခဲ့ပါ။ ၂၀၁၀ ဥပဒေကိုလည်း အသုံးမပြုသေးချေ။

မြန်မာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၄ တွင် အဓမ္မခိုင်းစေမှုကို ပြစ်မှုအဖြစ် သတ်မှတ်ထားပြီး ″ မည်သူကိုမဆို ထိုသူ၏ ဆန္ဒနှင့် ဆန့်ကျင်၍ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်းသည် ရာဇဝတ်မှုမြောက်ပြီး၊ ထောင်ဒဏ် ၁၂ လ (သို့) ဒဏ်ငွေ (သို့) နှစ်မျိုးစုလုံးကျခံစေရမည်။″ ဟု ဆိုထားသည်။ ကလေးများကို လက်နက်ကိုင် တပ်ဖွဲ့များသို့ အတင်းအဓမ္မ စုဆောင်းယူသည့် ပြစ်မှုသည် ဤ ပြစ်မှုဆိုင်ရာ ပြဌာန်းချက်နှင့် ကိုက်ညီသည်။ အမိန့်စာ ၁/၉၉ နှင့် ထပ်မံဖြည့်စွက်ချက် ၁/၉၉ တွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ

နှင့် အခြားသော နိုင်ငံဝန်ထမ်းအဖွဲ့များက တားမြစ်ထားသောကလေးများအား အတင်းလုပ်အား ပေးခိုင်းစေမှုကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြန်မာပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၄ ဖြင့် အရေးယူခံရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

၁၉၉၃ တွင် ကလေးသူငယ် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၀၁ တွင် ၎င်းနှင့် သက်ဆိုင်၍ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ ချမှတ်ခဲ့သည်။[48] ယင်း ဥပဒေတွင် ကလေးများကို ညှဉ်းပမ်းခြင်း၊ ခြိမ်းခြောက်ခြင်းနှင့်ဆိုင်သော ပြစ်မှု၊ ကျန်းမာရေး ထိခိုက်စေသော၊ အန္တရာယ်များပြီး ဘေးဥပဒ် ဖြစ်သောအလုပ်များကို လုပ်ကိုင်စေခြင်းဆိုင်ရာ ပြစ်မှုများကို ဖွင့်ဆိုထားသည်။ သို့သော် ယင်း ကလေးသူငယ် ဥပဒေတွင် အသက် ၁၆ နှစ်အောက်ရှိသူများကိုသာ ကလေးသူငယ် အဖြစ်သတ်မှတ်ထားပြီး။ အသက် ၁၆ နှင့် ၁၈ ကြားရှိသူများကို ″ လူငယ်″ အဖြစ် သတ်မှတ်ထားသည်။ ကလေးအခွင့်အရေးဆိုင်ရာ ကော်မတီက ထိုပြဋ္ဌာန်းချက်များနှင့် ဆိုင်၍ စိုးရိမ်မှုများကို တင်ပြထားပြီး၊ ၁၉၉၃ ကလေးသူငယ် ဥပဒေကို ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ် (Convention on the Rights of the Child)၊ နိုင်ငံတကာစံနှုန်းများနှင့် အညီဖြစ်စေရန် UNICEFနှင့် နိုင်ငံတကာဥပဒေ ကျွမ်းကျင်သူများထံမှ နည်းပညာဆိုင်ရာ အကူအညီဖြင့် ပြန်လည်သုံးသပ် ပြင်ဆင်နေသည်။[49]

## ၅. မြန်မာ အမျိုးသား တပ်မတော် - တပ်မတော်(ကြည်း)- က အသက်မပြည့်သေးသူများကို စစ်သားအဖြစ်စုဆောင်းခြင်း

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ မကြာသေးမီက ပြုလုပ်ခဲ့သော်လည်း တပ်မတော□[1]သည် မြန်မာနိုင်ငံတွင် အာဏာရှိ အဖွဲ့အစည်းအဖြစ် ရပ် တည်နေသေးသည်။ ၄၀ ရာခိုင်နှုန်းကျော် တပ်မတော်သားများသည် အင်အားကြီးမားသည့် တပ်မတော်ကြည်း (မြန်မာစစ်တပ်) တပ်ဖွဲ့ ဝင်များ ဖြစ်ပြီး၊ လစာနည်းပါးမှုနှင့် နိမ့်ကျသော တပ်တွင်းအခြေအနေကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျဆင်းခြင်းနှင့် အင်အားကျဆင်းမှု ဖြစ်ပေါ် နေသည်။ လာဘ်စားမှု၊ ကြီးကြပ်မှု အားနည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူကို တာဝန်ခံစေမှုမရှိခြင်း အခြေအနေအောက်တွင် တပ်သားဦးရေ တိုးမြင့်ရေးကိုသာ အစဉ်တစိုက် ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းကြောင့် ကလေးစစ်သားစုဆောင်းမှုနှုန်း မြင့်မားစေခဲ့သည်။ လက်ရှိဖြစ်ပေါ်နေ သော ပြုပြင်ပြောင်းလဲမှု၊ အမျိုးမျိုးသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများစတင်လာခြင်းသည် မြန်မာ့တပ်မတော် ကို ပြုပြင်ပြောင်းလဲရန်နှင့် တပ်သား အင်အား လျှော့ချမှုများ လုပ်ဆောင်လာနိုင်သည့် လက္ခဏာရှိသည်။

တပ်မတော်သည် မြန်မာနိုင်ငံကို ၁၉၆၂ မှ စတင် ထိန်းချုပ်လာပြီး နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများကို လွှမ်းမိုးစီမံခဲ့သည်။ တပ်မတော် စတင်အုပ်ချုပ်စဉ်မှ ၎င်း၏ ကြေငြာခဲ့သော ရည်ရွယ်ချက်မှာ "ပြည်ထောင်စု(မြန်မာနိုင်ငံ) ကို စုစည်းရန်"ဖြစ်ပြီး၊ အချုပ်အခြာအာဏာကို ကာကွယ် ရန်ဖြစ်သည်။ ထိုရည်ရွယ်ချက်၏ နောက်ဆက်တွဲ လုပ်ဆောင်မှုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်/သို့မဟုတ် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေ သော လူမျိုးစု လက်နက်ကိုင်အဖွဲ့များကို တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။ ၁၉၈၈ အရေးတော်ပုံကို ခြေမှုန်းပြီးနောက် ထိုစဉ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ (SLORC) သည် မြန်မာတပ်မတော်ကို အင်အားတောင့်တင်းကာ ခေတ်မီသည့်တပ်မတော်ဖြစ်လာရန် ရည်ရွယ်ချက် ဖြင့် ကြိုးပမ်းခဲ့သည်။ ယင်း ရည်မှန်းချက်ကို ဖြည့်ဆည်းရန် တပ်သားသစ်များ အကြီး အကျယ်စုဆောင်းရန် လိုအပ်လာသော်လည်း လစာ နှုန်းမှာ နည်းပါးလွန်းသောကြောင့်(ယခုအချိန်ထိ နည်းပါးနေဆဲဖြစ်သည်) တပ်ပြေးနှုန်း မြင့်မားလာခဲ့သည်။ မကြာသေးခင်က နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သော်လည်း တပ်မတော်သည် အမျိုးသားနှင့် ပြည်နယ် နှင့် တိုင်းဆိုင်ရာ လွှတ်တော်များတွင် လွှတ်တော်နေရာ ၂၅ % ကို ရွေးကောက်ပွဲ ဝင်စရာမလိုဘဲ ရယူထားပြီး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးခန့်အပ်မှုတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပတ်သက်နေဆဲဖြစ်သည်။[50]

တပ်မတော် တွင် ကြည်းတပ် (တပ်မတော် ကြည်း)၊ ရေတပ် (တပ်မတော် ရေ)၊ နှင့် လေတပ် (တပ်မတော် လေ) ဟူ၍ ပါဝင်သော်လည်း၊ လူထု တည်ငြိမ်ရေးနှင့် သောင်းကျန်းသူ ခြေမှုန်းရေး ဦးစားပေးလုပ်ဆောင်သည့် ခြေလျင်တပ်အင်အား အများစုဖြင့် ဖွဲ့စည်းထားသည့် တပ်မ တော် ကြည်းတပ်ကသာ လွှမ်းမိုးထားသည်။ ဌာနသုံးခုစလုံး၏ အနီးစပ်ဆုံးခန့်မှန်းခြေ တပ်အရေအတွက် အချိုးမှာ ၂၀း၁း၁ ရှိသည်။[51] စစ်မက်ပြသ

48 ၁၉၉၃ တွင် မြန်မာနိုင်ငံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ (NCRC)ကို ကလေးသူငယ်ဥပဒေနှင့် နောက်ဆက်တွဲအရ ထူထောင်သည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများ ကော်မတီများတို့ကို အကောင်အထည်ဖော်ဆောင်ရာတွင် ညှိနှိုင်းလုပ်ဆောင်ရေး အဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။
49 Committee on the Rights of the Child, Concluding Observations on the combined third and fourth periodic report of Myanmar, UN Doc. CRC/C/MMR/CO/3-4, 14 March 2012, paragraphs 9–10.
50 Article 232 (b) (ii) (iii) and (c), Myanmar constitution, 2008.
51 တင်မောင်မောင်သန်း (၂၀၁၀)၊ op.cit. စာမျက်နှာ ၂၀၁။

နာများ ဆက်ဖြစ်ပွားနေခြင်းသည် တပ်မတော် အပေါ် ၎င်း၏ တပ်အင်အားလျော့မသွားရန် ထိန်းထားရမည့် ဖိအားရှိနေပြီး၊ ထိုအတွက် စစ်သားစုဆောင်းမှု ကျယ်ပြန့်စွာ လုပ်ဆောင်ရသည်။ အကျိုးဆက်အဖြစ် အရွယ်မပြည့်သေးသည့် ကလေးများအပါအဝင် အတင်း အဓမ္မစစ်သားစုဆောင်းသည့်သတင်းများ ဆက်လက်ထွက်ပေါ်လာသည်။ မကြာသေးသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဖြစ်နေသည့် နောက်ခံအခြေအနေတွင် ပြည်တွင်းနှင့် ပြည်ပမှ သက်ဆိုင်သူများက မြန်မာတပ်မတော်ကို အဆင့်အတန်းရှိသော တပ်မတော်အဖြစ် ပြောင်းလဲရန်နှင့် တပ်ဖွဲ့ အရေ အတွက်ကို လျှော့ချရန်အရေးကြီးကြောင်း ထောက်ပြမှုများ ရှိသည်။

တပ်မတော် ကြည်းတွင် တပ်သားအင်အား မည်မျှရှိကြောင်း တရားဝင် ထုတ်ပြန်ထားသည့် ကိန်းဂဏန်း မရှိပါ။ သို့သော် အနီးစပ်ဆုံး ခန့်မှန်းခြေအရ မြန်မာတပ်မတော်တွင် အချိန်ပြည့် တာဝန် ထမ်းဆောင်သည့် တပ်အင်အားမှာ ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အထိ ရှိနိုင်သည်။ ထို့ပြင် စစ်ရေးအရ စည်းရုံးထားသော ရဲတပ်ဖွဲ့ အင်အားမှာ ၇၂၀၀၀ ခန့်လည်း ရှိသေးသည်။[52] ဤခန့်မှန်းချက်သည် ချဲ့ကားထားခြင်းလည်း ဖြစ်နိုင်ပြီး တပ်မတော် ကြည်း၏ တိုက်ခိုက်စွမ်းရည်ကို ရှိသည်ထက် ပိုလျှံစွာ တွက်ချက်ထားသည်လည်း ဖြစ်နိုင်သည်။[53] တပ်ရင်းအင်အားသည် များသောအားဖြင့် သာမန်ထက်နည်းပြီး၊ တစ်ခါတစ်ရံ ထင်ထားချက်၏ ၁၅ ရာခိုင်နှုန်းသာ ရှိသည်။[54]

လွန်ခဲ့သည့် ဆယ်စုနှစ်များမှ ကာကွယ်ရေးဌာနသည် အစိုးရအသုံးစရိတ်ထဲမှ အချိုးအများဆုံးသုံးစွဲသည်။ သို့သော် စစ်တပ်၏ စုစုပေါင်းအသုံးစရိတ် အတိအကျသိရှိရန် ခက်ခဲသည်။ အစိုးရမှ စစ်တပ်အတွက် သုံးစွဲငွေ စာရင်းကို ထုတ်ပြန်လေ့ရှိသော်လည်း တပ်မတော်၏ စုစုပေါင်းအသုံးစရိတ်ကို ထပ်ဟပ်မှုမရှိပါ။ အကြောင်းမှာ စစ်တပ်အတွက် လိုအပ်သည့်ပစ္စည်းအချို့ကို စစ်တပ်ပိုင်လုပ်ငန်းများမှတဆင့် ဝယ်ယူပြီး၊ အခြားဝန်ကြီးဌာန များမှ ဝယ်ယူသည့်အရာများကို အစိုးရက ပံ့ပိုးပေးသဖြင့် တစ်ချို့တစ်ဝက်သာ ပေးဆောင်ရသည်။[55] ထို့ပြင် နိုင်ငံခြားမှ လက်နက်များဝယ်ယူရတွင် တစ်ခါတစ်ရံ သယံဇာတ (သို့) အစားအစာများဖြင့် အလဲအလှယ် လုပ်သည်ဟုဆိုသည်။[56]

၁၉၆၂ ခုနှစ်မှ အခုချိန်ထိ ကာကွယ်ရေးအတွက် နှစ်စဉ်အသုံးစရိတ်သည် အစိုးရတစ်ခုလုံးအသုံးစရိတ်၏ ၂၅% နှင့် ၃၃% ကြားတွင် ရှိနေဆဲဖြစ်သည်။[57]သို့သော်လည်း စစ်တပ်သုံးစွဲငွေ တိုးမြှင့်လာမှုနှင့်အတူ ကျန်းမာရေးနှင့် ပညာရေးအတွက်(အထက်တွင် ကြည့်ပါ) သုံးစွဲငွေလည်းတိုးမြင့်လာခြင်းသည် အစိုးရ၏ ဦးစားပေးကဏ္ဍ ပြောင်းလဲလာမှုကို ပြသနေသည်။[58]

## ၅.၁။ တပ်မတော်(ကြည်း)၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်တာ လုပ်ဆောင်ပုံ

မြန်မာအစိုးရ၏ အခြေခံဥပဒေ ပုဒ်မ ၂၀(ခ) ၌ " ကာကွယ်ရေးဌာနသည် တပ်မတော် တပ်ဖွဲ့(ကြည်း၊ရေ၊လေ) ၏ အရေးကိစ္စအားလုံးကို လွတ်လပ်စွာ အုပ်ချုပ်ကာ ဆုံးဖြတ်နိုင်ခွင့်ရှိသည်" ဟုဆိုထားခြင်းကြောင့် တပ်မတော် အပေါ် အရပ်ဖက်ကြီးကြပ်မှုခွင့်မရှိပါ။ (ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁ တွင် အသေးစိတ်ဖော်ပြထားချက်အရ) ကာကွယ်ရေးဝန်ကြီး၊ အထက်တန်း စစ်ဖက်အရာရှိများ၊ အစိုးရဝန်ကြီးများနှင့် လွှတ်တော်အ မတ်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေး (National Defence and Security Council) ၏ သဘောတူညီချက် ရယူကာ သမ္မတက ခန့်အပ်ရသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်၏ ခေါင်းဆောင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ပြဌာန်းချက်များအရ နိုင်ငံတော် အရေးပေါ်အခြေအနေ ကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အာဏာသိမ်းပြီး၊ အချုပ်အခြာ အာဏာကို ကိုင်စွဲခွင့်ရှိသည်။[59]

ကာကွယ်ရေးဦးစီးချုပ်အောက်တွင် တိုင်းစစ်ဌာနချုပ် (Regional Military Commands) ၁၄ ခုကို ကွပ်ကဲသော အထူးစစ်ဆင်ရေးဌာနချုပ်များရှိသည်။ တိုင်းစစ်ဌာနချုပ်ကို နေရာဒေသအလိုက် ပြန်ခွဲထားသည်။ ၎င်း၏ ဖွဲ့စည်းပုံမှာ နေရာတိုင်းတွင် တစ်ပုံစံ တည်းမဟုတ်သော်လည်း တိုင်းစစ်ဌာနချုပ်အများစုသည် တပ်ရင်း ၁၀ ခုပါဝင်သည့် ခြေမြန်တပ်မတစ်ခု၊ (ဌာနတစ်ခုစီတွင် တပ်ရင်း ၁၀ခုပါဝင်သည့်) စစ်ဆင်ရေးကွပ်ကဲမှုဌာန ၂ ခု (သို့) သုံးခု၊ (တပ်ရင်း ၄ ခုပါဝင်သည့်)၊ အရေအတွက် ပုံသေမရှိသည့် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနများကို ကွပ်ကဲ စီမံရသည်။

---

52 Jane‟s Sentinel Security Assessment – Southeast Asia, 27 March 2012.

53 Jane‟s Sentinel, op.cit.

54 မောင်အောင်မျိုး (၂၀၀၉)၊ op.cit.စာမျက်နှာ ၇၈။

55 မောင်အောင်မျိုး (၂၀၀၉)၊ op.cit.စာမျက်နှာ ၁၆၃။

56 Wikileaks, "Cable 09Rangoon409, S) Burma and North Korea: Rice for Arms", released 30 August 2008, http://www.wikileaks.ch; Maung Aung Myoe (2009), op.cit. p.163.

57 မောင်အောင်မျိုး (၂၀၀၉)၊ op.cit.စာမျက်နှာ ၁၇၂။

58 Brian McCartan, "Myanmar military in the money", *Asia Times,* 28 February 2012, http://www.atimes.com.

59 အပိုင်း ၄၀ (က)၊ မြန်မာဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈။

၎င်းကို ဗဟိုချုပ်ကိုင်မှုနှင့် တင်းကြပ်စွာဖွဲ့စည်းထားသော်လည်း အောက်ခြေတပ်သားပိုင်းတွင် စိတ်ဓာတ်ကျဆင်းနေခြင်းကြောင့် တပ်မတော်ကြည်း၏ အင်အားမတောင့်တင်းဘဲ တပ်တွင်းမှထွက်ပြေးမှုနှုန်းမြင့်မားကာ၊ စစ်သားစုဆောင်းရေးကို စဉ်ဆက်မပြတ်လုပ်နေရသည်။ အခြားသော နိုင်ငံတော်ဌာနများကဲ့သို့ တပ်တွင်း လစာ နည်းပါးလွန်းသည်။[60] ထို့ကြောင့် စစ်တပ်တွင်အမှုထမ်းရန် လူငယ်များအတွက် ဆွဲဆောင်မှုမရှိ။ အထက်အရာရှိတစ်ချို့ စစ်တပ်ပိုင်လုပ်ငန်းများမှ တစ်ဆင့် အကျိုးအမြတ်ခံစားနိုင်ကြသော်လည်း၊ အောက်ခြေပိုင်း တပ်သားများတွင် ထိုသို့သော အခွင့်ထူးများ မခံစားရ။ သူတို့တာဝန်ထမ်းဆောင်နေသည့် ဆင်းရဲသော ပတ်ဝန်းကျင်အခြေအနေက သူတို့၏ စိတ် ဓာတ်ကျဆင်းစေသည်။ အထူးသဖြင့် သောင်းကျန်းသူ နှိမ်နင်းမှု စစ်ဆင်ရေးကာလတွင် ပဋိပက္ခဖြစ်ပွားရာဒေသများ၌ အခြေစိုက်ရသည့်အချိန် တွင် ရိက္ခာ၊ လက်နက် ခဲယမ်းများ ဖြည့်ဆည်းပေးမည့် အာမခံချက်မရှိသလို ဒဏ်ရာရသူများကို ကယ်ဆယ်ပေးမည့် အာမခံချက်လည်း မရှိပါ။[61]

တပ်မတော်(ကြည်း) မှ ထွက်ပြေးလွတ်မြောက်လာသည့် ကလေးစစ်သားများနှင့် တွေ့ဆုံမေးမြန်းချက်အရ စစ်တပ်ကွပ်ကဲမှုများက ပြင်းထန်သောစည်းကမ်းများဖြင့် ချမှတ်ကွပ်ကဲကြောင်းတွေ့ရှိရသည်။ စစ်သားသစ်များကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအရ မတော်မတရားဆက်ဆံခြင်းသည် တပ်တွင်းမှ ထွက်ပြေးမှု ရာခိုင်နှုန်းမြင့်မားလာစေသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ စည်းကမ်းသေဝပ်မှုအတွက် ရိုက်နက်ခြင်း၊ နှိမ့်ချဆဲဆိုခြင်းနှင့် ပြင်းထန်သောပြစ်ဒဏ်ပေးခြင်းနည်းလမ်းကို အသုံးပြုလေ့သည်။[62] ထို့ပြင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ″ရောက်ရာအရပ်မှာ ကိုယ့်အတွက်အကျိုးမြတ်ရအောင်လုပ်″ ဟူသော ဒေသဆိုင်ရာ စစ်ဆင်ရေးကွပ်ကဲမှုးများသည် အထူးသဖြင့် ဝေးလံသောနယ်စပ်အစွန်အဖျားဒေသများနှင့် စစ်တပ်ထိန်းချုပ်မှု များသောနယ်မြေများတွင် ဒေသခံလူထုထံမှ ငွေကြေးနှင့် ပစ္စည်း အဓမ္မသိမ်းယူ၊ ကောက်ခံခြင်းကို အလေ့အထ တစ်ခုအဖြစ် ကျူးလွန်ကြသည်။[63]

## ၅.၂ အသက်မပြည့်သေးသူများကို စစ်သားစုဆောင်းခြင်းနှင့် တိုက်ပွဲများတွင် အသုံးပြုခြင်း

ကလေးစစ်သားစုဆောင်းမှုပြုလုပ်နေခြင်းသည် အရွယ်ရောက်ပြီးသူများကြား မိမိဆန္ဒဖြင့် စစ်မှုထမ်းလိုစိတ် မရှိခြင်းနှင့် ဥပဒေအရ သတ်မှတ်ထားသော စစ်မှုထမ်းဆောင်ရမည့်စည်းကမ်းကို တင်းကျပ်စွာအကောင် အထည်ဖော်ခြင်း မရှိမှုအခြေအနေအောက်တွင် လိုအပ်သည့် တပ်သားအရေအတွက် ပြည့်မီရမည်ဟူသော သတ်မှတ်ချက်ရှိနေခြင်း၏ ဘေးထွက်ဆိုးကျိုးတစ်ခုဖြစ်သည်။ အဓမ္မစစ်သားစုဆောင်းမှုသည် ကလေးများကို အများအားဖြင့် ဦးတည်လေ့ရှိသည်။ အဓမ္မစစ်သားစုဆောင်းခြင်းသည် ဝင်ငွေရသည့် အလုပ်အကိုင်တစ်ဖြစ်ပြီး လှည့်စားလွယ်ကာ၊ တပ်သွင်းသို့ဝင်ရန် အတင်းဖိအားပေးလာပါက လွန်ဆန်ရဲသည့်စိတ်နည်းသော ကလေးများကို အဓိက ပစ်မှတ်ထားလေ့ ရှိသည်။ စစ်သားစုဆောင်းသူများကို သတ်မှတ်ထားသည့် အရေအတွက် ရအောင်လုပ်ဆောင်နိုင်ပါက ဆုချီးမြှင့်ပြီး၊ မရောက်ပါက ပြစ်ဒဏ်ပေးသည့်စနစ် တရားဝင်ပြဌာန်းထားခြင်း မရှိသော်လည်း ကျင့်သုံးနေဆဲဖြစ်သည်။ သတ်မှတ်ထားသည့် အရေအတွက်ထက်ပို၍ စုဆောင်းနိုင်ပါက စစ်သားစုဆောင်းသူများကို ငွေကြေးအပိုဆုပေးခြင်း သို့ အလားတူဆုမျိုးပေးကမ်းလေ့ရှိသည်။ တစ်ခါတစ်ရံ တာဝန်ထမ်းဆောင်နေဆဲ စစ်သားများကို ၎င်းတို့ တပ်မှထွက်လိုလျှင် စစ်သားသစ်ရှာပေးနိုင်မှ ပေးထွက်မည့် အကြောင်း ညွှန်ကြားမှုများရှိသည်။ ဤ ″ စစ်သား စုဆောင်းရေး စီးပွားရေး″ ကြောင့် ပြည်သူကြားတွင် ပွဲစားကွန်ရက်ထွက်ပေါ်လာသည် သာမက စစ်သားစုဆောင်းရေး အရာရှိပေါ် တွင်လည်း ဖိအားကျလာပြီး စစ်သားစုဆောင်းရာတွင် လိုက်နာရမည့် ဥပဒေအရ အသက်ကန့်သတ်ချက်ကို ဥပက္ခာပြုလာသည်။

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့သည် ဤအစီရင်ခံစာအတွက် သုတေသနပြုရာတွင် စစ်တပ်အရာရှိများ နှင့် စစ်သား စုဆောင်းရေးကိုယ်စားလှယ်များက အသက်ဆယ့်ရှစ်နှစ်အောက် ကလေးများအပါအဝင် တပ်သားသစ်များရရှိရန် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းနှင့် ကိုယ်ထိလက်ရောက် ကြမ်းတမ်းစွာ ဆက်ဆံခြင်းများပြုလုပ်သည်ကို တွေ့ရှိခဲ့သည်။ နောင်းပိုင်း တပ်မတော် ကြည်း ၏ စစ်သား စုဆောင်းမှုသည် တပ်ပိုင်းအရာရှိနှင့် အရပ်သားပွဲစားများကိုယ်တိုင် အတင်းအဓမ္မစစ်သားစုဆောင်းခြင်း ပြုလုပ်ခဲ့သည်ဟု ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများက လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလ သူတို့၏ အစီအရင်ခံစာ များတွင် ဖော်ပြထားသကဲ့သို့ ပြောင်းလဲ

60 ကလေးစစ်သားဟောင်းများနှင့် မေးမြန်းခြင်းများတွင် လစာများသည် တစ်လလျှင် ကျပ်ငွေ ၂၅၀၀၀ မှ ၃၀၀၀၀ (ကန်ဒေါ်လာ ၂၈-၃၄) အထိ အမျိုးမျိုးရှိသည်ဟု ပြသသည်။

61 မောင်အောင်မျိုး (၂၀၀၉)၊ op.cit.စာမျက်နှာ ၂၀၁။

62 ၂၀၁၁ ခုနှစ် ထိုင်းနိုင်ငံတွင် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ကလေးစစ်သားဟောင်းများနှင့် ပြုလုပ်သည့် မေးမြန်းခြင်းများ

63 ၁၉၉၆ သို့မဟုတ် ၁၉၉၇ ခုနှစ်အတွင်း စစ်အစိုးရက အကောင်အထည်ဖော်ဆောင်သည်ဟု ယုံကြည်ရသည့် "မိမိဘာသာဖူလုံမှု" သို့မဟုတ် "နယ်မြေတွင် နေထိုင်စားသောက်" မူဝါဒအရ စစ်သားများက ဝေးလံဒေသများအတွင်း ပြည်သူများအား ငွေညှစ်ယူခြင်းနှုန်း အလွန်မြင့်မားမှုကို လူ့အခွင့်အရေးအဖွဲ့များက တွက်ချက်သည်။ ဤမူဝါဒသည် *တပ်မတော် (ကြည်း)* တပ်ရင်းများအားလုံးအနေဖြင့် ဗဟိုအာဏာပိုင်အဖွဲ့များထံမှ ထောက်ပံ့မှုမယူဘဲ မိမိတို့ကိုယ်ကိုယ် ရေရှည်ရပ်တည်ရေးအတွက် တွန်းအားပေးနေသည်ဟု မှတ်ယူကြသည်။ ဥပမာအားဖြင့် ကြည့်ပါ။ Amnesty International, "Myanmar Leaving Home", 8 September 2005, p.16, http://www.amnesty.org; Country Reports on Human Rights Practices, US Department of State, 4 March 2003, Section 1.f, http://www.state.gov.

မှုမရှိသေးပေ။[64] ကလေးစစ်သားစုဆောင်းရေး နှင့် ပတ်သက်၍ ကုလသမဂ္ဂ စောင့်ကြပ်ရေးနှင့် အစီရင်ခံအဖွဲ့၏ အတည်ပြုချက်အရ တပ်မတော်ကြည်း သည် မြန်မာပြည် တစ်ဝန်းလုံးတွင် ကလေးစစ်သားစုဆောင်မှုပြုလုပ်သည်။ သို့သော် နေရာဒေသအလိုက် လူဦးရေ ထူထပ်မှု၊ လူမှုစီးပွားရေးအခြေအနေနှင့် ပဋိပက္ခရှိခြင်း မရှိခြင်းစသည့် အချက်များအလိုက် တစ်နေရာနှင့် တစ်နေရာ စုဆောင်းသည့် ပုံစံကွဲပြားသွားသည်။[65] ကုလသမဂ္ဂသို့ မကြာသေးခင်က တိုင်ကြားလာသော ကလေးစစ်သား စုဆောင်းသည့်အမှုများသည် ရန်ကုန်၊ ဧရာဝတီ နှင့် မန္တလေးတိုင်းများမှ ဖြစ်သည်။[66]

တပ်မတော် ကြည်းတွင် စုစုပေါင်း ကလေးစစ်သားအရေအတွက် မည်မျှရှိသည်ကို ဖော်ပြရန် အလွန်ခက်ခဲသည်။ ကုလသမဂ္ဂ အတွင်းရေးမှူး၏ ကလေးနှင့် လက်နက်ကိုင်ပဋိပက္ခ ၂၀၁၂ ခုနှစ် အစီရင်ခံစာတွင် အသက်အရွယ်မပြည့်သည့်သူများ စစ်သားစုဆောင်းခံရ၍ တိုင်ကြားမှုသည် ၂၀၁၀ တွင် ၁၉၄ မှုရှိရာမှ ၂၀၁၁[67] တွင် ၂၄၃ မှု အထိ ဆက်ပြီး တက်နေသည်။ သို့သော် ဤအရေအတွက်သည် အရေ အတွက် အမှန်၏ ပမာဏ အနည်းငယ်သာဖြစ်သည်။ နိုဝင်ဘာလ ၁၁ ရက် ၂၀၁၂ အထိ ILO အဖွဲ့သည် ၂၀၁၂ နှစ်အတွင်း ကလေးစစ်သားစုဆောင်းမှု တိုင်ကြားစာ ၂၃၇ မှု ရရှိသည်။ ထိုအထဲမှ ၁၂ မှုသည် ထိုနှစ်အတွင်း စုဆောင်းခံရခြင်းဖြစ်သည်။ ဩဂုတ်လ ၂၀၁၂ တွင် အစိုးရက ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို လက်မှတ်ရေးထိုးပြီးနောက် ကလေး ၄၂ ယောက်ကို တပ်မတော် ကြည်းအတွင်းမှ လွှတ်ပေးခဲ့သည်။

ကျေးလက်ဒေသတွင် ကလေးများ ကျောင်းသွားနေစဉ် လမ်းပေါ်နှင့် အလုပ်အကိုင်ရှာဖွေရန် အိမ်မှထွက်ပြီး နောက်တွင် စုဆောင်းခံရလေ့ရှိသည်။ မြို့ပြဒေသတွင် အဖော်မပါသော ကလေးများသည် ဘူတာရုံ၊ ဘတ်စ်ကားဂိတ်နှင့် ဈေးကဲ့သို့သော စည်ကားသည့် နေရာများတွင် စုဆောင်းခံရလေ့ရှိသည်။[68] အရပ်သားပွဲစား၊ တာဝန်ပေးထားခြင်းမခံရသော စစ်သားနှင့် အောက်ခြေအရာရှိများက ကလေးစစ်သား စုဆောင်းခြင်းလုပ်သည်။ တစ်ခါတစ်ရံ ကလေးပျောက်ကြောင်း တိုင်ကြားလျှင် အရပ်သားအာဏာပိုင်များက ကလေး၏ အကျင့်စာရိတ္တ ထောက်ခံစာ၊ အသက် သက်သေခံကဒ်ပြားများကို ထုတ်မပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ကြန့်ကြာခြင်းဖြင့် ကလေးကိုပြန်ရှာတွေ့ရန် ကြိုးပမ်းမှုကို ကန့်သတ်လေ့ရှိသည်။[69]

ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ရရှိသော သတင်းအချက်အလက်များအရ ကလေးစစ်သားအဖြစ် စုဆောင်းခြင်းခံရသူအများစုမှာ ဆင်းရဲကာ ၈ တန်းမအောင်သည့် ပညာမတတ်သော ကလေးများဖြစ်နေပြီး၊ လစာပေးမည်ဟူသော ကတိ၊ လှည့်ဖျားသည့် အပြောနှင့် ဥပဒေအရအရေးယူမည်ဟု လိမ်လည်ခြိမ်းခြောက် ခြင်းခံရသော အကာအကွယ်မဲ့သူများဖြစ်သည်။[70] တပ်သားစုဆောင်းသူများသည် ကလေးများကို အင်အား အသုံးပြုကာ ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည်။ သူတို့အများအားဖြင့် အသုံးပြုလေ့ရှိသည့် နည်းလမ်း တစ်ခုမှာ ကလေးများ အမျိုးသားမှတ်ပုံတင်ကဒ်ပြားကို[71] ကိုယ်နဲ့တကွ ပါနေကျမဟုတ်ကြောင်း သိလျှက်နှင့် ကဒ်ပြား တောင်းကြည့်ခြင်း ဖြစ်သည်။ ကလေးက ကျောင်းသားကဒ်ကို ထုတ်ပြပါက ထိုကဒ်ကို လက်မခံနိုင်ကြောင်းနှင့် မှတ်ပုံတင်ကဒ်မကိုင်ဆောင်ခြင်းကြောင့် စစ်တပ်ထဲဝင်ရန် သို့မဟုတ် ရက်ရှည် ထောင်ဒဏ် ကျခံရမည့်နှစ်ခုထဲမှ တစ်ခုကို ရွေးချယ်ရမည်ဖြစ်ကြောင်းပြောသည်။ သတင်းအရင်းအမြစ်များထံမှ သိရသည်မှာ စစ်သား စုဆောင်းခြင်းကို ပြန်လည် ဆန့်ကျင်သည့်ကလေးများသည် မလှုပ်နိုင်အောင် ချည်နှောင်ထားခြင်း ခံရသည်။[72]

64 See for example: Rachel Brett and Margaret McCallin, *Children: The Invisible Soldiers*, Rädda Barnen (Save the Children Sweden), Stockholm, 1998; UNICEF, "Adult Wars, Child Soldiers: Voices of Children Involved in Armed Conflict in the East Asia and Pacific Region", October 2002; Human Rights Watch (HRW), "„My Gun Was as Tall as Me": Child Soldiers in Burma", 2002; Human Rights Education Institute of Burma (HREIB), "Despite Promises: Child Soldiers in Burma's Armed Forces", 2006; HRW, "Sold to be Soldiers", 2007; HREIB, "Forgotten Future: children affected by armed conflict in Burma," 2008.

65 ILO ဆက်ဆံရေးအရာရှိနှင့် တွေ့ဆုံမေးမြန်းခြင်း။ ရန်ကုန်၊ ၂၀၁၂ ခု ဧပြီလ ၂၄ ရက်။

66 UN General Assembly, Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 67.

67 UN General Assembly, Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 67

68 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ ရက်။

69 ဒေသခံ အာဏာပိုင်များထံတွင် ကလေးပျောက်ဆုံးကြောင်း တိုင်ကြားရန်အတွက် အသက် သက်သေခံကဒ်ပြားနှင့် အကျင့်စာရိတ္တ ထောက်ခံစာများ လိုအပ်ပြီး ထိုစာရွက်စာတမ်းများကို တင်ပြပါမှ ကလေးရှာဖွေခြင်းကို တရားဝင် စတင်ပြုလုပ်နိုင်သည်။

70 UN General Assembly, Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 67.

71 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ -၂၈ ရက်။

72 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ -၂၈ ရက်။

ကလေးများ၏ အသက်ကို စုဆောင်းခံရချိန်မှ စနစ်တကျ လိမ်ညာ၍ (သို့) မှားယွင်းစွာ မှတ်တမ်းတင်ထားသောကြောင့် သူတို့ကို သင်တန်းပေးချိန်နှင့် လှုပ်ရှားရန်နေရာခွဲပို့ဆောင်ချိန်တွင် အရွယ်ရောက်တပ်သားများအဖြစ် ဆက်ဆံကြသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ကလေးစစ်သားဟောင်းများနှင့် တွေ့ဆုံမေးမြန်းချက်အရ သူတို့ စုဆောင်းခံရပြီး ပထမဦးဆုံးထားသည့် နေရာနှင့် သင်တန်းစခန်း၏ အခြေအနေသည် အလွန်ဆိုးဝါးသည်ဟုဆိုသည်။ စစ်တန်းလျားများတွင် လူများဖြင့် ပြွတ်သိပ်ကျပ်တည်းကာ အစားအစာ၏ အရည်အသွေးမှာလည်း အာဟာရမပြည့် ညံ့ဖျင်းပြီး၊ ကလေးစစ်သားများ သူတို့ အထက်က တပ်သားများ၏ ရိုက်ခြင်းခံကြရသည်။ တပ်သားသစ်များသည် တာဝန်ကျရာသို့ မပို့ခံရခင် လေးလခွဲ နီးပါး သင်တန်းတက်ကြရသည်။

ကလေးစစ်သားများ အတွေ့အကြုံမရှိသောကြောင့် ပဋိပက္ခဖြစ်သည့် နေရာမျိုးသို့ အပို့ခံရပါက ပို၍ အန္တရာယ်ကြီးသည်။ မတ်လ ၂၀၁၁ နှင့် ဧပြီ ၂၀၁၂ အတွင်း ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ကွင်းဆင်းသုတေသန ပြုချက်အရ တပ်မတော် ကြည်း ၏ စုဆောင်းခြင်းခံရသော ကလေးစစ်သားများသည် ရှေ့တန်းတပ်ရင်းများသို့ ပို့ဆောင်ခြင်းခံရသည်။ မေ ၂၀၁၂ တွင် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ကလေးစစ်သားသုံးယောက်၏ သက်သေထွက်ဆိုချက်ကို ရရှိသည်။ ၎င်းတို့၏ ထွက်ဆိုချက်အရ သူတို့သည် တပ်မတော် ကြည်း ၏ အတင်းအဓမ္မ စုဆောင်းခြင်းခံရပြီးနောက် ကချင်ရှေ့တန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ သူတို့အထဲမှ ၁၆ နှစ် အရွယ်တစ်ယောက်ကို ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)နှင့် ဖြစ်သော တိုက်ပွဲတွင် တိုက်ခိုင်းသည်။ ထိုသူသည် ၃၈၄ ခြေမြန်တပ်ရင်းတွင် တာဝန်ပေးခြင်းခံရပြီး၊ ဒီဇင်ဘာလ ၂၄ ရက် ၂၀၁၁ ခုနှစ်တွင် ကချင်လွတ်မြောက်ရေးတပ်က ဖမ်းမိခဲ့သည်။ "ကျနော် KIA စစ်သားရှိရာဖက်ကို သေနတ်နဲ့ပစ်တယ်။ ဒါပေမဲ့ ကျနော် အရမ်းကြောက်တဲ့အတွက်ကြောင့် မိုးပေါ်ထောင်ပြီးပဲ ပစ်နေတယ် " ဟု သူက ပြန်လည်ပြောပြသည်။[73]

မြန်မာနိုင်ငံအရှေ့ဖက်ပိုင်း မြဝတီမြို့ကို တိုင်းရင်းသား ကရင်လက်နက်ကိုင်အဖွဲ့များက သိမ်းပိုက်ပြီး တိုက်ပွဲဖြစ်သည့် နိုဝင်ဘာလ ၇ ရက် ၂၀၁၀ တွင်လည်း တပ်မတော် ကြည်းက ကလေးစစ်သားများကို ရှေ့တန်းသို့ ပို့သည့် သာဓက တွေ့ခဲ့ရသည်။[74] တိုက်ပွဲဖြစ်သော အခြေအနေမျိုးမှ ကလေးစစ်သားများကို ခိုင်းသည့် တာဝန်မှာ သူတို့ရှိနေရာ ဒေသနှင့် တပ်ရင်း၏ လုပ်ငန်းတာဝန်ပေါ်တွင် မူတည်၍ ကွဲပြားသည်။ ရှေ့တန်းသို့ ပို့ခံရသော ကလေးစစ်သားများကို လက်နက်သယ်ခိုင်းခြင်း၊ မြေမြှုပ်မိုင်းခွဲခိုင်းခြင်း နှင့် ရိက္ခာပစ္စည်းများ သယ်ရန် ပေါ်တာအဖြစ် လုပ်ခိုင်းလေ့ရှိသည်။ ထိုအခြေအနေမျိုးတွင် ၎င်းတို့ တိုက်ပွဲနှင့် ရင်ဆိုင်ကြရပြီး မြေမြှုပ်မိုင်းနှင့် တိုက်ပွဲကြောင့် ပြင်းထန်သည့် ဒဏ်ရာ (သို့) သေစေနိုင်သည့် ဒဏ်ရာများ ရကြသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ ရရှိသော သတင်းများအရ တိုက်ပွဲတွင်း ကျသွားသော ကလေးများ၏ အလောင်းကို မြစ်ထဲသို့ ပစ်ချလိုက်ကြောင်း သိရသည်။[75]

## ၅.၃။ အသက် လိမ်လည်ဖော်ပြခြင်းနှင့် အသက်စိစစ်သည့် နည်းစနစ် မရှိခြင်း

၁၉၉၃ ကလေးသူငယ်ဥပဒေ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပုဒ်မ ၂၄ အရ မိဘ (သို့) အုပ်ထိန်းသူများသည် ကလေး မွေးသည့်အချိန်တွင် နာမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး၊ ကလေး ဆယ်နှစ်နှင့် ၁၈ နှစ်ပြည့်သည့်အချိန်တွင် တစ်ခါ ထပ်ပြီး မှတ်ပုံတင်ရမည်။ မြို့ပြဒေသတွင် ကလေး ၉၃.၅ ရာခိုင်နှုန်း မွေးလက်မှတ် ရှိသည်။ သို့မဟုတ် ပါက သက်ဆိုင်ရာသို့ အမေ သို့မဟုတ် ပြုစုသူက အကြောင်းကြားသည်။ ကျေးလက်ဒေသတွင် မှတ်ပုံတင်သည့် အရေအတွက် ပိုနည်းပါးပြီး ၆၃.၅ ရာခိုင်နှုန်းသာရှိသည်။[76] ကျေးလက်ဒေသတွင် ကလေးမှတ်ပုံတင် ခြင်းကို တရားဝင်ပြုလုပ်လေ့မရှိဘဲ အများစုအားဖြင့် ကလေးမွေးပေးသူ၏ မှတ်သားချက်မျှသာ ရှိသည်။ ကျေးလက်ရှိ မိသားစုများသည် ကလေး၏ မွေးနေ့ကို မှတ်တမ်းထားခြင်း လုပ်လေ့မရှိဘဲ၊ ကလေးမွေးဖွားသည့် နှစ်မှစ၍ စပါး ရိတ်သိမ်းချိန်ကိုသာ ရေတွက်မှတ်သား လေ့ရှိသည်။[77] ကလေးမှတ်ပုံတင်ရန်အတွက် ကျေးရွာမှ အစိုးရရုံးရှိရ မြို့နယ်သို့ သွားသည့် လမ်းစရိတ်မြင့်မားသည်။[78]

73 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ အဖွဲ့ကိုယ်စား ပြုလုပ်သည့် လူ့ဂွက်တွေ့ဆုံမေးမြန်းခြင်းများ၊ Laiza ၂၀၁၂ ခုနှစ် ဧပြီလ ၈ ရက်၊

74 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လူ့ဂွက်တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၁ ခုနှစ် မတ်လ။

75 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ကလေးစစ်သားဟောင်း နှစ်ဦးနှင့် ပြုလုပ်သည့် လူ့ဂွက်တွေ့ဆုံမေးမြန်းခြင်းများ၊ မဲဆောက်၊ ၂၀၁၁ ခုနှစ် မတ်လ။

76 UNICEF, Ministry of Health and Ministry of National Planning and Economic Development, "Myanmar multiple indicator cluster survey 2009–2012", http://www.unicef.org.

77 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က KNU ၏ အထွေထွေ အတွင်းရေးမှူး ဇီဖိုးရာစိန်၊ ဗိုလ်မှူးကြီး နဲဒါးမြ KNLA၊ KNU ၏ ဒုတိယဥက္ကဌ ဒေးဗစ်ထပ်ကဖော၊ KNU ၏ ပထမ ပူးတွဲ အတွင်းရေးမှူး လငွေ၊ KNLA တပ်မဟာ ၇ မှ ဗိုလ်မှူး မိုးဇက်နှင့် ထိုင်းမြန်မာ နယ်စပ် မျိုးဆက်သစ် အစီအစဉ်မှ ကျောင်းသူ/သားများတို့အား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ - စက်တင်ဘာလတွင် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သည်။

78 Australian Council for International Development, *Submission to the Universal Periodic Review of Myanmar*, July 2010.

လက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားသည့် နယ်မြေများတွင် မွေးစာရင်း (သို့) တရားဝင် စာရွက်စာတမ်း ထုတ်ပေးခြင်းမှာ ပို၍ အကန့်အသတ်ရှိသည်။ ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ ကောက်ခံရရှိသည့် သတင်းအချက်အလက်အရ KNU စိုးမိုးသည့် နယ်မြေများတွင် နေထိုင်သူအများစုတွင် အစိုးရထုတ်ပေး သည့် သက်သေခံကဒ် မရှိပါ။[79]

အသက် ၁၀ နှစ်ပြည့်လျှင် ယာယီ အမျိုးသားမှတ်ပုံတင်ကဒ်ပြား(NRC) ရရှိနိုင်ပြီး၊ ၁၈ နှစ်ပြည့်လျှင် တစ်သက်လုံး အသုံးပြုနိုင်သည့် ကဒ်ရရှိသည်။ အမျိုးသားမှတ်ပုံတင်ကဒ်ပြား ရရှိရန် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ် ခက်ခဲပြီး၊ ငွေကုန်ကြေးကျများသည်။ မြို့နယ်အစိုးရရုံးသို့ ခရီး ရှည်သွားရသည်။ ယာယီ မှတ်ပုံတင်ကဒ် လျှောက်ထားသူ၏ အခြေအနေပေါ် မူတည်၍ ကုန်ကျငွေပမာဏ ကွဲပြားနိုင်သော်လည်း ၃၅၀၀၀ ကျပ် (ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၄၀) အထိ ကုန်ကျနိုင်သည်။ လျှောက်ထားသူ ၁၈ နှစ် ပြည့်ချိန်တွင် ကဒ်ပြောင်းလဲကြေးကို တစ်ဖန် ထပ်ပေးရသည်။ မွေးစာရင်း (သို့) မှတ်ပုံတင်မရှိပါက ကလေးများသည် စစ်သားအဖြစ် အဓမ္မစုဆောင်းခံရမည့် အန္တရာယ်ပိုမို ကြီးမားသည်။

သီအိုရီအရ တပ်မတော် ကြည်း စုဆောင်းရေးစခန်းအားလုံးတွင် တရားဝင် အသက် သက်သေထောက်အထားဖြင့် မှတ်တမ်းတင်ရသည်။ သို့သော် စုဆောင်းရေးအရာရှိအချို့နှင့် အရပ်သားပွဲစားများက စာရွက်စာတမ်း အတုလုပ်၍ ကလေးကို လေ့ကျင့်ရေးစခန်းသို့ ခေါ်ဆောင်လာလေ့ ရှိသည်။ မွေးစရင်းလက်မှတ်၊ အိမ်ထောင်စုစာရင်းနှင့် ကျောင်းသားကဒ်ကို မိတ္တူဆိုင်များမှ အလွယ်တကူ ရနိုင်ပြီး အသက်ကို လိမ်ညာ မှတ်တမ်းတင်ရန် လွယ်ကူစွာ ပြုလုပ်နိုင်သည်။[80] ထိုသို့ စာရွက်စာတမ်းဖြင့် အသက်လိမ်ညာ ထည့်သွင်းခြင်းကို ဆေးစစ်[81] ချက်များပြုလုပ်ပြီး၊ အသက် သက်သေကို ပို၍ အသေးစိတ်စစ်ဆေးသည့် အဓိက စစ်သားစုဆောင်းရေးဌာန[82] လေးခုသို့ ကလေးများကို ခေါ်ဆောင်သည့် အချိန်မျိုးတွင် ပို၍ ပြုလုပ်လေ့ရှိသည်။ စုဆောင်းရေးစခန်းများတွင် မဟုတ်သော်လည်း ကလေးကို အသက် ၁၈ နှစ်ကျော်အဖြစ် မှတ်တမ်း တင်ထား လေ့ရှိသည်။[83]

မြန်မာပြည်တွင် ကလေးငယ်များ၏ အသက်ကို အခြားအကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစွာ မှတ်တမ်း တင်ထားလေ့ရှိသည်။ လူဦးရေ ၇ သန်းကျော်အပေါ် ထိခိုက်စေခဲ့သော မေလ ၂၀၀၈ တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် စစ်တမ်းကောက်ချက်တစ်ခုပြုလုပ်ရာတွင် ပါဝင်ခဲ့သူစုစုပေါင်း၏ ခန့်မှန်းခြေ ၁၃ ရာခိုင်နှုန်းသည် သူတို့၏ အမျိုးသားမှတ်ပုံတင်များ ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။[84] မှတ်ပုံတင်များ ပြန်လည် အစားထိုးထုတ်ပေးခဲ့သော်လည်း မွေးစာရင်းကဲ့သို့သော စာရွက်စာတမ်းဖြင့် အသက်စစ်ဆေးခြင်း မပြုလုပ်ခဲ့သောကြောင့် အရေအတွက် အတိအကျမသိနိုင်သော်လည်း အများစု၏ အသက်ကို မှတ်ပုံတင်အသစ်တွင် အသက်မှားယွင်းစွာ ဖော်ပြထားကြသည်။[85] ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း မဲပေးနိုင်သူစရင်းပြုစုရာတွင် အသက်ကို မှားယွင်းစွာ မှတ်တမ်းတင်ထားခြင်းများ ရှိခဲ့သောကြောင့် အသက် ၁၈ နှစ်အောက်ကလေးများ မဲပေးနိုင်သူစာရင်းတွင် ထည့်သွင်းခြင်းခံခဲ့ရသည်။[86]

စစ်သားစုဆောင်းသူများသည် စစ်သားစုဆောင်းရေးစခန်းအရောက်တွင် တပ်သားသစ် မှတ်ပုံတင်သည့် စာရွက် စာတမ်းများမှ ကလေး၏အသက် ကိုသာမကဘဲ သူတို့နှင့် သက်ဆိုင်ရာ အခြားသတင်းအချက်လက်များ ကိုလည်း ပြောင်းလဲ ဖော်ပြကြကြောင်း ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့ နားလည်ထားသည်။ စုဆောင်းခံ ကလေးများ၏ ပုဂ္ဂိုလ်ရေး သတင်းအချက်အလက် (ဥပမာ ဖခင် အမည်) များကို ပြောင်းလဲပြင်ဆင်၍ မှတ်တမ်းထားခြင်းသည် မိဘများနှင့် အာဏာပိုင်များအတွက် ကလေးကို ပြန်ရှာဖွေရန် ကြီးမားသည့် အခက်အခဲ

79 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ၂၀၁၂ခုနှစ် ဩဂုတ်လတွင် ဖီဖိုးရာစိန်နှင့် ဒေးဗစ်ထပ်ကဖော တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။
80 ကလေးတစ်ဦးသည် မိမိအား စုဆောင်းရေးအရာရှိ တစ်ဦးက မိမိသည် အသက် ၁၈ နှစ်ကျော်ပြီဖြစ်ကြောင်း စာရွက်စာတမ်းများ အတုလုပ်ရန် မန္တလေးအနီး မိတ္တူဆိုင် တစ်ဆိုင်သို့ ခေါ်ဆောင်သွားခြင်းခံရသည်ဟု ILO အား ဖွင့်ဟသက်သေခံ ပြောကြားခဲ့သည်။
81 မြန်မာစစ်တပ်၏ အဓိက စုဆောင်းရေးနေရာ လေးခုသည် မကွေး၊ ဇရာဝတီ၊ ရန်ကုန်နှင့် မန္တလေးတိုင်းတို့တွင် တည်ရှိသည်။
82 မြန်မာပြည်ရှိ UNICEF ဌာနေကိုယ်စားလှယ်တစ်ဦးက ကျေးရွာ/ရပ်ကွက် အရာရှိများ၏ လက်မှတ်များကို မိမိတွင်ရှိထားသည့် ဖိုင်တွင်သိမ်းဆည်းထားသည့် မိတ္တူများဖြင့် တိုက်ဆိုင်စစ်ဆေးသည့် မန္တလေးမှ အရာရှိတစ်ဦးအပါအဝင် အချို့သော စုဆောင်းရေးစင်တာ အရာရှိများက စုဆောင်းခံရသူများ၏ အသက်ကို တင်းကြပ်သော စနစ်များဖြင့် စစ်ဆေးသည်ဟု ပြောဆိုသည်။ သို့သော် ဤစနစ်သည် စုဆောင်းရေးစင်တာများနှင့် ဝေးလံသော နေရာများမှ ခေါ်ဆောင်လာသည့် ကလေးများအတွက်မူ ထိရောက်မှုမရှိပါ။
83 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၄ -၂၈ ရက်။
84 နာဂစ်အလွန် အချိန်ကျ ပြန်လည်ဆန်းစစ်ခြင်း ၂၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ အရှေ့တောင်အာရှ နိုင်ငံများ အသင်းအဖွဲ့ (ASEAN)နှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်များ ပါဝင်သည့် သုံးပွင့်ဆိုင် အဓိက အုပ်စုအဖွဲ့များက ပြင်ဆင်သည့် စတုတ္ထအကြိမ်နှင့် နောက်ဆုံးအကြိမ် အစီရင်ခံစာ၊ ၂၀၁၀ ခုနှစ် ဇူလိုင်လ တို့တွင် ဖော်ပြထားသည့် ခန့်မှန်း တွက်ချက်မှုများ။
85 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က နိုင်ငံတကာ NGO အဖွဲ့ကိုယ်စားလှယ်နှင့် ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ ဒီဇင်ဘာလ ၅ ရက်။
86 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က နိုင်ငံတကာ အဖွဲ့ကိုယ်စားလှယ်များနှင့် ပြုလုပ်သည့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်။

ဖြစ်စေသည်။[87] တပ်သားစုဆောင်းမှုဆိုင်ရာ လုပ်ငန်းပြီးဆုံးချိန်တွင် ကလေးများကို သတင်းအချက်အလက်အမှားပါသည့် အမျိုးသား မှတ်ပုံတင် ထုတ်ပေးပါသည်။ အောက်ခြေတပ်သားအချို့သည် ကလေး၏ မိဘများအား ပုံစံစာရွက် အလွတ်ပေါ်တွင် လက်မှတ်ထိုးစေသည်။ ထို့နောက် ထိုပုံစံစာရွက်ကို အထက်အရာရှိက ပြန်လည်ဖြည့်စွက်ကာ ကလေးကို တပ်သားအဖြစ်လက်ခံစဉ် အသက် ၁၈ ကျော်ရှိနေပြီ ဖြစ်ကြောင်း (သို့) တပ်တွင်းသို့ မိမိဆန္ဒအလျောက် ဝင်လာခြင်းဖြစ်ကြောင်း ထင်မြင်စေရန် လုပ်ဆောင်သည့် လုပ်ရပ်များရှိနေကြောင်း ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ သိရှိရသည်။[88] အသက်လိမ်လည် ထည့်သွင်းခြင်းကို စစ်သားစုဆောင်းမှုလုပ်ငန်းစဉ် အဆင့် တိုင်းတွင် ပြုလုပ်ပြီး၊ ကလေး စစ်တပ်အတွင်းမှ ပြန်ထွက်ချိန်အထိ ထိုနည်းဌင်း ဆက်လက် ပြုလုပ်ကြောင်း သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြကြသည်။

ကုလသမဂ္ဂက တပ်သားစုဆောင်းခြင်းလုပ်ငန်းစဉ်နှင့် ထိရောက်သော အသက်စစ်ဆေးမှုစနစ်ကို ပိုမိုခိုင်မာ ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း တင်ပြခဲ့ဖူးသည်။[89] သို့သော် ဥပဒေအရ ကလေးစစ်သား စုဆောင်းမှုကို လက်တွေ့တွင် လေးစားလိုက်နာရန် တိကျခိုင်မာသော ကြိုးပမ်းလုပ်ဆောင်မှု အခုချိန်ထိ မရှိသေးပါ။ မကြာသေးခင်က စတင်အကောင်အထည်ဖော်ပြုလုပ်သော ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အရ တပ်မတော် ကြည်း က အသက် စစ်ဆေးသည့်လုပ်ထုံးလုပ်နည်း သတ်မှတ်ပြီး စတင်လုပ်ဆောင်လာကြောင်း သိရသည်။ စက်တင်ဘာလ ၃ ရက် ၂၀၁၂[90] တွင် ကလေးစစ်သား ၄၂ ယောက် မလွတ်ပေးမီ ပြုလုပ်ခဲ့သော အသက် စစ်ဆေးသည့်လုပ်ငန်းစဉ်က ထိုသို့ လုပ်ဆောင် ကြောင်း ပြသနေသည်။ သို့သော် မြန်မာတပ်မတော်တွင် ကလေးစစ်သားစုဆောင်းခြင်းကို ထိရောက်စွာ တားဆီးနိုင်ရန် ထိုကဲ့သို့ သော အသက်စစ်ဆေးသည့်စနစ်ကို ကလေးစစ်သားစုဆောင်မှု ပြုလုပ်သည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် အကောင်အထည်ဖော် လုပ်ဆောင် သင့်သည်။

## ၅.၄။ လွတ်လပ်သော စောင့်ကြပ်မှုနှင့် တာဝန်ရှိသူကို တာဝန်ခံစေသည့်စနစ် ကင်းမဲ့ခြင်း

အသက်စစ်ဆေးသည့်စနစ် အားကောင်းစွာ မရှိခြင်းကြောင့် ကလေးစစ်သားများစုဆောင်းမှု ဆက်ပြီးရှိနေသေး ကြောင်း အထက်တွင် ဖေါ်ပြခဲ့ သော သက်သေများက ညွှန်ပြနေသည်။ ကလေးစစ်သားစုဆောင်းမှုကို ကာကွယ်သည့် ဥပဒေ ပြဌာန်းချက်များ (မြန်မာပြည်တွင် ရှိနှင့်ပြီးသော ဥပဒေ) ကို လိုက်နေစေရန် ထိရောက်သော ကြီးကြပ်မှုစနစ်နှင့် မလိုက်နာသော သူများကို ဒဏ်ပေးသည့် စနစ်ရှိရန် လိုအပ်သည်။ မြန်မာအစိုးရမှ ယခုအချိန်ထိ စတင်လုပ်ဆောင်လာသော ကြီးကြပ်မှုစနစ်သည် အောက်ခြေတွင် ရှိနေသော ကလေးစစ်သား စုဆောင်းမှုကို ထိရောက်စွာ တားဆီးနိုင်ခြင်းမရှိပါ။

နိုင်ငံတကာက မြန်မာပြည်၏ ကလေးစစ်သားစုဆောင်းမှုအပေါ် တုံ့ပြန်သောအားဖြင့် ၂၀၀၄ တွင် ထိုစဉ်က မြန်မာစစ်အစိုးရက အသက် အရွယ်မပြည့်သေးသောသူများကို စစ်သားအဖြစ်စုဆောင်းခြင်းမှ ကာကွယ်မှု ကော်မတီ (ကော်မတီ)ကို ဖွဲ့စည်းခဲ့သည်။ ဇူလိုင် ၂၀၀၄ တွင် ၎င်းနှင့် စပ် လျဉ်း၍ ကလေးစစ်သားစုဆောင်းမှုကို ကြီးကြပ်ရန်နှင့် အနည်းဆုံး အသက်အရွယ် သတ်မှတ်ချက်စည်းကမ်းကို လိုက်နာစေရန် စစ်သည်အင် အား ညွှန်ကြားမှုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင် တပ်သားစုဆောင်းရေးနှင့် သက်ဆိုင်သည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှား ဆောင်ရွက်မှု၊ တပ်သားသစ် စုဆောင်း ရေးဌာနများ၊ စစ်သားစုဆောင်းမှုအတွက် တပ်မတော် ကြည်း ၏ သတ်မှတ်ထားသော ညွှန်ကြားချက် စံနှုန်းနှင့် သတ်မှတ်ထားသော တပ်သား အရေအတွက်ရရှိမှု စသည့် ကိစ္စ အားလုံးကို ယင်းအဖွဲ့မှ ဦးစီး ကြီးကြပ်မှုလုပ်သည်။ နိုင်ငံတော် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC)အဖြစ် သိထားသော မြန်မာစစ်အစိုးရက စက်တင်ဘာ ၂၀၀၇ တွင် ကလေးစစ်သားစုဆောင်းမှု တားဆီးခြင်း ကော်မတီကို ဖွဲ့စည်းခဲ့သည်။[91]

---

87 See Human Rights Watch, "Sold to be Soldiers", 2007.

88 ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး အုပ်စုနှင့် ပြုလုပ်သည့် လူျိဂုက်တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၇ ရက်။

89 In February 2012 the Committee on the Rights of the Child urged the government of Myanmar to "Require that a national registration card or an original birth certificate be the minimum age verification criteria accepted by the armed forces and cease the system of offering incentives to those enlisting new recruits" (Committee on the Rights of the Child, Concluding Observations on the combined third and fourth report of Myanmar under the Convention on the Rights of the Child, UN Doc. CRC/C/MMR/CO/3-4, 14 March 2012, paragraph 82 (b)); in his 2011 annual report on children and armed conflict the UN Secretary-General noted concerns regarding age verification (Report of the UN Secretary-General on children in armed conflict, UN Doc. A/65/820–S/2011/250, 23 April 2011, paragraph 116).

90 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က နိုင်ငံတကာ အဖွဲ့ကိုယ်စားလှယ်နှင့် ပြုလုပ်သည့် လူျိဂုက်တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်။

91 အသက်မပြည့်သည့်ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်းကို ကာကွယ်ရန် လုပ်ငန်းအုပ်စုအဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခြင်းမတိုင်မီက ဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သည်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် SPDC နှင့် ILO တို့အကြား ဖြည့်စွက်နားလည်မှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၇ ခုနှစ် ဧပြီလတွင် ကလေးသူငယ်များနှင့် လက်နက်ကိုင်

၂၀၁၁ တွင် မြန်မာအစိုးရက ကလေးစစ်သားအဖြစ် စုဆောင်းထားခြင်းခံရသောသူများအား ပြန်လွှတ်ပေးခဲ့သော စာရင်းကို ကုလသမဂ္ဂ ကြီးကြပ်ရေးနှင့် အစီရင်ခံတင်ပြမှုဆိုရာ အဖွဲ့ထံသို့ တင်ပြခဲ့သည်။ ထိုတင်ပြချက် အရ ဇန်နဝါရီနှင့် စက်တင်ဘာလကုန်ပိုင်း ၂၀၁၁ တွင် အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသောသူ ၄၁၇ ယောက်ကို စစ်သားစုဆောင်းရေးဌာနာများတွင် တပ်သားအဖြစ် လက်မခံခဲ့ကြောင်း သိရှိရ သည်။[92] ယခု ကဲ့သို့ လုပ်ဆောင်မှုသည် အသက်မပြည့်စစ်သားစုဆောင်းခြင်းကိစ္စအချို့အပေါ် စစ်ဆေးတွေ့ရှိခဲ့သော်လည်း တပ်မတော်၏ ကလေးစစ်သားစုဆောင်းမှုကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ စနစ်တကျ စောင့်ကြည့် ကြီးကြပ်မှု မလုပ်နိုင်သေးခြင်း (သို့) စစ်သား စု ဆောင်းမှုကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်နေကြောင်း ကနဦးညွှန်ပြနေခြင်းဖြစ်သည်။

ယခုအချိန်ထိ ထိရောက်၍ လွတ်လပ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဆောင်သော ကြီးကြပ်ရေး ယန္တရား မရှိသေးပါ။ အောက်တိုဘာလ ၂၀၁၁ တွင် ဖွဲ့စည်းသော အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ကလေးအခွင့်အရေးဆိုင်ရာ ကဏ္ဍပါဝင်သည်။ သို့သော် ကလေးစစ်သား စု ဆောင်းမှုနှင့် ကလေးစစ်သားအသုံးပြုမှုကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် ယင်းကော်မရှင်၏ လုပ်နိုင်စွမ်းကို မဆန်းစစ်နိုင်သေးပါ။ က လေးအခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ ကော်မတီက ယင်းကော်မရှင်၏ ဖွဲ့စည်းပုံ၊ လက်ရှိအဖွဲ့ဝင်နှင့် ငွေကြေးအရင်းအမြစ်အပေါ် အခြေခံ၍ ယင်းကော်မရှင်၏ လွတ်လပ်စွာလုပ်ဆောင်နိုင်မည့် အာမခံချက် ရှိမရှိကို စိုးရိမ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်။[93] လူ့အခွင့် အရေးချိုး ဖောက်မှုများကို မှတ်တမ်းတင်ရန်အတွက် လူ့အခွင့်အရေးကော်မရှင်သည် အရေးကြီးသည့် အခန်းကဏ္ဍမှ လုပ်ဆောင်လာနိုင်ကြောင်း ၂၀၁၂ အတွင်းတွင် အရိပ်လက္ခဏာအချို့ တွေ့ရှိခဲ့ရသည်။ ဇွန်လိုင်လတွင် ကချင်ပြည်နယ်သို့ ဒုတိယအကြိမ်သွားရောက်ခဲ့ပြီး အရပ်သား များကို ဖမ်းဆီးစစ်ဆေးရာတွင် နှိပ်စက်ညှဉ်းပမ်းမှု လုပ်ခြင်းကို ရှုံ့ချခဲ့သည်။ [94] ထို့ကဲ့သို့ ပြောဆိုခြင်းသည် လူမျိုးစုဒေသများမှ လူ့အခွင့် အရေးကိစ္စများကို "စုံစမ်းစစ်ဆေးရန်မသင့်တော်" ဟု ပြောခဲ့သည့် ယခင်က အနေအထားမှ ပြောင်းလဲသည်ကို ပြသနေပြီး ကြိုဆိုစရာ ဖြစ်ပါသည်။[95]

ဖေဖော်ဝါရီ ၂၀၀၇ တွင် ILO စာချုပ် ၂၉ အရ (ကလေးစစ်သားစုဆောင်းခြင်းနှင့် အဓမ္မစစ်သား စုဆောင်းခြင်း) အတင်း အဓမ္မ လုပ်အား ခိုင်းစေခြင်းများကို တစ်ဦးချင်းစီ တိုင်ကြားနိုင်သော စနစ်တစ်ခုကို ILO က တည်ထောင်၍ ရန်ကုန်ရှိ ILO ဆက်ဆံရေးရုံးသို့ တိုင်ကြားနိုင်ရန် စီစဉ် ခဲ့သည်။ ILO တွင် ၂၀၀၇ ဖေဖော်ဝါရီလအထိ အသက်အရွယ်မပြည့်ဘဲ စစ်သားအဖြစ်စုဆောင်းခံခဲ့ရသည့် အမှု ၇၇၈ တိုင်ကြားမှု ရရှိခဲ့ပြီး၊ ၎င်းတို့အထဲမှ ကလေး ၂၆၇ ဦးကို ပြန်လည်လွတ်မြောက်ကာ သူတို့အိမ်ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကလေးစစ်သားစု ဆောင်းခြင်းကို ၂၀၁၅ တွင် အလုံးစုံကင်းမဲ့ရန် ILO နှင့် မြန်မာအစိုးရအကြား မတ်လ ၂၀၁၂ တွင် ရရှိခဲ့သော သဘောတူညီချက် အသစ်ရရှိ ပြီးနောက် အစိုးရဖက်မှ ရှိနှင့်ပြီးသော တိုင်ကြားစနစ်ကို ပို၍ ခိုင်မြဲအားကောင်းလာစေရန် တက်ကြွစွာလုပ်ဆောင်ခဲ့မှု များရှိသည်။ ကလေး စစ်သားပပျောက်မှုအတွင်လုပ်ဆောင်ရန်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို (တပ်မတော် ကြည်းအတွင်းရှိ ကလေးစစ်သားများကို စောင့်ကြပ်ရန်နှင့် သူတို့လွတ်မြောက်စေရန် လုပ်ဆောင်ရမည့် ကတိလည်းပါဝင်သည်။) အကောင် အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည့်အတိုင်း ILO သည် ယင်းရည်ရွယ်ချက်နှင့်အညီ တိုင်ကြားမှုစနစ်ကို ဆက်လက် လုပ် ဆောင် နေသည်။ သို့သော် ယင်း တိုင်ကြားနိုင်သည့်စနစ်သည် တက်ကြွစွာလုပ်ဆောင်မှုမရှိပဲ၊ တိုင်ကြားမှုရှိမှသာ လိုက်လံ လုပ်ဆောင်ပေးသည်ကို သိထားရန်လိုသည်။

ပဋိပက္ခဆိုင်ရာ လုံခြုံရေးကောင်စီ လုပ်ငန်းအုပ်စုက မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ကလေးများ၏ အခြေအနေကို ၎င်း၏ လုပ်ငန်းအစီအစဉ်တွင် ထားရှိသည်။ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ် အထူးကိုယ်စားလှယ် (SRSG) သည် ၂၀၀၇ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး အစိုးရ အဆင့်မြင့် အရာရှိကြီးများ၊ အသက်မပြည့်သည့် ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်းကို ကာကွယ်ရေးအတွက် အစိုးရကော်မတီ၊ ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ လည်ပတ်မှု၏ ရည်ရွယ်ချက်သည် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အထူးလုပ်ငန်းအဖွဲ့ကို ထူထောင်ရန်နှင့် ကုလသမ္မဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၆၁၂ တွင် ထူထောင်ထားပြီး SPDC နှင့် ပူးပေါင်း၍ ကုလသမဂ္ဂ တိုင်းပြည်တွင်းအဖွဲ့က လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း ယန္တရားဆိုင်ရာဖြစ်နိုင်ခြေများကို ဆွေးနွေးရန်တို့အတွက် ဖြစ်သည်။

92 UN General Assembly, Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012.

93 Committee on the Rights of the Child, Concluding Observations on the combined third and fourth report of Myanmar under the Convention on the Rights of the Child, UN Doc. CRC/C/MMR/CO/3-4, 14 March 2012, paragraphs 15 and 16.

94 Report of the UN Special Rapporteur on the situation of human rights in Myanmar, UN Doc. A/67/383, 25 September 2012, paragraph 52.

95 Simon Roughneen, "Head of HR Commission Rules Out Conflict-zone Inquiry", *The Irrawaddy,* 15 February 2012, http://reliefweb.int.

ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ သုတေသနပြုချက်အရ ကလေးစစ်သားတစ်ဦးကို ရှာဖွေစုံစမ်း ဖော်ထုတ်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်သည် အချိန်များစွာ လိုအပ်သည်။ ကလေးစစ်သားများ၏ မိသားစုများကို ကူညီပေးသည့်သူများသည် ပျောက်ဆုံးသွားသော ကလေး၏ သတင်းအချက်အလက်ကို ရရှိရန် ကလေး၏ အသက်ကို ဖော်ပြထားသည့် ကျောင်းသားကဒ် (သို့) မွေးစာရင်း နှင့်အတူ သူပျောက်ဆုံးသည့် အချိန်နှင့် ပျောက်ဆုံးသွားစဉ်က အခြေအနေအသေးစိတ်ကို ရှာဖွေစုံစမ်းရသည်။ ထို့နောက် ပျောက်ဆုံးနေသော ကလေးသည် ဥပဒေနှင့် ဆန့်ကျင်သူမဟုတ်ကြောင်း ထောက်ခံချက်ယူရန် ရရှိသောသတင်း အချက်အလက်များကို ပြည်ထဲရေး ဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဌာန (GAD) သို့တင်ပြရသည်။ GAD မှ ထိုထောက်ခံချက် ရရှိမှသာ ရဲစခန်းတွင် ကလေး "ပျောက်ဆုံးကြောင်း" တိုင်ကြားနိုင်သည်။ ထိုစာရွက်စာတမ်းများ ရရှိရန် ခက်ခဲကာ အချိန်ကြာမြင့်စွာစောင့်ရပြီး တစ်ခါတစ်ရံ စစ်သား စုဆောင်းရေးဌာနများနှင့် စစ်ဌာန အချို့သည် စာရွက်စာတမ်းပြစေကာမှ ကလေးကို လွှတ်ပေးရန် အချိန်ဆွဲထားခြင်းများ ပြုလုပ်ကြသည်။

စစ်သားစုဆောင်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော ကလေးများလွတ်မြောက်ရန်နှင့် အသက်နှင့် အကျင့်စာရိတ္တဆိုင်ရာ သက်သေခံ စာရွက်စာတမ်းရရှိအောင် ကြိုးပမ်းသောရှေ့နေများ ခြိမ်းခြောက် ခံရသည်။[96] ထိုနေရာများသို့ ကလေးရွေးရန်သွားသော ကလေးမိဘများအား ကလေးကို လွှတ်ပေးရန် လာဘ်ပေး ရမည်ဖြစ်ကြောင်း ပြောကြသည်။ သို့သော် ငွေပေးခြင်းဖြင့် ကလေးပြန်လည်လွတ်မြောက်လာမည်မှာ အာမခံ ချက်မရှိပါ။ လူထုကြားတွင် ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေး ကွန်ရက်အဖွဲ့တစ်ဖွဲ့ တစ်ဖြည်းဖြည်း အင်အားကောင်းလာပြီး ယင်းကွန်ရက်အဖွဲ့၏ အဖွဲ့ဝင်များ အာဏာပိုင်များနှင့် စစ်တပ်ဆိုင်ရာ နေရာအနီး တစ်ဝိုက်သွားလျှင် သံသယပွား ခံကြရသည်။

ကလေးစစ်သားစုဆောင်းခြင်းသည် တရားဥပဒေကို ဆန့်ကျင်ရာရောက်သော်လည်း စနစ်ကျ၍ လွတ်လပ်ကာ တစ်နိုင်ငံလုံးထိ လုပ်ဆောင် နိုင်သော စောင့်ကြပ်မှုစနစ် မြန်မာပြည်တွင်မရှိခြင်းနှင့် တာဝန်ရှိသူကို တာဝန်ခံ စေခြင်း မရှိခြင်းကြောင့် ရှိနေဆဲ ကလေးစစ်သားစုဆောင်းမှုကို မတားဆီးနိုင်ပါ။ ၂၀၀၇ ခုနှစ်မှ စတင်၍ အစိုးရက ကလေးစစ်သားစုဆောင်းမှုတွင် ပါဝင်ပတ်သက်သူဟု သံသယရှိသူ တပ်သား ၂၀၇ ဦးကို စည်းကမ်း ဖောက်ဖျက်မှုအဖြစ် အရေးယူခဲ့သည်။ ILO ၏ မှတ်တမ်းများအရ ပြစ်ဒဏ်ပေးခံရသူအများစုသည် တပ်ကြပ်၊ တပ်ကြပ်ကြီး ကဲ့သို့သော အကြပ်တပ်သားများ(NCOs)နှင့် တပ်သားများဖြစ်ကြသည်။ ၎င်းတို့ကို လစာ လျှော့ချခြင်း၊ ရာထူးလျှော့ချခြင်း၊ ရှုံ့ချခံရခြင်း၊ ပင်စင် ပေးသည့်နှစ် လျှော့ချခံရခြင်းနှင့် အကျဉ်းချခြင်းများ ခံကြရသည်။[97] တရားစွဲဆိုခံရသည့် ပြန်တမ်းဝင် အရာရှိများသည် အပြစ်ဖော်ဆုံးမခြင်း၊ ပြင်းထန်သည့် အပြစ်ဖော်ဆုံးမခြင်း၊ ထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် အကျဉ်းချခြင်းများ ခံကြရသည်။ ယနေ့အထိ အရာရှိ နှစ်ဦးနှင့် အကြပ် တပ်သား ၇ ဦးသာ အကျဉ်းချခံခဲ့ရသည်။ တပ်မတော်အဖွဲ့ဝင်များကို ကလေးစစ်သားစုဆောင်းမှုအတွက် ရာဇဝတ်ကြောင်းအရ တာဝန်ခံမှု ရှိစေရန် လုပ်ဆောင်ဖို့ ဥပဒေကြောင်းအရနှင့် လက်တွေ့ပိုင်းအရ ခက်ခဲမှုများစွာ ရှိနေသေးသည်။ ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အနေဖြင့် မြန်မာပြည်၏ တရားရေးစနစ် သည် လွတ်လပ်၍ ဘက်လိုက်မှုကင်းမည်ကို သံသယဖြစ်စရာရှိသောကြောင့် ကလေးစစ်သား စုဆောင်းမှုနှင့် ကလေးစစ်သား အသုံးပြုမှု အပါအဝင် မြန်မာတပ်မတော်တပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် ဆိုးရွားလွန်းသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် တရားရေးစနစ်တွင် စုံစမ်းလိုသောဆန္ဒနှင့် လုပ်နိုင်စွမ်းအားမရှိမည်ကို ကလေးစစ်သားဆိုင်ရာ နိုင်ငံ တကာအဖွဲ့အနေဖြင့် စိုးရိမ်မိသည်။ ဤစိုးရိမ်မှုသည် မြန်မာပြည်တွင်း ဆိုးရွားလွန်းသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ပြန့်စွာဖြစ် နေသော်လည်း တာဝန်ယူမှုကင်းမဲ့နေခြင်း အပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ထုတ်ဖော်ပြောဆိုခဲ့သော စိုးရိမ်ချက်ကို ထပ်တူဖြစ် သည်။[98] ထိုသို့ အပြစ်ကျူးလွန်သော်လည်း ပြစ်ဒဏ်မပေးနိုင်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်ကို အရေးယူခြင်းမှ ကာကွယ် ထားသော ကြောင့် ဖြစ်သည်။[99]

ပြစ်မှုကျူးလွန်သူ အရပ်သားများလည်း စုံစမ်းစစ်ဆေးမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်ကြသည်။ သို့သော် တစ်ဦးမှာ ရာဇဝတ်ခုံရုံးသို့ တရားစွဲဆိုမှု ထပ်မံပြုလုပ်ရန် လွှဲပြောင်းခံရသည်။

96 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး အုပ်စုနှင့် ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီလ ၂၇ ရက်။
97 ILO ဆက်ဆံရေး အရာရှိနှင့် တွေ့ဆုံမေးမြန်းခြင်း။ ရန်ကုန်၊ ၂၀၁၂ ခု ဧပြီလ ၂၄ ရက်။
98 In its April 2012 resolution the Human Rights Council expressed “concern that previous calls to end impunity have not been heeded”. It renewed its call upon the government of Myanmar “to undertake, without delay and with appropriate attention from the United Nations, a full, transparent and independent investigation into all reports of such violations, past and present, and to bring to justice those responsible in order to end impunity for such acts” (UN Doc. A/HRC/RES/19/21, 26 April 2012, paragraphs 11(b) and 3 respectively).
99 Article 319 of the 2008 constitution states that only courts-martial “shall adjudicate Defence Services personnel”. Under this unrestricted mandate, members of the military never have to appear before civilian courts, regardless of their crime. Article 294 of the constitution declares that the courts-martial fall outside the jurisdiction of the Supreme Court, so that the “highest court of the Union” actually has no power over the military justice system.

## ၅.၅။ ကလေး "စစ်ပြေး"များကို ထိန်းသိမ်းခြင်းနှင့် ညှဉ်းပမ်းခြင်း

တပ်မတော် ကြည်းမှ ထွက်ပြေးသွားသော ကလေးများကို ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းချထားသည်။ ထိုကလေးငယ်များကို လူကြီးများနှင့်အတူထားသည်။ ထိုကလေးစစ်သား (သရက်ထောင်နှင့် မကွေးဌာနခွဲတွင် ထိန်းသိမ်းခံ ထားရသူ) များအပေါ် သူတို့၏ အကျဉ်းသားအဖော်များက လိင်ပိုင်းဆိုင်ရာအရ စော်ကားခြင်း၊ နှိပ်စက်ခြင်းနှင့် အခြားသော ညှဉ်းပမ်းခြင်းများကျူးလွန်ကြောင်း ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က သိရှိထားသည်။[100]

အစိုးရသည် ကလေးများကို တပ်တွင်းမှ ထွက်ပြေးခြင်းကြောင့် တရားစွဲခြင်းမပြုရန်နှင့် အကျဉ်းထောင်တွင်းမှ လွှတ်ပေးရန်ကိစ္စကို လက်ခံလာပြီဖြစ်သည်။ အသက် ၁၈ နှစ် အရွယ်ရှိသူ တပ်တွင်းမှထွက်ပြေးမှုအတွက် အရေးယူခြင်းပြုလုပ်မည်မဟုတ်ဟူ၍ Joint Action Plan(ဇွန် ၂၀၁၂ တွင် သဘောတူ လက်မှတ်ရေးထိုးသော) တွင် ထည့်သွင်းဖော်ပြထားခြင်းက အစိုးရက ကတိပြုထားကြောင်း တွေ့ရသည်။ တာဝန်ထမ်းဆောင်နေစဉ် အတွင်း အသက်ဆယ့်ရှစ်နှစ်ပြည့်သူများသည် တပ်အတွင်း တရားဝင်တပ်သား ဖြစ်မည်မဟုတ်ကြောင်း၊ တပ်မတော်အတွင်း ဆက်နေ၍ ရမည်မဟုတ်ကြောင်း (သို့) ၎င်းတို့ တပ်မှ ထွက်ပြေးပါက တပ်ပြေးမှုဖြင့်တရားစွဲမည် မဟုတ်ကြောင်း စသည့် အချက်များကိုလည်း အစိုးရက လက်ခံထားသည်။[101] သို့သော် ကလေးစစ်သားအဖြစ် စုဆောင်းခံခဲ့ရ၍ ယခုအချိန်တွင် အရွယ်ရောက် ပြီးသူများကို တပ်တွင်းမှ ထွက်နိုင်သည့် အခွင့်အရေးများပေးခြင်းစသဖြင့် လိုအပ်သည့် လုပ်ဆောင်စရာကိစ္စများကို မူဝါဒနှင့် ဥပဒေကြောင်းအရ လုပ်ဆောင်ခြင်းများ မတွေ့ရသေးပါ။

မကြာသေးမီနှစ်များအတွင်း အစိုးရက အသက်မပြည့်သေးသော ထိန်းသိမ်းခံကလေးများကို အကျဉ်းထောင်များမှ လွှတ်ပေးကြောင်း ထင်ရသော သာဓကများ တွေ့ရသည်။ မေ ၇ ၂၀၁၁ တွင် "လွတ်ငြိမ်းချမ်းသာခွင့်" ဟု လူအများစုက သိထားသော ခေါင်းစဉ်အောက်တွင် ထိန်းသိမ်းခံ ကလေးစစ်သား ၁၀ ဦးကို လွှတ်ပေးရန် ကြေငြာခဲ့သည်။ ဇွန်လ ၂၀၁၂ တွင် အစိုးရက "တပ်ပြေးမှု"ဖြင့် အရပ်သား အကျဉ်း ထောင်များတွင် အကျဉ်းချခံထားရသူများစာရင်းကို ILO သို့ ပေးခဲ့သည်။ ထို့ပြင် အစိုးရက အသက်မပြည့်သေးကြောင်း တွေ့ရှိသူများကို လွှတ်ပေးမည့်အရေးကို လက်ခံခဲ့သည်။ တပ်မှ ထွက်ပြေး၍ ထိန်းသိမ်းခံထားရသော အသက် မပြည့်သေးသည့် ကလေးစစ်သားအများစုကို အစိုးရက လွှတ်ပေးခဲ့ကြောင်း ILO ကလည်း ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ အဖွဲ့ကို အကြောင်းကြားခဲ့သည်။ ထို့အပြင် အထက်တွင် ဖော်ပြခဲ့သော ILO ၏ အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားရေးစနစ်က တိုင်ကြားသူများ( တစ်ဆင့် တိုင်ကြားပေး သူများ)ကို တရားရေးအရ သို့မဟုတ် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းမှ အကာအကွယ်ပေးသည်။ ထို့ကြောင့် ILO သို့ တိုင်ကြားခြင်းကြောင့် တပ်တွင်းမှ ခွင့်မယူပဲ တာဝန်ပျက်ကွက်သူများအဖြစ် ကြေငြာခြင်းခံရသော ကလေးများကို ပြန်လည်တရားမစွဲနိုင်ရန် "အကာအကွယ်ပေး ထောက်ခံစာ" ကို ထုတ်ပေးထားသည်။ ဤ သို့စာ ထုတ်ပေးထားသည့် စနစ်သည် ကလေးများ တပ်တွင်းမှ ထွက်ပြေးမှုဖြင့် အဖမ်းခံရခြင်းမှ ကာကွယ်ပေးရာတွင် ထိရောက်ကြောင်း ILO ကဆိုသည်။ [102]

ယင်းကဲ့သို့သော လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် အကာအကွယ်ပေးသည့် လုပ်ဆောင်ချက် အချို့ရှိသော်လည်း ကလေးစစ်သားနှင့် ဆိုင်သည့် ဥပဒေကို ပြုပြင်ပြောင်းလဲခြင်းနှင့် တပ်တွင်းမှ "ထွက်ပြေး"သည့် ကလေးစစ်သားများကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် တရားစွဲဆိုခြင်းသည် တရားမဝင်ကြောင်း အောက်ခြေအာဏာပိုင်များထံ စည်းမျဉ်း (သို့) တိကျသော ညွှန်ကြားထားခြင်း မရှိသေးပါ။ လက်တွေ့တွင် ကလေးစစ်သား တပ်ပြေးများကို ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆက်လက်လုပ်ဆောင်နေပြီး၊ ယင်းကိစ္စအဆုံးသတ်ရန်အတွက် အစိုးရဘက်မှ လုံလောက်သည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း မရှိသေးပေ။ [103]

100 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ မဲဆောက်၊ ၂၀၁၁ ခုနှစ် မတ်လ။
101 Children and armed conflict, Report of the Secretary-General, UN Doc. A/65/820–S/2011/250, 23 April 2011, paragraph 114.
102 ILO နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်။
103 The Secretary General‟s 2012 report to the UN Security Council notes that the "ILO documented a total of 22 children arrested and charged with desertion in 2011, of whom three were released and discharged from service" (UN General Assembly, Children and armed conflict: Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 195).

တပ်မတော်အတွင်းမှ ထွက်ပြေးသူများနှင့် ထွက်ပြေးရန် ကြိုးစားသူများ ဆက်လက် အဖမ်းခံနေရပြီး၊ ၂၀၀၇ နှင့် ၂၀၁၂ အတွင်း တိုင်ကြားမှု ၇၇ ခု ရှိသည့်အထဲမှ ၂၀၁၂ ခုနှစ်တွင် ILO သို့ တိုင်ကြားမှု ခြောက်ခု ရှိခဲ့သည်။ သုတေသနပြုချက်အရ တပ်အတွင်းမှ တစ်နှစ် နှင့် တစ်နှစ် အထက် ထွက်ပြေးသူများကို ခွင့်ပြုချက်မရဘဲ တာဝန်ပျက်ကွက်မှုအဖြစ် စစ်ခုံရုံးတွင် စစ်ဆေးကာ သူတို့တပ်အတွင်းမှ ထွက်ပြေးသွားသော အချိန်ကာလနှင့် ညီမျှသည့် ကာလအတိုင်းအတာအထိ အကျဉ်းချခံရမည်ဖြစ်ပြီး၊ တပ်သွင်းမှာ ထွက်ခွင့်ရရန်မှာ တပ်မတော်တွင် တာဝန် ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။ သို့သော် ထွက်ပြေးရန် ကြိုးပမ်းသော ကလေးများကို တပ်ရင်းစခန်းအချုပ်တွင် တစ်လ (သို့) တစ်လကျော် ထိန်းသိမ်းထားပြီး၊ တရားစွဲဆိုခြင်း မလုပ်ဘဲ တာဝန်ပြန်လည်ထမ်းဆောင်စေသည့် ဖြစ်ရပ်အချို့လည်း ရှိသည်။

## ၆။ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အသက်မပြည့်သေးသူများအား စစ်သားစုဆောင်းခေါ်ယူ အသုံးပြုမှု

> ၂၀၀၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော နယ်ခြားစောင့်တပ်ဖွဲ့သည် ယခင်လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များ၊ အစိုးရတပ်မှ အရာရှိများ၊ အခြားအသစ်စုဆောင်းထားသော အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားပြီး အစိုးရတပ်၏ ကွပ်ကဲမှုလက်အောက်တွင် ရှိသောကြောင့် မြန်မာအစိုးရ၏ ထိန်းချုပ်မှုနှင့် တာဝန်ခံမှုလက်အောက်တွင် ရှိနေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ဤသို့ဆိုစေကာမူ အစိုးရသည် တပ်ဖွဲ့ဝင်များအတွင်း ကလေးစစ်သားများတည်ရှိမှုကို အတည်ပြုခြင်း၊ ကလေးစစ်သားများကို တပ်ဖြုတ်ခြင်း၊ သို့မဟုတ် ကလေးစစ်သားများ စုဆောင်းမိခြင်းမရှိစေရန် လိုအပ်သော လုံခြုံရေးအရံအတားများ ထားရှိခြင်းတို့အတွက် ရေရှည်အားထုတ်မှုများကို ပြုလုပ်ခြင်းမရှိသေးသည်ကို တွေ့ရသည်။

### ၆.၁။ နယ်ခြားစောင့်တပ်ဖွဲ့ တည်ထောင်ပုံနှင့် ဖွဲ့စည်းပုံ

၂၀၀၉ ခုနှစ် ဧပြီလတွင် မြန်မာအစိုးရသည် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သော လက်နက်ကိုင် တပ်ဖွဲ့များနှင့် အခြား လက်နက်ကိုင် အုပ်စုငယ်များကို နယ်ခြားစောင့်တပ်ဖွဲ့ပုံစံ ပြောင်းလဲဖွဲ့စည်းရေး အစီအစဉ်ကို ကြေငြာခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်များသည် အနှစ် သာရအားဖြင့် တပ်မတော် ကြည်း အရာရှိများနှင့် ပူးပေါင်းလုပ်ဆောင်ရပြီး တပ်မတော် ကြည်း ဒေသဆိုင်ရာ တပ်မှူးများ၏ ကွပ်ကဲမှု လက်အောက်တွင် တပ်ဖွဲ့ဝင်များ ရာထူးအဆင့်ဆင့် ထောက်ပံ့ပေးရသော ဥပဒေအရဖွဲ့စည်းထားသော အရံတပ်များသဖွယ်ဖြစ်လာသည်။[104] တပ်မတော် ကြည်း စစ်ဗိုလ်ချုပ်များနှင့် ကရင်၊ ရှမ်း၊ ဝ၊ ကိုးကန့်၊ စသော တိုင်းရင်းသားများပါသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ကနဦး တွေ့ဆုံပွဲများ အတွင်း အဆိုပါ တိုင်းရင်းသားအဖွဲ့များအား နယ်ခြားစောင့် တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းရေး အစိုးရက တိုက်တွန်းနေရာတွင်[105] အကျိုး ဖြစ်ထွန်းမှုများမှာ အကန့်အသတ်ရှိနေပြီး အဖွဲ့ငယ် ကိုးဖွဲ့က သာ ထိုသို့ပြောင်းလဲရေးအတွက် ကနဦး သဘောတူကြသည်ကို တွေ့ရသည်။[106] အချို့သော အခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ နယ်ခြားစောင့်တပ် အသွင် ပြောင်းရေး ငြင်းဆန်မှုများကြောင့် အစိုးရတပ်များ နှင့် အသစ်တဖန်ပြန်လည် တိုက်ပွဲဖြစ်ရခြင်းများလည်း ရှိသည်။ ဥပမာအားဖြင့် ၂၀၀၉ခုနှစ်တွင် တပ်မတော် ကြည်း နှင့် ရှမ်းပြည် နယ်အခြေစိုက် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တို့အကြား တိုက်ပွဲဖြစ်ခဲ့ပြီး တိုက်ပွဲဖြစ်ရခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော အကြောင်းပြချက်မှာ အဖွဲ့၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး ငြင်းဆန်မှု ကြောင့်ဖြစ်သည်။ ထိုသို့ တိုက်ပွဲ ဖြစ်ခဲ့ခြင်းကြောင့် နှစ်ပေါင်းနှစ်ဆယ်ကြာ အပစ်အခတ်ရပ်စဲထားမှု ပျက်ပြယ်သွားခဲ့သည်။ ထိုတိုက်ပွဲ၏ ရလဒ်ကြောင့် ခန့်မှန်းခြေ ဒုက္ခသည်ပေါင်း ၃၇၀၀၀ခန့်သည် မြန်မာ-တရုတ်နယ်စပ် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။[107] လက်နက် ကိုင်တပ်ဖွဲ့ဝင်အများစုသည် အစိုးရပိုင်းက သူတို့အား ထိုသို့ လက်နက်ဖြုတ်ပြီး နယ်ခြားစောင့်တပ်အသွင်မပြောင်းစေခင်တွင် အစိုးရနှင့် နိုင်ငံရေးအရ

---

104 ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက တိုင်းပြည်အတွင်းရှိ လက်နက်ကိုင် အင်အားများအားလုံးကို ဗဟိုစစ်တပ် အမိန့်အောက်တွင် ရှိရမည် (ပြည်ထောင်စု မြန်မာနိုင်ငံတော် ၂၀၀၈၊ အပိုင်း ၃၃၈၊ အခန်း ၇) ဟု ပြဋ္ဌာန်းထားသည်။ နယ်ခြားစောင့် အသွင်ပြောင်းရေး အစီအစဉ်က တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအားလုံးကို ၎င်း၏ "ဒီမိုကရေစီ လမ်းပြမြေပုံ" ၏ အစိတ်အပိုင်းအဖြစ် SPDC ၏ အမိန့်အောက်တွင်ထားရန် ရည်ရွယ်ခဲ့သည်။

105 Wai Moe, "Border Guard Force Plan Leads to End of Ceasefire", *The Irrawaddy*, 31 August 2009.

106 The nine transformed Border Guard Force groups were the following: the Karen Peace Force (KPF); the Lasang Awng Wa Peace Group (LAWPG); the Karenni National People"s Liberation Front (KNPLF); the New Democratic Army-Kachin (NDA-K); the Kachin Defence Army (KDA); the Kokang Region Provisional Leading Committee; two townships in Shan State-East (Mongton and Mongyawng townships); SSA-N transformed two out of three brigades; and a Lahu militia unit ("BGF Developments," *Mizzima News*, available at: http://www.mizzima.com).

107 UN High Commissioner for Refugees, Briefing Note: UNHCR calls for access to Myanmar refugees, 4 September 2009.

တွေ့ဆုံ ဆွေး နွေးပိုင်ခွင့် မပေးသော အခြေအနေအပေါ်တွင် မူတည်ပြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး အစီအစဉ်ကို ဆန့်ကျင်ကြသည်။

၂၀၁၀ ခုနှစ်တွင် တပ်အရွယ်ကြီးမားသော နောက်ထပ် တိုင်းရင်းသားအဖွဲ့ လေးဖွဲ့သည် သူတို့၏ တပ်ဖွဲ့ဝင် အများစုကို နယ်ခြားစောင့်တပ်အသွင်ပြောင်းခဲ့ကြသည်။ ထိုအဖွဲ့များမှာ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်ဖွဲ့မှ ခွဲထွက်လာသော တပ်စိတ်တစ်ခု၊ အမျိုးသား ဒီမိုကရက်တစ် ကချင်တပ်မတော်၊ ကချင်ကာကွယ်ရေး တပ်မတော်နှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းတို့ဖြစ်ကြသည်။

လိုရင်းနှင့် ဖွဲ့စည်းသော ရည်ရွယ်ချက်များအရပါ နယ်ခြားစောင့်တပ်ဖွဲ့များဟူသည် တပ်မတော် ကြည်း ၏ လက်အောက်ခံတပ်ဖွဲ့များသဖွယ် ရပ်တည် ကြရန်ဟူသော ရည်ရွယ်ရင်းရှိသည်။ ထိုနယ်ခြားစောင့်တပ်ဖွဲ့ များဖွဲ့စည်းပုံနှင့် အစိုးရတပ်များဖွဲ့စည်းပုံသည် တထေရာတည်း ဆိုရလောက်အောင် တူညီကြပြီး အစိုးရတပ်နှင့် မတူသော ဝတ်စုံများ ဝတ်ရသော်လည်း အစိုးရတပ်၏ ကွပ်ကဲမှုလက်အောက်တွင် နေရသည်။ ၂၀၀၉ ခုနှစ်တွင် အစိုးရ၏ ညွှန်ကြားချက်ထုတ်ပြန်မှုအရ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းမှုတွင် တပ်ရင်းတစ်ရင်း၏ ဖွဲ့စည်းပုံသည် တပ်သား ၃၂၆ ယောက်ဖြင့်ဖွဲ့စည်းရမည်ဖြစ်ပြီး ထိုတပ်သားများအနက်မှ အယောက် ၃၀မှာ အစိုးရတပ်မှ ဖြစ်မည်ဟု ထုတ်ပြန်ခဲ့သည်။ နယ်ခြားစောင့်တပ် ဖွဲ့ဝင်အားလုံးသည် သူတို့စစ်သင်တန်းများ စတင်လေ့ကျင့်သည့် အချိန်မှစပြီး ပုံမှန်တပ်လစာများ ထုတ်ယူနိုင်မည်ဟု ဆိုသည်။[108] လက်တွေ့တွင်မူ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအားလုံးသည် အစိုးရတပ်မှ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာ အပြည့်အဝထောက်ပံ့မှု မရသည်ကို အစီအရင်ခံစာများအရ သိရသည်။ အချို့သော တပ်ဖွဲ့ဝင်များမှာ အစိုးရတပ်များထံမှ လက်နက်များရသည်ဆိုသောလည်း အချို့သော နယ်ခြားစောင့်တပ်များမှာမူ လက်နက်ကိုင်ရရေးတွင် မိမိကိုယ်ကိုယ်သာ အားကိုးရပြီး ဒေသခံများကို အလုပ်ကြမ်းများခိုင်းစေပြီး မိမိတို့ အဆောက်အဦ ဆောက်လုပ်ရေးအတွက် ထောက်ပံ့ရသည်ဟု ဆိုသည်။[109]

နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် အပစ်အခတ်ရပ်ဆဲရေး လက်မှတ်ထိုးပြီးသည့်အခါတွင် တိုက်ရိုက် တိုက်ခိုက်ရသော စစ်မြေပြင်များတွင်လည်း နေရာချထားခြင်းခံရပြီး လတ်တလော ရင်ဆိုင်တိုက်ခိုက်ရသည်မှာ KNLA ဖြစ်သည်။ KNLA သည် ၂၀၁၀ နှစ်လည်ပိုင်းမှ ၂၀၁၂ခုနှစ် ဇန်နဝါရီလအထိ အစိုးရတပ်များနှင့် တိုက်ပွဲများဖြစ်ပွားနေသော အဖွဲ့ဖြစ်သည်။ နယ်ခြားစောင့်တပ်ဖွဲ့များသည် အစိုးရ၏ စီးပွားရေးအကျိုးကို လုံခြုံစေရန်အတွက်ကိုလည်း တပ်ချထားခြင်းခံရပြီး တာတမံများကို စောင့်ရခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စောင့်ရခြင်းတို့ကိုလည်း ပြုလုပ်ရသည်။[110]

## ၆.၂ ။ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းအသုံးပြုမှုများ

နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအဖြစ် အသွင်ပြောင်းသွားကြသော လက်နက်ကိုင်တပ်ဖွဲ့များသည် ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းပြီး တိုက်ပွဲအတွင်းအသုံးပြုမှုများကို တပ်အသွင်မပြောင်းခင်ကပင် ပြုလုပ်နေခဲ့ ကြပြီး ထိုသို့နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းမှုဖြစ်စဉ်အတွင်းတွင်လည်း အဆိုပါကလေးစစ်သားများကို တပ်ဖြုတ်ပြန်လွှတ်ရန်အတွက် အစီအစဉ်များ ပြုလုပ်ခြင်းမရှိသည် ကိုလည်း တွေ့ရသည်။[111] ၂၀၁၁ တွင် နယ်ခြားစောင့်တပ်များသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် တိုက်ပွဲများနှင့် သက်ဆိုင်ရာ နောက်ဆက်တွဲ အစီအရင်ခံစာတွင် (တပ်မတော် ကြည်းနှင့်အတူ) ကလေးသူငယ်များကို တပ်သားအဖြစ် ခေါ်ယူအသုံး ပြုသူများ အဖြစ်စာရင်းဝင်ခဲ့သည်။[112]

အောက်ပိုင်းတွင် တင်ပြထားသော နယ်ခြားစောင့်တပ်ဖွဲ့အတွင်း သီးခြားလေ့လာမှုအရ ယနေ့အချိန်အထိ အစိုးရပိုင်းမှ နယ်ခြားစောင့် တပ်ဖွဲ့များအတွင်း ကလေးစစ်သားများရှိနေခြင်းတွင် ထိုကလေးစစ်သားများကို စိစစ်ပြီးပြန်လွှတ်နိုင်ရေးနှင့် မိသားစုနှင့် ပြန်လည်ပေါင်းစည်း စေ

---

108 Tom Kramer, "Neither War nor Peace: The Future of the Cease-fire Agreements in Burma", p.35, Transnational Institute, July 2009. ကရင်ပြည်နယ်တွင် ပြုလုပ်သည့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်က DKBA တပ်များမှ ပြောင်းလဲသွားသည့် BGF အတွင်းရှိ စစ်သားများသည် လေ့ကျင့်ရေးစတင်သည်အထိ လစာများ မရရှိကြပါဟု အတည်ပြုပြောကြားသည်။

109 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။

110 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်။

111 ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူး၏ ၂၀၁၀ အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် ပါရှိသည့် ကရင် အမျိုးသား ပြည်သူ့လွတ်မြောက်ရေး တပ်ဦးနှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်/ ကိုးကန့် တပ်မတော် တို့သည် နယ်ခြားစောင့်တပ်များ (နယ်ခြားစောင့်တပ် ၁၀၀၄ နှင့် နယ်ခြားစောင့်တပ် ၁၀၀၆ တို့အဖြစ် အသီးသီး) ပေါင်းစည်းသွားခဲ့သည်။ See Children and armed conflict, Report of the Secretary-General, UN Doc. A/64/742–S/2010/181, 13 April 2010. DKBA ခွဲထွက်အုပ်စု တစ်ခုသည်လည်း နယ်ခြားစောင့်တပ်များအဖြစ် ပူးပေါင်းသွားခဲ့သည်။ (see Children and armed conflict, Report of the Secretary-General, UN Doc. A/65/820–S/2011/250, 23 April 2011).

112 Children and armed conflict, Report of the Secretary-General, UN Doc. A/65/820–S/2011/250, 23 April 2011, Annex I.

ရေးတို့အတွက် ထိုသို့ကလေးစစ်သားများ ရှိနေခြင်းကို သီးခြားအသိအမှတ်ပြုရန် စနစ်တကျ အားထုတ်မှုများမရှိသေးသည်ကို တွေ့ရသည်။ နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့၏ ရရှိထားသော အချက်အလက်များအရ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် တပ်မတော် ကြည်း ၏ ကွပ်ကဲမှုအောက်တွင် အောက်ခြေသို့ အမိန့်သက်ရောက်နိုင်မှုနှင့် စည်းကမ်းတကျဖြစ်စေမှုများ အားနည်းနေသည်ကို တွေ့ရသည်။ ထိုသို့သောအခြေအနေများကြောင့် အဖွဲ့တွင်း တပ်သားစုဆောင်းမှုများ ပြုလုပ်ရာတွင် အတည်ပြုပြီးဖြစ်သော ဥပဒေနှင့် မူဝါဒများနှင့် သွေဖီကာ တရားဝင်လုပ်ဆောင်မှုစည်းကမ်း အပြင်ဘက်မှ စုဆောင်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၂ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂနှင့် မြန်မာအစိုးရတို့အကြား ကလေးစစ်သား စုဆောင်းမှုပပျောက်ရေးနှင့် ကလေးစစ်သားများကို ပြန်လွှတ်ပေးပြီး ပြန်လည်ဘဝ ထူထောင်နိုင်ရေးများနှင့် ပတ်သက်သည့် ပူးပေါင်းလုပ်ဆောင်မှု အစီအမံဆိုင်ရာ သဘောတူလက်မှတ်ထိုးထားသော စီမံကိန်းတွင် နယ်ခြားစောင့်တပ်ဖွဲ့များအားလည်း အစိုးရတပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းသတ်မှတ်ထားပြီး နယ်ခြားစောင့်တပ်ဖွဲ့များ၏ လုပ်ကိုင်မှုများအတွက်လည်း မြန်မာအစိုးရတွင် တာဝန်ရှိမှုကို အသိအမှတ်ပြုထားပြီးဖြစ်သည်။ ထိုအတူတကွ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းထူထောင်မှု၏ အောင်မြင်မှု အတိုင်းအတာကို တိုင်းတာသည့် မည့်သည့်ပုံစံအမျိုးမျိုးဖြစ်စေကာမူ ထိုတိုင်းတာသည့်ပုံစံသည် အစိုးရက နယ်ခြားစောင့်တပ်ဖွဲ့များ၏ ကလေးစစ်သားများစုဆောင်းမှုလုပ်ရပ်များကို အောက်ပါသီးခြားလေ့လာမှုတွင် ဖော်ပြထားသကဲ့သို့ မည်သို့ ဖော်ထုတ်တင်ပြသည့် အခြေအနေကို မူတည်ပြီး အကဲဖြတ်သင့်သည်။

## ၆.၃ ။ သီးခြားဖြစ်စဉ်ကို လေ့လာမှု။ ။နယ်ခြားစောင့်တပ်(ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော်)[113]

*ဖွဲ့စည်းပုံ*

၂၀၁၀ခုနှစ် ဩဂုတ်လတွင် DKBA တပ်၏ အများစုသော တပ်သားများသည် နယ်ခြားစောင့်တပ်များ အဖြစ် အသွင်ကူးပြောင်းခဲ့ကြပြီး[114] ထိုကူးပြောင်းမှုအတွက် တပ်မတော် ကြည်း အရှေ့တောင်တိုင်းစစ်ဌာန ဗိုလ်ချုပ်က ဦးစီးပြီး တရားဝင်အသိမှတ်ပြုမှုအထိန်းအမှတ်ပွဲများ ကရင်ပြည် နယ်အနှံ့ လေးနေရာခွဲ၍ ကျင်းပခဲ့သည်။[115] နယ်ခြားစောင့်တပ်အဖြစ်သို့ အသွင်ပြောင်းခဲ့သော DKBA ၏ တပ်သားအရေအတွက် အတိ အကျမှာ အငြင်းပွားဖွယ်ရာဖြစ်သော်လည်း အားလုံးလက်ခံထားသည့်အချက်မှာ နယ်ခြားစောင့်တပ် တပ်ရင်း ၁၃ ခုရှိသည့်အနက် ၁၂ခုမှာ DKBA မှ တပ်သားများဖြင့် ဖွဲ့စည်းထားပြီး ကျန်တစ်ခုမှ KNU မှ ခွဲထွက်လာသော အစိတ်အပိုင်းဖြစ်သည့် ကချင်ငြိမ်းချမ်းရေးတပ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကရင်ငြိမ်းချမ်းရေးတပ်သည် နောက်ပိုင်းတွင် နယ်ခြားစောင့်တပ် အမှတ် ၁၀၂၃အဖြစ် အသွင်ပြောင်းခဲ့သည်။[116] အစိုးရ၏ မူလညွှန်ကြားချက်အရ နယ်ခြားစောင့်တပ်ရင်း တစ်ခုတွင် တပ်သား ၃၂၆ ယောက်ရှိရမည်ဖြစ်ပြီး[117] အမှန်တကယ် ဖွဲ့စည်းထားသော တပ်သားအရေအတွက်များမှာ ထိုထက်နည်းနေပြီး တပ်သားဦးရေ ၃၅ယောက်မှ ၁၅၀ ဝန်းကျင်အထိသာ တပ်ရပ်တစ်ရင်းတွင် အခြေစိုက်ကြသည်ကို တွေ့ရသည်။[118]

တပ်ရင်းတစ်ခုစီတွင် တပ်ရင်းမှူးသည် ယခင် DKBA တပ်ရင်းမှူးများဖြစ်ကြပြီး ထိုတပ်ရင်းမှူးနှင့် လက်အောက်ခံ တပ်သားများကြားတွင် ရှိသော အရာရှိငါးယောက်တို့မှာ တပ်မတော် ကြည်း တပ်မှဖြစ်လေ့ရှိသည်။ နယ်ခြားစောင့်တပ်စု တစ်ခုစီတွင် တပ်မတော် ကြည်း မှ တပ်သားများက ထောက်ပံ့တပ်အနေဖြင့်ပါဝင်ကြပြီး ပါဝင်သည့် နေရာများမှာ ဆက်သွယ်ရေး၊ ထောက်လှမ်းရေး၊ အင်ဂျင်နီယာများ၊ နည်းပညာရှင်များနှင့် ယာဉ်မောင်းများအဖြစ် ပါဝင်ကြသည်။ တရားဝင်အားဖြင့်မူ (နယ်ခြားစောင့်တပ်ရင်းတစ်ခုတွင် ပါဝင်သော တပ်မတော် ကြည်း တပ်သားအရေအတွက် ၂၈ ယောက် မှ ၃၀) ယောက် ခန့်ရှိသော တပ်သားများသည် အဆိုပါနယ်ခြား စောင့်တပ်ရင်းတွင် အမြဲတမ်းစခန်းချနေရမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများ ပပျောက်ရေး အဖွဲ့၏ ရရှိထားသော အချက်အလက်များအရ အဆိုပါ စည်းမျဉ်းမှာ အချို့သော တပ်ရင်းများ စတင် ဖွဲ့စည်းလိုက်စဉ်ကာလတွင် အသေအချာ ကျင့်သုံးမှုမရှိပေ။ သို့သော်လည်း ၂၀၁၂ခုနှစ် မေလတွင်မူ တပ်မတော် ကြည်း ၏ နယ်ခြား စောင့်တပ်များအပေါ် ကွပ်ကဲမှုကို အားကောင်းစေသည့်အနေဖြင့် ထိုစည်းမျဉ်းကို တိတိကျကျ လိုက်နာစေ

113 အသွင်ပြောင်းသည့် DKBA ကို လက်ရှိတွင် BGF ၁၀၁၁-၁၀၂၂ ဟု သိရှိထားသည်။ ထို့ကြောင့် ဤအစီရင်ခံစာက ၂၀၁၀ ခုနှစ်တွင် BGF များအဖြစ် အသွင်ပြောင်းသွားသည့် ထို DKBA အင်အားစုများကို ရည်ညွှန်းရန် BGF ဟူသော အခေါ်အဝေါ်ကို သုံးနှုန်းသည်။

114 ကျန်ရှိနေသည့် DKBA အုပ်စုသည် အစိုးရအား ဆန့်ကျင်လျှက်ရှိသည်။ ဤအုပ်စုကို DKBA (တပ်မဟာ ၅) ဟု သိထားကြသည်။ ၅၅၅ သို့မဟုတ် ကလိုထူးဘော်ဟုလည်း ခေါ်တွင်သည်။ သို့သော် ယခုတွင် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) ဟုခေါ်တွင်သည်။ (အပိုင်း ၇ တွင်ကြည့်)။

115 N. Noreen, "DKBA officially becomes Border Guard Force", *Democratic Voice of Burma*, 19 August 2010, http://www.dvb.no.

116 K. Yhome, "Myanmar's Changing Political Landscape: Key Players and Recent Trends", Appendix III, p.25, Observer Research Foundation, September 2011, http://www.observerindia.com.

117 Tom Kramer, "Neither War nor Peace: The Future of the Cease-fire Agreements in Burma", p.35, Transnational Institute, July 2009.

118 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။

ခဲ့သည်။ တပ်မတော် ကြည်းမှ အရာရှိများသည် နယ်ခြားစောင့်တပ်ရင်း ဌာနချုပ်များကို ပုံမှန်လေ့လာကြည့်ရှုပြီး တပ်တွင်းရှိသော တပ်သားအရေအတွက်ကို အနီးကပ် စစ်ဆေး ကြည့်ရှုရန် ညွှန်ကြားခြင်းခံထားရသည်။[119]

နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့က သိရသည်မှာ နယ်ခြားစောင့်တပ်ဖွဲ့အားလုံး ပြောင်းလဲရေး အဆင့်တွင် တစ်ပတ် တက်ရသော စစ်သင်တန်းမှ လွဲ၍ အခြား စနစ်တကျစစ်သင်တန်းပေးခြင်းများကို နယ်ခြားစောင့်တပ်ရင်းများက မရရှိခဲ့ကြပေ။[120] အတည်မပြုနိုင်သော သတင်းများထွက်ပေါ်နေသည်မှာ နယ်ခြားစောင့်တပ်ရင်းများသည် အစိုးရထံမှ လက်နက်များ တိုက်ရိုက် ထောက်ပံ့မှုကို မရရှိကြပဲ လက်နက်ဝယ်ရန် ရန်ပုံငွေကိုသာ ရရှိခဲ့ကြသည်ဟူသော သတင်းပင်ဖြစ်သည်။[121]

## နယ်ခြားစောင့်တပ်ဖွဲ့များ၏ ကလေးစစ်သား စုဆောင်းအသုံးပြုမှုများ

DKBA သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် စစ်ပွဲများဆိုင်ရာ နှစ်စဉ်အစီရင်ခံစာများတွင် စစ်ပွဲများအတွင်း ကလေးစစ်သားများကို စုဆောင်းအသုံးပြုသူများထဲတွင် ပါဝင်ခဲ့သည်ဟု ၂၀၀၇၊၂၀၀၉၊၂၀၁၀၊၂၀၁၁နှင့် ၂၀၁၂ တွင် ထုတ်ပြန်သော အစီအရင်ခံစာများတွင် ဖော်ပြခံခဲ့ရသည်။ DKBA သည် ၂၀၁၀[122] နှင့် ၂၀၁၁[123] ခုနှစ်များတွင် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းပြီးသည့် နောက်တွင်လည်း မကြာခဏဆိုသလိုပင် အသက်မပြည့်သေးသောသူများကို စစ်သားစုဆောင်းနေခဲ့ကြောင်း အစီအရင်ခံစာများ ရရှိထားခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့သည် စစ်ဖြစ်ပွားရာ နေရာများအတွင်း ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်း အသုံးပြုသူများအဖြစ် တပ်မတော် ကြည်း နှင့်အတူ ၂၀၁၂ခုနှစ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် စစ်ပွဲများနှင့် ပတ်သက်သော အစီရင်ခံစာတွင် ဖော်ပြခံခဲ့ရသည်။

တပ်မတော် ကြည်းမှ နယ်ခြားစောင့်တပ်များသို့ အသက်မပြည့်သော တပ်သားစုဆောင်းမှုမပြုလုပ်ရန် အမိန့်မှာ အဖွဲ့တွင်း ကလေးစစ်သားစုဆောင်း မှုနှုန်းကို[124] အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိစေခဲ့ကြောင်း တွေ့ရသည်။[125] သို့သော်လည်း တပ်သားစုဆောင်းမှု လုပ်ထုံးလုပ်နည်းများသည် အသက်မပြည့်သေးသော စစ်သားစုဆောင်းမှုကို ရပ်တန့်တားဆီးနိုင်လောက်သည်အထိ အားကောင်းခိုင်မာလာအောင် ယခုအချိန်အထိ တိုးမြှင့်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ အချို့သော သတင်းရင်းမြစ်များအရ နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့က သိရသည်မှာ နယ်ခြားစောင့်တပ်ဗိုလ်များသည် သူတို့၏ အသက်မပြည့်သေးသော စစ်သားစုဆောင်းမှုများကို ဖုံးကွယ်လိုသဖြင့် တပ်မတော် ကြည်းနှင့် ပူးတွဲလေ့ကျင့်ရသည့်အခါတိုင်းတွင် ကလေးစစ်သားများကို မထည့်သွင်းစေပဲ ဝှက်ထားခဲ့သည်ဟု ဆိုသည်။ နယ်ခြားစောင့် တပ်ဖွဲ့သည် သူတို့၏ တပ်သားအင်အားကို များပြားလာအောင် ပြုလုပ်ရန် တောက်လျှောက်ဖိအားများရှိနေသလို တပ်မှထွက်ပြေးသူ၊ ဘက်ပြောင်းသူများကလည်း အမြဲတမ်းပင်ရှိနေသည်။ ယခုကဲ့သို့သော အခြေအနေတွင် နယ်ခြားစောင့်တပ် ဗိုလ်များမှာ အင်အားသုံးပြီး တပ်သား စုဆောင်းရန်သာ လုပ်ရတော့သည်ဟု ဆိုသည်။ ထို့နောက်တွင်မူ တပ်တွင်း အသက်စိစစ်သည့် လုပ်ထုံးလုပ်နည်းမရှိမှု၊ နိုင်ငံတကာ စံနှုန်းများနှင့် နယ်မြေခံဥပဒေများ အောက်ခြေပိုင်းနယ်ခြားစောင့်တပ် အရာရှိများအကြားတွင် ဗဟုသုတ မရှိမှုများကြောင့် ကလေးသူငယ်များ သည် တပ်အတွင်းသို့ အတင်းအကြပ် ခေါ်ယူစုဆောင်းခြင်းခံရတော့သည်။

အစီရင်ခံစာများအရ နယ်ခြားစောင့်တပ်၏ လက်အောက်တွင်ရှိသော ကျေးရွာများတွင် ခွဲတမ်းတွင် တပ်သားအရေအတွက်ပေးရန် အမိန့်များ ထုတ်ခြင်းလည်း ရှိလာခဲ့ကြောင်းတွေ့ရသည်။ DKBA သည် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်မပြောင်းမီကာလကလည်း သူ၏ထိန်းချုပ်မှုအောက်တွင်ရှိသော ကျေးရွာများတွင် အိမ်ထောင်စုများက မဲနှိုက်ပြီး မိသားစုဝင်တစ်ဦးကို တပ်သားအဖြစ် ထည့်ပေးသင့် မပေးသင့် ဆုံးဖြတ်သည့် စနစ်ရှိခဲ့သည်။[126] စိတ်ချရသော အစီအရင်ခံစာများအရ အချို့မိသားစုများသည် အသက် ၁၈နှစ်အောက် ကလေးများကို

---

119 BGF စခန်းများသို့ ပုံမှန်သွားလာခွင့်ရှိသည့် အရင်းအမြစ်တစ်ခုနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်း (လုံခြုံရေးအရ တည်နေရာကို လျှို့ဝှက်ထားသည်)၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ ၁၆ ရက်။

120 BGF ကို စွန့်ခွာခဲ့သူတစ်ဦးနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ။

121 BGF ကို စွန့်ခွာခဲ့သူတစ်ဦးနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ။

122 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့မှ ကရင် လူ့အခွင့်အရေးများ အုပ်စုထံမှ ရရှိသည့် သတင်းအချက်အလက်၊ မဲဆောက်၊ ၂၀၁၂ခုနှစ် ဩဂုတ်လ ၁၉ ရက်။

123 Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 69.

124 အလယ်အလတ်အဆင့် *တပ်မတော် (ကြည်း)* အရာရှိက BGF တပ်မှူးများအား မွန္တလေးမြို့နယ်ရှိ မြစ်သားလေးပြိုင်မြို့နှင့် မြဝတီမြို့တို့တွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလနှင့် ဩဂုတ်လများတွင် သီးခြား ကျင်းပသည့် အစည်းအဝေး နှစ်ခုတွင် ကလေးစစ်သားများ စုဆောင်းခြင်းကို ရပ်ဆိုင်းရန် ပြောသည်ဟု ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ရရှိသည့် သတင်းအချက်အလက်များက ပြသသည်။

125 DKBA တပ်မှူးများအား လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလ။

126 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့နှင့် HREIB တွေ့ဆုံမေးမြန်းခြင်းများ၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ၂၀၁၁ ခုနှစ် မတ်လ။

စစ်သားအဖြစ်ထည့်လိုက်ရပြီး မိသားစုတွင်း အသက်ပြည့်သော လူကြီးများမှာမူ အလုပ်ကောင်းကောင်းလုပ်နိုင်သော အလုပ်သမားအဖြစ်သာ သတ်မှတ်ပြီး ချန်ရစ်နေခိုင်းသည်ကိုလည်း တွေ့ရသည်။

၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ်ဖွဲ့အတွင်းသို့ အလုံးအရင်းနှင့် တပ်သားစုဆောင်းရန် အစီအစဉ်တစ်ခုကို စတင်ခဲ့ကြသည်။ ထိုသို့ဖြစ်ပွားခဲ့ရသည်မှာ တပ်တွင်းတွင် တပ်ပြေးများ၊ ဘက်ပြောင်းသူများ များပြားလာမှု၊ တပ်မတော် ကြည်း က တပ်တွင်း အသက်ငါးဆယ် ကျော်သူများအား တပ်ဖြုတ်ခိုင်းမှုတို့ကြောင့်ဖြစ်သည်။[127] ထိုသို့ တပ်သားစုဆောင်းမှု၏ စုစုပေါင်းအရေအတွက်ကို ခန့်မှန်းရန်ခက်ခဲသော်လည်း သီးခြားရင်းမြစ်များအရ အဆိုပါ တပ်သားအဖြစ် စုဆောင်းခံရသူများထဲတွင် ၁၈နှစ်အောက်များပါဝင်နေသည်ဟူသော အချက်ကိုတော့ အတည်ပြုမှုရရှိ ထားခဲ့သည်။[128]

၂၀၁၀ခုနှစ်အတွင်း နယ်ခြားစောင့်တပ်အတွင်းသို့ တပ်သားအဖြစ်စုဆောင်းခံရသူများမှာ အများအားဖြင့် ဆင်းရဲသော၊ တောနယ်ဒေသမှဖြစ်ပြီး ပညာမတတ်ကြသူများလည်း ဖြစ်ကြသည်။[129] ထိုသို့ နယ်ခြားစောင့်တပ်အတွင်းသို့ တပ်သားအဖြစ်ခေါ်ယူခံရရာတွင် အများစုမှာ အင်အားသုံးခေါ်ယူခံရခြင်းဖြစ်ပီး နယ်ခြားစောင့်တပ်စခန်းနှင့်နီးသော ကျေးရွာများသို့ တပ်ဖွဲ့ဝင်များကသွားရောက်ပြီး တပ်သားသစ်များ ပေးရန် အမိန့်ပေးမှုမျိုးဖြင့် ခေါ်ယူခံရခြင်းဖြစ်သည်။ အကယ်၍ ရွာသားများက တပ်သားသစ်များပေးရန် ပျက်ကွက်ပါက ပျက်ကွက်သူ တပ်သားဦးရေတစ်ဦးစီအတွက် ကျပ်ငွေ သုံးသောင်း မှ ငါးသောင်းအထိ ပေးဆောင်စေသည်။[130] အချို့အခြေအနေများတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် တစ်လဝင်ငွေ သုံးသောင်းဟူသော ပမာဏသည် အိမ်ထောင်စုများကို ၎င်းတို့၏ သားများအား နယ်ခြားစောင့်တပ်များသို့ လွှတ်စေသော အကြောင်းအရင်းများလည်း ဖြစ်နေတတ်သည်။ လက်နက်ကိုင်များကသာ အုပ်ချုပ်နေပြီး မရှိဆင်းရဲချို့ငဲ့မှုများကလည်း နေရာအနှံ့ဖြစ်နေသည်ဆိုလျှင် နယ်ခြားစောင့်တပ်ဖွဲ့တွင် အလုပ်တစ်ခုရသွားခြင်းသည် အင်အားနှင့် အခွင့်အလမ်းများရရှိရန် လမ်းကြောင်းတစ်ခု အဖြစ် ထင်စရာဖြစ်မည်ဖြစ်သည်။ ထိုသို့ဖြစ်ရသည့် အကြောင်းအရင်းမှာ တပ်သား စုဆောင်းသူများသည် ငယ်ရွယ်သူကလေးငယ်များအား သူတို့၏ ဝတ်စုံများဝတ်ပြီး သေနတ်ကိုင်မည်ဆိုလျှင် အခြားသူများထက် ပိုပြီး အင်အားကြီးနိုင်မည်ဖြစ်ကြောင်း တက်တက်ကြွကြွဖျက်ဆီးပြီး စည်းရုံးကြသောကြောင့် ဖြစ်သည်။ ပညာသင်ကြားရန် အခြေအနေမပေးမှုနှင့် အခြားအလုပ်အကိုင် အခွင့်အလမ်းရှားပါးမှုတို့ကြောင့် ငယ်ရွယ်သူလူငယ်များအတွက် စစ်ထဲသို့ ဝင်ရသည်မှာ ဆွဲဆောင်မှုတစ်ခုဖြစ်နေပြီး စစ်ထဲသို့မဝင်လျှင်လည်း အနည်းငယ်မျှသော ဝင်ငွေအတွက် ပင်ပန်းကြီးစွာ အလုပ်လုပ်ရမည်ဖြစ်သောကြောင့်လည်း တကြောင်းဖြစ်သည်။[131]

နိုင်ငံတကာ ကလေးစစ်သားများ ပပျောက်ရေးအဖွဲ့သည် အဆိုပါ နယ်ခြားစောင့်တပ်ဖွဲ့၏ တပ်သားစုဆောင်းမှု ဖြစ်စဉ်အတွင်း အသက်စိစစ်မှုဖြစ်စဉ်ရှိသည်ဆိုသော မည်သည့် သက်သေအထောက်အထားကိုမျှ မရရှိ ထားပါ။ အချို့သောကလေးများမှာ တပ်ပြေးများ၊ တပ်ပြောင်းသူများ၏ မှတ်ပုံတင်ကတ်ပြားများကို တပ်သားစုဆောင်းချိန်တွင်ပေးပြီး အသက်ပြည့်သူအဖြစ် တပ်အတွင်းမှတ်ပုံတင်စေသည်ကိုလည်း တွေ့ရသည်။[132] နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့ ၏ ၂၀၁၁ခုနှစ်တွင် ရရှိသော ဖြစ်စဉ်တစ်ခု၏ သတင်းအရ ၁၃နှစ်အရွယ်ရှိ ကလေးငယ်တစ်ဦးသည် နယ်ခြားစောင့် တပ်စခန်းမှ စစ်ဗိုလ်တစ်ဦး၏ ခေါ်ဆောင်သွားခြင်းကိုခံရပြီး နယ်ခြားစောင့်တပ်အတွင်းသို့ လိုလိုချင်ချင် ဝင်ရောက်ပါသည်ဟူသောစာအား အတင်းလက်မှတ်ထိုးခိုင်းခံခဲ့ရသည်ဟု သိရသည်။ အဆိုပါ ကလေးတပ်သားသစ်မှာ မြဝတီရှိ အခြား ကလေးတပ်သားသစ် လေးဦးရှိသော တပ်စခန်းသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်ဟု ဆို၏။[133]

တပ်သားသစ်အဖြစ် ခေါ်ယူခံရပြီဆိုလျှင် ကလေးသူငယ်များသည် နယ်ခြားစောင့်တပ်ဖွဲ့အတွင်းတွင် လူကြီးများထမ်းဆောင်ရသကဲ့သို့ပင် တပ်သားများ၊ အစောင့်များ၊ ထောက်ပို့သယ်ယူပေးသူ တပ်သားများ အနေဖြင့် ပါဝင်ရသည်။ တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများနှင့်သာ နေရပြီး စည်းကမ်း ချိုးဖောက်ပါက ပြင်းထန်စွာ အပြစ်ပေးလေ့ရှိသည်။ နယ်ခြားစောင့်တပ်ရင်းအသီးသီးအတွင်း လေ့ကျင့်မှုများ တွင်လည်း အားလုံးသည် တသားတည်းဖြစ်မနေသည်ကိုလည်း တွေ့ရသည်။ အချို့သော ရင်းမြစ်များအရ သိရသည်မှာ တပ်သားသစ်များသည် သေနတ်နှင့် ဝတ်စုံကိုသာ ရပြီး[134] အချို့သော တပ်သားများမှမူ အခြေခံစစ်ပညာ များဖြစ်သော ချီတက်လမ်းလျှောက်ခြင်း၊ သန့်ရှင်းရေး လုပ်ခြင်း၊

127 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။

128 ဗိုလ်မှူးစန်းအောင်၊ စုံစမ်းရေးအထက်အရာရှိ၊ DKBA နှင့် ပြုလုပ်သည့် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာ အဖွဲ့၏ တွေ့ဆုံမေးမြန်းခြင်း။

129 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ဇူလိုင်လ ၉ ရက် ၂၀၁၂၊ မြန်မာ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။

130 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ဇူလိုင်လ ၉ ရက် ၂၀၁၂၊ မြန်မာ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။

131 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ BGF ကို စွန့်ခွာခဲ့သူများနှင့် လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၄ ရက်၊ ၂၀၁၂ခုနှစ် ဩဂုတ်လ ၅ ရက်။

132 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။

133 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။

134 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။

သေနတ်ပြင်ပြီး အပစ်လေ့ကျင့်ခြင်းနှင့် တခြား နည်းဗျူဟာပိုင်းဆိုင်ရင် လေ့ကျင့်ရေးသင်တန်းတို့ကို တက်ရောက်ရသည်။[135] သို့ရာတွင် ထိုသို့ တပ်သားသစ်များကို နေရာသတ်မှတ် ခန့်ထားရာ၌ ခန္ဓာကိုယ် အရွယ်အစားနှင့် ကိုယ်ကာယစွမ်းရည်ကို ကြည့်ပြီးမှသာ နေရာချထားခြင်း ဖြစ်သည်။ ကလေးစစ်သားသစ်များသည် လက်နက်ကိုင်ဆောင်စေပြီး တိုက်ပွဲဖြစ်နိုင်သောနေရာများတွင် တပ်ချထားစေသော်လည်း အများအားဖြင့်တွေ့ရသည်မှာ စစ်ဆေးရေးဂိတ် များတွင် တာဝန်ချထားခြင်း၊ ရှေ့ဦးတပ်အဖြစ် အသုံးပြုခြင်း၊ အစောင့် သို့မဟုတ် ချက်ပြုတ်သူ၊ ထင်းကောက်သူများအဖြစ် အသုံးပြုခြင်းတို့ကို နယ်ခြားစောင့်တပ်စခန်းများအတွင်း တွေ့ရလေ့ရှိသည်။[136] နယ်ခြားစောင့် တပ်အတွင်းရှိ ကလေးငယ်များကို ပညာသင်ကြားမှုပေးခြင်းလည်း မရှိပေ။

## ၇။အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများမှ အသက်မပြည့်သေးသော ကလေးစစ်သားများစုဆောင်း အသုံးပြုခြင်း

| |
|---|
| မြန်မာနိုင်ငံအတွင်းတွင်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် ကလေးစစ်သားများ စုဆောင်းပြီး စစ်မြေပြင်တွင် အသုံးပြုနေကြောင်းသိရသည်။ ထိုအဖွဲ့များထဲမှ ယခုအပိုင်းနံပါတ် ၇၊ ခေါင်းစဉ်ခွဲ ၁ တွင်ဖော်ပြမည်ဖြစ်သည့် သီးခြားဖြစ်စဉ် လေ့လာမှု တွင် ပါဝင်နေသော KNU/KNLA နှင့် DKBA ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များက အဆိုပါ ကလေးစစ်သားများ စုဆောင်း အသုံးပြုမှုများကို တားဆီးရန်အတွက် စတင်ဖော်ဆောင်မှုများလုပ်လာကြသည်။ မည်သို့ဆို စေကာမူ ထိုသို့ အထက်ပိုင်းမှလာသော အမိန့်များမှာ လက်ဆုပ်လက်ကိုင်ပြနိုင်သော တွန်းအားပေးမှုပုံစံများ မပါဝင်ပဲ ဖြစ်နေသည်။ ထိုသို့ဖြင့် ကလေးသူငယ်များက လက်နက်ကိုင်အဖွဲ့များနှင့် မလျော်ကန်သော ပူးပေါင်းဆောင် ရွက်ရခြင်း(ကလေးများ စစ်တိုက်ရခြင်း)များ ဆက်လက်ရှိနေပြီး အဆိုပါကလေးများသည် စစ်စခန်းများတွင် အကာအကွယ်ရရန်၊ အစားအစာရရန်နှင့် နေထိုင်စရာရရန်တို့အတွက် စစ်သားများ နှင့်အတူ ပုံမှန်နေထိုင်နေရသည်။ အချို့ အခြေအနေများတွင် ကလေးများသည် စစ်စည်းကမ်းများအတိုင်း နေထိုင်ကြရသည်။ ထိုကဲ့သို့စစ်စခန်းများတွင် ကလေးများရှိနေခြင်းမှာ စစ်ပွဲအတွင်းထိခိုက်ဒဏ်ရာရမှု များတွင် ကလေးများပါ ပါဝင်လာနိုင်ခြေကိုပါ မြင့်မားစေသည်။ အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကလေးသူငယ်များ ကိုစုဆောင်း အသုံးပြုမှုများအား အဆုံးသတ် စေရန်အတွက် ကုလသမဂ္ဂ နှင့်တကွ အခြားသော ကလေးသူငယ် စောင့်ရှောက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးပမ်းမှုများမှာလည်း မြန်မာအစိုးရ၏ ထိုအဖွဲ့များကို အဆိုပါလက်နက်ကိုင်များနှင့် ဆက်သွယ်ခွင့်ပေး ရန် ငြင်းဆန်မှုများကြောင့် အခက်အခဲတွေ့ရသည်။ |

အတော်အတန်များပြားသော ပမာဏရှိသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်းရှိ နေရာ ဒေသ အသီးသီးတွင် လှုပ်ရှားနေကြ၏။ အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းများ အနက်တွင် အချို့သောအဖွဲ့များမှာ ကလေးစစ်သားများ စုဆောင်း အသုံးပြုနေကြောင်း သိရသောကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီအရင်ခံစာ စာရင်းတွင်ဖော်ပြထားခံရပြီး ထိုအဖွဲ့များမှာ DKBA ၊ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ကရင်အမျိုးသား တပ်ပေါင်းစု/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ(KNU/KNLAPC)၊ ကရင်နီတပ်မတော်(KA)၊ တောင်ပိုင်းရှမ်းတပ်မတော် (SSA-S)နှင့် ဝပြည်ညီညွတ်ရေး တပ်မတော်(UWSA) တို့ဖြစ်ကြသည်။

ကလေးသူငယ်များနှင့် စစ်ပွဲပဋိပက္ခများဆိုင်ရာ လုံခြုံရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့၏ ၂၀၀၉ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နောက်ဆုံးထုတ်ပြန်ထားချက်တွင် ပါရှိသော မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များနှင့် စစ်ပွဲပဋိပက္ခများနှင့်ပတ်သက်၍ နောက်ဆုံးနိဂုံးချုပ်ထားမှုများတွင် "စစ်ပဋိပက္ခများတွင် ပါဝင်သူဘက်အားလုံး"ကို မိမိတို့၏ လုပ်ပိုင်ခွင့်ရာထူးအတွင်း အောက်တွင်ရှိနေသော ကလေးစစ်သားများကို ပြန်လွှတ်ပေးရန်နှင့် နိုင်ငံအလိုက် ကုလသမဂ္ဂအဖွဲ့ဝင်တပ်များ၏ ထိရောက်သော စောင့်ကြည့်မှုများပြုလုပ်ခွင့် ပေးရန်တို့အတွက် လက်တွေ့လုပ်နိုင်သော အစီအမံများကို စတင်လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။[137]

135 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။
136 လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။
137 Security Council Working Group on children in armed conflict, Conclusions on children in armed conflict in Myanmar, UN Doc. S/AC.51/2009/4, 28 October 2009.

KNU/KNLA ကရင်နီအမျိုးသားပြည်သူများပါတီ/ကရင်နီတပ်မတော်(KNPP/KA) အဖွဲ့အစည်းများအပါအဝင် အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့၏ကလေးသူငယ်များကို စစ်သားစုဆောင်းမှုများကို အသုံးသတ်စေလိုသော ဆန္ဒကိုပြသသည့်အနေဖြင့် ၂၀၀၇ ခုနှစ်တွင် ကလေးသူငယ်များကို စစ်သားစုဆောင်းခြင်းမပြုလုပ်ပါဟု တာဝန်ခံသော အာမခံလက်မှတ်ထိုးခြင်းများကို ပြုလုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ် မတ်လတွင်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နှစ်ချုပ်အစီအရင်ခံစာ စာရင်းတွင် ပါဝင်ခြင်းမရှိသော ချင်းအမျိုးသား တပ်ဦး /ချင်းအမျိုးသားတပ်မတော်(CNF/CNA)ကလည်း မိမိတို့ဘက်မှ ကလေးသူငယ်များကို စစ်သားစုဆောင်းခြင်းမပြုလုပ်ပါဟု တာဝန်ခံသော အာမခံ လက်မှတ်ထိုးခြင်းကို ပြုလုပ်ခဲ့သည်။ ၂၀၁၂ခုနှစ် ဩဂုတ်လတွင်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မွန်ပြည်သစ်ပါတီတို့က ဂျနီဗာသဘောတူညီချက်ဖြစ်သော ကလေးသူငယ်များအား စစ်ပွဲများ၏ အကျိုးသက်ရောက်မှုများမှ ကာကွယ်ရေးဆော်ဩချက်အရ အသက်မပြည့်သေးသော စစ်သားစုဆောင်းခြင်း မပြုလုပ်ပါဟု တာဝန်ခံသော အာမခံလက်မှတ်ထိုးခြင်းကို ပြုလုပ်ခဲ့သည်။ ကချင်လွတ် မြောက်ရေး အစည်းအရုံး/ကချင် လွတ်မြောက်ရေးတပ်မတော်(KIO/KIA)၏ ကိုယ်စားလှယ်များကလည်း သူတို့၏ ကလေးစစ်သားစုဆောင်းအသုံးပြုမှု မပြုပါဟု တာဝန်ခံသော အာမခံလက်မှတ်ထိုးလိုကြောင်း ပြောဆိုခဲ့ကြသည်။[138]

ထိုကဲ့သို့ ရှေဦးခြေလှမ်းများသည် နောက်ပိုင်းတွင် ကလေးသူငယ်များကို စိတ်ချလက်ချပြန်လွှတ်ပေးရေးနှင့် နောင်တွင်ထိုသို့ အသက်မပြည့်သေးပဲ စစ်သားစုဆောင်းမှုကို တားဆီးနိုင်ရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များကို ချမှတ်စေနိုင်ရေးအတွက် တွန်းအားတစ်ရပ် ဖြစ်လာနိုင်ပါသည်။ သို့ရာတွင် ၎င်းတို့၏ စောင့်ကြည့် ထိန်းချုပ်မှုများပြုလုပ်ရာ၌ ကုလသမဂ္ဂနှင့်တကွ အခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဝင်ရောက်လုပ်ကိုင် ထောက်ပံ့မှုများလည်း လိုအပ်နေသည်။

ကလေးသူငယ်များ စစ်သားအဖြစ်စုဆောင်းအသုံးပြုခြင်း မခံရရေးတာဝန်သည် သက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့အစည်းများလက်ထဲတွင် ရှိနေသလို မြန်မာအစိုးရကလည်း ထိုလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းအသုံးပြုမှုများကို တားဆီးရန်အတွက် ခိုင်ခိုင်မာမာ လုပ်ကိုင်နိုင်သမျှ အစီအမံများကို ပြုလုပ်ရန်တာဝန်ရှိပြီး ကလေးသူငယ်များကို စိတ်ချလက်ချပြန်လည် လွှတ်ပေးပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးကိစ္စများအတွက် လုပ်ငန်းလွယ်ကူချောမောစေရန် အကူအညီပေးရမည်ဖြစ်သည်။[139] သို့ရာတွင် မြန်မာအစိုးရသည် ထိုသို့ ကလေးသူငယ်များ ထိုအဖွဲ့များမှ ပြန်လွှတ်ပေးရန် သို့မဟုတ် ထိုအဖွဲ့များ၏ နောင်ကလေးစစ်သား စုဆောင်းမှုများကို ကာကွယ်ရန်အတွက် လိုအပ်သော ခြေလှမ်းများ လှမ်းနိုင်ရေးအတွက် အဓိပ္ပာယ်ရှိသော လုပ်ဆောင်ချက်များပြုလုပ်ခြင်းမရှိပဲ ဖြစ်နေသည်။ အစိုးရ၏ ကုလသမဂ္ဂအဖွဲ့အား ထိုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခွင့်မပေးလိုခြင်းကြောင့် ကုလသမဂ္ဂ၏ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်နိုင်စွမ်းနှင့် ကလေးသူငယ်များကို ကာကွယ်ရေးနှင့် ပတ်သက်၍ အဆိုပါ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခွင့် အခွင့်အရေးများကို ဟန့်တားနေသည်။[140] ကုလသမဂ္ဂအဖွဲ့သည် KNU/KNLA KNPP/KA အဖွဲ့အစည်းများနှင့် ကလေးသူငယ်များကို စစ်သားအဖြစ်အသုံးပြုခြင်းအား အဆုံးသတ်ရေးနှင့်ပတ်သက်သော နိဂုံးချုပ် လုပ်ကိုင်ရေး အစီအစဉ်များကို ချမှတ်နိုင်ရေးအတွက် အဆိုပါအဖွဲ့အစည်းများ၏ ကလေးစစ်သားများပပျောက်ရေး ကြိုးစားအားထုတ်မှုများ ရှိနေပါလျက်နှင့် မြန်မာအစိုးရ၏ ဝင်ရောက်လုပ်ကိုင်ပိုင်ခွင့်ကို ငြင်းဆိုခြင်းအား အားမလိုအားမရဖြစ်မှုကို မှတ်တမ်းတင် ထားခဲ့သည်။[141] KNU/KNLA အဖွဲ့မှာ

138 ကလေးစစ်သားများ အသုံးပြုခြင်းကို ရပ်တန့်ခြင်းအတွက် ညွန့်ပေါင်းအဖွဲ့၊ Watchlist, ကရင်လူ့အခွင့်အရေးများအုပ်စု (KHRG) နှင့် လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ) (HREIB) တို့က တင်သွင်းသည့် မြန်မာနိုင်ငံအတွင်း ကလေးစစ်သားများအခြေအနေ အကြောင်း ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ လုပ်ငန်းအဖွဲ့ထံသို့ပေးပို့သည့် ပူးတွဲအနှစ်ချုပ်မှတ်စု၊ ၂၀၀၉ ခုနှစ် ဖွန်လ ၂၃ ရက်။

139 This responsibility is reflected in Security Council Resolutions 1612 (2005), 1882 (2009) and 1998 (2011).

140 ယနေ့အထိ နိုင်ငံတကာ အဖွဲ့အစည်းများအား သွားလာခွင့်ပြုခြင်းအပေါ် အစိုးရ၏အား ခြေရာခံ မှတ်တမ်းသည် လတ်တလော ကောင်းသော လက္ခဏာများ ရှိနေသော်လည်း အားရကျေနပ်ဖွယ်ဖြစ်မှုမှ အလှမ်းကွာဝေး နေပါသေးသည်။ ၂၀၀၆ ခုနှစ်မှစ၍ ထောင်တွင်းသို့ ICRC အား သွားလာခွင့်ပြုခြင်းကို ကန့်သတ်တားမြစ်မှုများ ချမှတ်ထားပြီးနောက် ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် မြန်မာအစိုးရက ICRC အား အချုပ်ထောင်များနှင့် ထိန်းသိမ်းရေးစခန်းများသို့ ဝင်ခွင့်ပြုမည်ဟု ကြေညာခဲ့သည်။ သို့သော် ၎င်းအဖွဲ့အစည်းသည် ဖွန်လလယ်ကတည်းက ၎င်းကို တပ်ဖြန့်ခဲ့သည့် ရခိုင်ပြည်နယ်မှလွဲ၍ တိုင်းပြည်၏ အချို့နေရာများတွင် ၎င်း၏ လုပ်ပိုင်ခွင့် သို့မဟုတ် လုပ်ဆောင်မှုများကို လွတ်လပ်စွာဖြင့် ဘက်လိုက်မှုကင်းစွာ လုပ်ဆောင်ခွင့်မရခဲ့ပေ။ အစိုးရက ၂၀၁၂ခုနှစ်တွင် တိုင်းပြည်၏ အစိတ်အပိုင်းများသို့ ကုလသမဂ္ဂနှင့် အခြား လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းလုပ်ဆောင်သူများအား သွားရောက်ခွင့်ကို ကန့်သတ်ခဲ့ပြီး နိုင်ငံတကာနှင့် နိုင်ငံတွင်း ကယ်ဆယ်ရေးလုပ်သားများ သွားလာခွင့်ကို ကန့်သတ်ခြင်းသည် လုံခြုံရေးအတွက်ဟု ကိုးကားပြောဆိုခဲ့သည်။ ဖက်စပ်အုပ်ချုပ်မှု ဒေသများအပါအဝင် အပစ်အခတ် ရပ်စဲဒေသများ၊ အပစ်အခတ် မရပ်စဲသေးသော ဒေသများတွင် ဝင်ရောက်မှုကို အထူးကန့်သတ်ခဲ့သည်။ ပူးပေါင်းလုပ်ဆောင်မှု အစီအစဉ်တွင် ကုလသမဂ္ဂနှင့် အခြား လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများအနေဖြင့် ကလေးများအား စုဆောင်း အသုံးပြုသည့် အစိုးရ လက်နက်ကိုင် အုပ်စုများထံသို့ လက်လှမ်းမီပေးမည်ဟုသော သန္နိဋ္ဌာန်ပြုချက် မပါသည့်အပြင် ထိုသို့သော စတင်လှုပ်ရှားလုပ်ဆောင်မှု တစ်ရပ်ကိုတော့ ဖွင့်ပေးခဲ့သည်။

141 "Karen National Union/Karen National Liberation Army (KNU/KNLA) … This party has sought to conclude an action plan with the United Nations in line with Security Council resolutions 1539 (2004) and 1612 (2005), but the United Nations has been prevented from doing so by the Government of Myanmar." See: Annex I, Annual Report of the Secretary-General, Children and armed conflict, UN Doc A/66/782–S/2012/261, 26 April 2012.

၂၀၀၇ ခုနှစ် ကလေးစစ်သားများကို အသုံးပြုခြင်း မလုပ်ပါဟု တာဝန်ခံလက်မှတ်ထိုးပြီးစဉ် ကတည်းကပင် UNICEF သို့မဟုတ် အခြားမည်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းနှင့်မျှ အသေအချာတွေ့ဆုံထိတွေ့ခြင်းမရှိခဲ့ရပဲ ဖြစ်ခဲ့ရသည်။[142]

## ၇.၁။ သီးခြားဖြစ်စဉ်လေ့လာမှု။ ။ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော် (DKBA)

ကရင်အမျိုးသားယူနီယံ/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြု (ယခင်က "ကရင်ဗုဒ္ဓဘာသာ") ကရင်တပ်မတော်တို့သည် ၂၀၁၁ စက်တင်ဘာလနှင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလတို့တွင် အသီးသီး မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့ကြသည်။ ထိုသို့ဖြင့် အစိုးရနှင့် KNLA တို့အကြား နှစ်ပေါင်းခြောက်ဆယ်ကြာ စစ်တိုက်နေမှုအား အဆုံးသတ်ခဲ့သည်။ ယခင်ကကဲ့သို့ မြန်မာတပ်မတော်နှင့် အဆိုပါအုပ်စုတို့အကြား တိုက်ပွဲကြီးများ အဆုံးသတ်သွားခဲ့သော်လည်း KNLA နှင့် တပ်မတော် ကြည်းတို့အကြား ရံဖန်ရံခါ တိုက်ပွဲငယ်များ ဖြစ်ပွားနေသေးသည်။[143]

***KNLA***

နိုင်ငံတကာကလေးစစ်သားများ ပပျောက်ရေးအဖွဲ့မှ ၎င်း၏ လတ်တလော သုတေသနပြုမှုများမှရသည့် သတင်းအချက်အလက်များအရ ကလေးစစ်သားများစုဆောင်းရေးသည် KNLA ၏ တရားဝင်မူ ဝါဒမဟုတ်သော်လည်း ကလေးသူငယ်များမှာ မူမှန်ရော၊ မူမမှန်နည်းများနှင့်ပါ KNLA နှင့် ပတ်သက်နေရမှုများ ရှိနေသေးကြောင်းတွေ့ရသည်။ KNLA ၏ စစ်သားစုဆောင်းမှုများတွင် စိတ်ချရသော အသက်မှန် အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းများမရှိသည်ကို တွေ့ရသည်။[144] ဒေသတွင်း ကလေးမွေးဖွားခြင်းအား မှတ်ပုံတင်ခြင်းပြုလုပ်သည့် အရေအတွက်မှာ အလွန်နည်းပါးနေပြီး မွေးနေ့များ အားလည်း ကလေးမွေးဖွားခဲ့သည့် အချိန်မှစ၍ လယ်ယာစိုက်ပျိုးခဲ့သည့် ရာသီအရေအတွက်များကို မူတည်၍သာ ရေတွက်ခြင်းကိုသာ ပြုလုပ်ကြသည်။[145] နိုင်ငံတကာကလေးစစ်သားများ ပပျောက်ရေးအဖွဲ့မှ သိရသည် မှာ အချို့အခြေအနေများတွင် စစ်သားစုဆောင်းခြင်းအား စုဆောင်းခံရသူ၏ ပုံပန်းကိုကြည့်ပြီး အသက်အား ဆုံးဖြတ်ပြီး စုဆောင်းခံရသူများက နောက်ပိုင်းတွင် အသက် ၁၈ နှစ်မပြည့်သေးကြောင်း တွေ့ရသည့်အခါ တွင်လည်း စစ်သင်တန်းများကို ပြီးဆုံးအောင် သင်ကြားစေသည်သာဖြစ်သည်ဟု ဆိုသည်။

KNLA အဖွဲ့အစည်းအတွင်း လက်ရှိကလေးစစ်သားစုဆောင်းထားမှု အဆင့်မည်မျှအထိရှိနေသည်ကို အသေအချာပြောရန် မဖြစ်နိုင်ပေ။ နိုင်ငံတကာကလေးစစ်သားများ ပပျောက်ရေးအဖွဲ့သည် ၂၀၁၂အတွင်း အသက်မပြည့်သော ကလေးစစ်သားစုဆောင်းမှုများရှိသည့် အခြေအနေများနှင့်ပတ်သက်၍ မည်သည့်သတင်း ကိုမျှ မရရှိသေးပါ။ ကလေးစစ်သားများ KNLA တပ်ဖွဲ့များအတွင်း ရာထူးနေရာ အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည်ကို သတင်းရရှိထားသော်လည်း သက်ဆိုင်ရာနိုင်ငံအတွက် ကုလသမဂ္ဂတာဝန်ခံအဖွဲ့မှ အစိုးရ၏ သွားလာခွင့်ပိတ်ပင်ထားသောကြောင့် ထိုသို့ သတင်းများကို အတည်ပြုနိုင်ခြင်းမရှိပေ။[146] နိုင်ငံတကာကလေးစစ်သားစုဆောင်းမှု ပပျောက်ရေး အဖွဲ့ အား KNLA အဖွဲ့အတွင်း အထက်ပိုင်းမှ ဗိုလ်ချုပ်မှူးကြီးတစ်ဦးက အဖွဲ့အတွင်း အသက် ၁၈ နှစ်အောက်စစ်သားများ စုဆောင်းခြင်းကို တင်းတင်းကြပ်ကြပ်တားမြစ်ကြောင်း အမိန့်ကို KNLA ခေါင်းဆောင်ပိုင်းက နှစ်စဉ်ထုတ်ပြန်ကြောင်း ပြောဆိုထားသည်။ ၂၀၀၃ ခုနှစ် KNU ၏ အမိန့် ထုတ်ပြန်ချက်တွင် KNLA ၏ ဗိုလ်မှူးချုပ်များကို အသက် ၁၈ နှစ် မပြည့်သော လူငယ်များကို လက်မခံရန် KNLA လက်အောက်သို့

142 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ဇီဖိုးရာစိန်၊ အထွေထွေအတွင်းရေးမှူး၊ ကရင်အမျိုးသား အစည်းအရုံး နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁ ရက်။

143 Recent clashes between the two sides have taken place in the KNLA stronghold of Hpapun (Papun) township. See for instance: "KNLA and government"s militia fight – four soldiers killed", *Karen News*, 7 August 2012, http://karennews.org.

144 "တပ်မှူးများက အမျိုးသားများကို မစုဆောင်းမီ ၎င်းတို့၏အသက်နှင့် နောက်ကြောင်းကို စစ်ဆေးရန်လိုအပ်သည်။ ၎င်းတို့သည် တင်းကြပ်သည့်မူဝါဒအဖြင့် အသက် ၁၈ နှစ်အောက်များ၊ မုဆိုးမများ၏ သားများ သို့မဟုတ် သားတစ်ဦးတည်းသာရှိသည့် မိသားစုများ၏ သားများကို စုဆောင်းခွင့်မရှိပါ။ စုဆောင်းရေးအများစုကို ကျေးရွာများသို့သွားရောက်ကာ စစ်သားများ တောင်းခံသည့် စစ်တပ်မှ စုဆောင်းသူများက လုပ်ဆောင်သည်။ ရွာသူကြီးတွင် အချက်အလက်အားလုံးရှိသည့်အတွက် လူများ၏ အသက်နှင့် အခြား အသေးစိတ်အချက်များကို ရွာလူကြီးနှင့်အတူ စစ်ဆေးရသည်။ သို့သော် အကယ်၍ ကလေးတစ်ဦးသည် စခန်းသို့ရောက်လာပြီး စစ်ထဲသို့ဝင်ရောက်လိုပါက သို့သော် အလွန်ဖြစ်ခဲပါသည်၊ ကျွန်ုပ်တို့အနေဖြင့် အတိအကျ မသိနိုင်ပါ။ တပ်မှူးများက ရွာတွင် လှည့်လည်ပြီး မေးမြန်းသောအခါ သာမန်အားဖြင့် ထိုလူများ အသက်မည်မျှရှိသည်ကို သိသူများ ရှိပါသည်။ အသက် ၁၈ နှစ်အောက်ဖြစ်ပါက ကျောင်းကိုသာ ဆက်တက်စေပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီးပါက ၎င်းတို့၏ ဆန္ဒအတိုင်းသာဖြစ်သည်။ စာရင်းပေးသွင်းနိုင်သည် သို့မဟုတ် အလုပ်ရှာနိုင်သည်။ များသောအားဖြင့် တပ်မှူးများက ၎င်းတို့၏ အသက်ကို ခန့်မှန်းနိုင်ကြသည်။"ဟု ဇီဖိုးရာစိန်က ဆိုသည် (မဲဆောက်၊ ၂၀၁၂ခုနှစ် ဩဂုတ်လ ၁ ရက်)။

145 ၂၀၀၇ ခုနှစ်တွင် မဲဆောက်အခြေစိုက် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေး နယ်စပ် NGO ကော်မတီ (မြန်မာ) က မွေးဖွားမှုမှတ်ပုံတင်ခြင်းကို ကရင်ခရိုင် ၇ ခုတွင် စတင်ခဲ့ပြီး ၂၀၀၉ ခုနှစ် အကုန်တွင် ကလေး ၂၉၀၀ ဦးကို လွှမ်းခြုံနိုင်ခဲ့သည်။ သို့သော် ဤလုပ်ဆောင်ချက်ကို ရန်ပုံငွေအခက်အခဲကြောင့် ရပ်စဲခဲ့ရသည်။

146 UN General Assembly, Children and armed conflict, Report of the Secretary-General, UN Doc. A/66/782–S/2012/261, 26 April 2012, paragraph 70.

မသွင်းရန် ညွှန်ကြားချက်ထုတ်ထားသည်ကို တွေ့ရသည်။[147] အခြား KNLA အဖွဲ့မှ အထက်ပိုင်း တာဝန်ခံ ခေါင်းဆောင် တစ်ဦး၏ ပြောစကားအရ KNLA ၏ အမိန့်ပေးသည့်နေရာတွင် အမှုထမ်းရသောသူများကို သင်တန်းပေးသည့် ကိုယ်ပိုင်ဗိုလ်လောင်းသင်တန်းကျောင်းမှ ဘွဲ့ရများကို KNLA ၏ လုပ်ထုံးလုပ်နည်းများကို သင်ကြားပေးထားပြီး ထိုလုပ်ထုံးလုပ်နည်းများတွင် ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းမပြုရန် ဆိုသော စည်းမျဉ်းရှိသည်ဟု ဆိုသည်။[148]

ယခုကဲ့သို့ ဖော်ပြထားသော တာဝန်ခံထားခြင်းများရှိသော်လည်း အဆိုပါအမိန့်များကို စောင့်ကြည့် ပျိုးထောင်ရန်နှင့် တွန်းအားပေး လုပ်ဆောင်စေရန်လိုအပ်သည့် အစီအမံများကို မရှိသည်ကို တွေ့ရသည်။ နိုင်ငံတကာ ကလေးစစ်သားများပပျောက်ရေးအဖွဲ့မှ ရရှိထားသော အချက်အလက်များအရ ကလေးစစ်သားများ စုဆောင်းနေသည်ဟု စွပ်စွဲခံရသော KNLA ဗိုလ်မှူးများအတွက် စည်းမျဉ်းဆိုင်ရာအပြစ်ပေးမှုများအတွက် ပုံစံများ စည်းဘောင်အတွင်းရှိနေသော်လည်း အမှန်တကယ် ယခုအချိန်အထိ အသုံးပြုမှု မရှိသည်ကို တွေ့ရသည်။[149]

နိုင်ငံတကာ ကလေးစစ်သားများပပျောက်ရေးအဖွဲ့မှ ရရှိထားသော အချက်အလက်များအရ KNLA အတွင်းတွင် ကလေးစစ်သားများကို တပ်ဖြုတ်ရေး အစီအမံများအတွက် နည်းလမ်းတကျပုံစံ သာမက တရားဝင်မဟုတ်သော ပုံစံမျိုးနှင့်ပါ အစီအစဉ်များမရှိသည်ကို တွေ့ရသည်။ KNU အဖွဲ့အတွင်းတွင်မူ ခေါင်းဆောင်ပိုင်းက ဆိုင်ရာ ဗိုလ်မှူးတပ်မှူးများထံသို့ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်များတွင် "မိမိတို့လက်အောက်တွင် ရှိနှင့်ပြီးသော ကလေးစစ်သားများကို အိမ်ပြန်ပို့ကြရန် အမိန့်ထုတ်ထားခဲ့သည်ဟု ဆို၏။[150] အလားတူပင် KNLA စစ်တန်းလျားများ အတွင်း နေထိုင်နေကြသော မိဘမဲ့ကလေးများကိုလည်း ဒုက္ခသည်စခန်းများထံသို့ ရွှေ့ပြောင်းစေပြီး ထိုစခန်းများရှိ ဂေဟာများတွင် နေထိုင်စေကာ ကျောင်းပညာသင်ကြားစေရမည်ဟူသော အမိန့်လည်းထုတ်ထားသည်ဟု ဆို၏။[151]

KNLA ဗိုလ်ချုပ်များက နိုင်ငံတကာ ကလေးစစ်သားများပပျောက်ရေးအဖွဲ့သို့ ပြောကြားသည်မှာ လက်ရှိသူတို့၏ တပ်အင်အား ခန့်မှန်းခြေ ၄၀၀၀ မှ ၆၀၀၀ ကြားရှိရာတွင် အရေးပေါ်အခြေအနေ၌ KNLAသည် စစ်သားစုဆောင်းရာတွင် ခွဲတမ်းဖြင့် စုဆောင်းသည့်စနစ်ကို အသုံးပြုပြီး မိသားစုများကို ရှိနေသော သားတစ်ဦးထက်ပိုပြီး တပ်တွင် တာဝန်ထမ်းဆောင်စေရန် အလှည့်ကျ ရွေးချယ်မှုပြုလုပ်သည်ဟု ဆို၏။[152]

အချို့သော ကလေးသူငယ်များအား KNLA တပ်တွင်းသို့ ဝင်ရောက်စေသည့် အခြားအကြောင်း အချက်များစွာလည်းရှိနေပြီး ၎င်းတို့ အနက်တွင် ကလေးများ၏ သူတို့၏ ပတ်ဝန်းကျင်နှင့် မိသားစုကို တပ်မတော် ကြည်း[153] ၏ ရန်မှ ကာကွယ်ရန်၊ လက်စားချေရန်၊ တိုင်းရင်းသား လက္ခဏာနှင့် တိုင်းရင်းသားဖြစ်မှုတို့ကို အစိုးရမှ အသိအမှတ်ပြုရန် စသော ရည်ရွယ်ခံစားချက်များမှာလည်း ထိုအကြောင်းအချက်များ တွင်ပါဝင်နေသည်။[154] KNLA နှင့်တကွ ထိုအဖွဲ့အစည်းနှင့် နီးစပ်သော စောင့်ကြည့်သူများက ထိုသို့ ကလေးစစ်သား စုဆောင်းမှုများသည် ကလေးများကိုယ်တိုင် သဘောတူသဖြင့်[155] စုဆောင်းခြင်းဖြစ်သည်ဟု ဆိုနေကြသော်လည်း နိုင်ငံတကာ ကလေးစစ်သားများ ပပျောက်ရေး အဖွဲ့က ရရှိထားသော အချက်အလက်များအရ ဒေသတွင်းရှိ ယောကျ်ားလေးကို စစ်သားစုဆောင်းမှုများတွင် ပါဝင်သွားစေသည့် အကြောင်းများမှာ လူမှုရေးဖိအားပေးမှု၊ စစ်အမိန့်များ၏ တာဝန်ပေးမှုများကြောင့် ဖြစ်သည်ဟု ဆိုသည်။[156]

KNLA တပ်သားများနှင့်တကွ အခြားအဖွဲ့ဝင်များသည် နေ့စဉ် သုံးကြိမ်စားစရာပေးခြင်း၊ KNLA မှ ဖွင့်ထားသော ဆေးပေးခန်းများတွင် အခမဲ့ကုသခွင့်ရခြင်း၊ ရံဖန်ရံခါတွင် အိမ်သို့ ခေတ္တပြန်သောအခါ စားစရာနှင့် အခြားလက်ဆောင်များ ဝယ်သွားနိုင်ရန်အတွက် မုန့်ဖိုးပေးခြင်းများ

---

147 မန်းရှာလားဖန်၊ အထွေထွေ အတွင်းရေးမှူး ထံမှ ခရိုင်ဥက္ကဋ္ဌ၊ KNU နှင့် KNLA တပ်မဟာမှူးများ ထံသို့ ပေးစာ၊ အမှတ် SHQ/N-38/02 ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၆ ရက်။

148 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့နှင့် ပြုလုပ်သည့် KNLA ၏ အမှုတိုင်ကြားခြင်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်း။

149 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း တစ်ခုတွင် ကလေးများ စုဆောင်းခြင်း ကိစ္စရပ်များကို အလွန်သတိထား လုပ်ဆောင်နေကြပြီး အမှုတစ်ခုကို အစီရင်ခံ တင်ပြလာပါက ကလေးကို ချက်ချင်းပင် ၎င်း၏မိသားစုထံသို့ ပြန်လည်ပို့ဆောင်ပေးပြီး တရားဝင် တောင်းပန်ခြင်းကို ပြုလုပ်ပါသည်ဟု KNU ၏ ကိုယ်စားလှယ်တစ်ဦးက ဖွင့်ဟ ပြောကြားခဲ့သည်။ ဒေသဆိုင်ရာ အရပ်သားအုပ်ချုပ်ရေးက ကြားဝင်စေ့စပ်ပေးပြီး မိသားစုအား နစ်နာကြေးကို ပေးအပ်ပါသည်။ မူအရ တပ်မှူးတစ်ဦးသည် အသက်မပြည့်သူအား အကြိမ်ကြိမ်စုဆောင်းမိသည့်အတွက် စစ်ခုံရုံးတင်ခံရသည်။ ငါးဦးထက်ပိုသော ကလေးစစ်သား များကို စုဆောင်းပြီး အသုံးပြုသည်ဟု တရားစွဲဆိုခံရပါက ချက်ချင်း ရာထူးမှ ဖြုတ်ချခံရကာ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ခံရသည်။ သို့သော် ယခုအချိန်အထိ ထိုသို့သော အရေးယူမှုများကို တစ်ကြိမ်တစ်ခါမျှ အသုံးချရခြင်းမျိုး မရှိသေးပါ (မဲဆောက်၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်)။

150 ဒေးဗစ် ထပ်ကဖော၊ ဒုဥက္ကဋ္ဌ၊ ကရင်အမျိုးသား အစည်းအရုံးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၁၁ ရက်။

151 ဒေးဗစ် ထပ်ကဖောနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၁၁ ရက်။

152 ဗိုလ်ချုပ်ကြီး စောဂျော်နီနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လနှင့် ဖိုးဒီးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ။

153 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၃ ရက်၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၄ ရက်။

154 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၃ ရက်၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၄ ရက်။

155 ဗိုလ်ချုပ်ကြီး စောဂျော်နီနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လနှင့် ဖိုးဒီးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ။ KHRG သုတေသီ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၈ ရက်။

156 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၂ ရက်။ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၄ ရက်၊ ၂၀၁၂ ခုနှစ် သြဂုတ်လ ၅ ရက်။

ရှိသော်လည်း လစာမရရှိကြပေ။[157] KNLA တပ်သားများနှင့်တကွ အဖွဲ့ဝင်များသည် အများအားဖြင့် စစ်တန်းလျားများတွင် အခြေချ နေထိုင်ရပြီး အချို့သော တပ်သားများမှာ မိမိတို့နေထိုင်ရာရွာနှင့်ဝေးရာ ရွာများတွင် စခန်းချရခြင်းများလည်းရှိသည်။ ထိုတပ်သားများနှင့် အဖွဲ့ဝင်များသည် တပ်တွင်းလေ့ကျင့်ရေး စည်းကမ်းများအတိုင်းနေထိုင်ရပြီး တပ်အတွက် ချက်ပြုတ်ပေးရခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ပေးရခြင်း၊ မီးဖိုရန် သစ်ရွက်ခြောက်နှင့် ထင်းရှာပေးရခြင်း စသည့် ဝန်ဆောင်မှုများကိုလည်း လုပ်ကိုင်ပေးရသည်။ နိုင်ငံတကာ ကလေးစစ်သားများ ပပျောက်ရေးအဖွဲ့မှ သိရသည်မှာ အချို့သော အသက် ၁၈ နှစ်အောက် ကလေးငယ်များသည် ထို KNLA စခန်းများ အတွင်းသို့ စည်းကမ်းတကျ နေထိုင်တတ်ရန်အတွက် မိသားစုနှင့် ပတ်ဝန်းကျင်၏ ဖိအားဖြင့် ပို့ဆောင်ခြင်းခံရသည်ဟု ဆိုသည်။[158] အချို့သော ကလေးငယ်များမှာ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ရခြင်း၊ ထင်းရှာရခြင်းများ ပြုလုပ်ရသည်ဟု ဆိုသည်။ အဆိုပါကလေးငယ်များအား အခြေခံစစ်သင်တန်းများကို တက်ရောက်စေသော်လည်း စစ်ပွဲများ အတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာစေရန် ရည်ရွယ်ရင်းမရှိဟုလည်း ဆိုသည်။[159]
ထိုသို့ ကလေးသူငယ်များအား စည်းကမ်းတကျ နေထိုင်တတ်စေရန် ရည်ရွယ်ချက်ဖြင့် စစ်သင်တန်းများ တက်စေခြင်း၊ စစ်တပ်နှင့်အတူ နေထိုင်စေခြင်းများအပြင် အသက် ၁၈နှစ်အောက် ကလေးများ KNLA အတွင်း နေထိုင်လေ့ကျင့်စေရုံသက်သက်မဟုတ်သော ပူးပေါင်း လုပ်ဆောင်ရခြင်းများလည်း အတော်များများရှိနေသည်။ အသက် ၁၈ နှစ်အောက် ကလေးများသည် စစ်လက်နက်ပစ္စည်းများ သယ်ဆောင်ရခြင်းများ ရှိနေသည်ကိုလည်း ကြားသိရပြီး၊ အချို့အခြေအနေများတွင် KNLA ဗိုလ်ချုပ်များက နှုတ်မိန့်ဖြင့် တားမြစ်နေသည့်ကြားမှ ကလေးသူငယ်များ KNLA တပ်၏ ဝတ်စုံကို ဝတ်ဆင်ရသည့် အခြေအနေများလည်း ရှိနေသည်။ နိုင်ငံတကာ ကလေးစစ်သားပပျောက်ရေး အဖွဲ့၏ ရရှိထားသော အချက်အလက်များအရ ၂၀၁၀ ခုနှစ်အတွင်း တွင် အသက် ၁၆နှစ်အရွယ် ကလေးငယ်တစ်ဦးသည် ထိုသို့အခြေအနေများ အတွင်း နေထိုင်ပြီး တိုက်ပွဲအတွင်းတွင်လည်း ပါဝင်ရသည်ကို သိရသည်။[160] ထိုထက်ပို၍ သိရသည်မှာ ကရင်ပြည်နယ်ဒေသများအတွင်းတွင် သာမန်ပြည်သူများသည် မြေမြှုပ်မိုင်းရှိသောနေရာများ၊ မြန်မာစစ်တပ်မှ တိုက်ခိုက်လာနိုင်သော နေရာများတွင် KNLA စစ်သားများနှင့် အတူ သွားလာ ရသည်မှာ ပုံမှန်လိုဖြစ်နေသော အခြေအနေတစ်ခုဖြစ်သည် ဟုလည်းဆိုသည်။
နိုင်ငံတကာ ကလေးစစ်သားများ ပပျောက်ရေး အဖွဲ့သည် ကလေးသူငယ်များ KNLA စခန်းအတွင်း နေထိုင်နေကြပြီး စခန်းအတွင်း ဖျော်ဖြေရေး အစီအစဉ်များတွင်လည်း ပါဝင်နေရကာ လက်တိုလက်တောင်း ခိုင်းစေခြင်းများလည်း ခံနေရသည့် သက်သေကို ရရှိထားသည်။ ထိုစခန်းများတွင် ကလေးများနေထိုင်ရသည့် အခါ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ထင်းကောက်ခြင်းနှင့် အခြားတာဝန်များကိုလည်း လုပ်ရသည် ကိုတွေ့ရသည်။[161] အချို့သော KNLA စခန်းများရှိ ဗိုလ်ချုပ်များက စခန်းအတွင်း အမျိုးသမီးများနှင့် ကလေးငယ်များ နေထိုင်ခြင်းကို တားမြစ်သည့်အမိန့်များ ထုတ်ပြန်ထားကြောင်း သတင်းများရရှိထားချိန်တွင်[162] ထိုသို့ တားမြစ်ချက်များမှာ အစဉ်တစိုက်ဖော်ဆောင်နေခြင်း မရှိသည်ကို တွေ့ရသည်။
စခန်းတွင်းရှိ KNLAအဖွဲ့ဝင်များသည် များသောအားဖြင့် အားလပ်ချိန်တွင် စခန်းတွင်းနေထိုင်ကြရသော ကလေးငယ်များ၏ ဆွေမျိုးများ၊ အိမ်နီးချင်းများ၊ သူငယ်ချင်းများဖြစ်ကြသည် ဆိုသောအချက်ကလည်း KNLA အဖွဲ့သည် လတ်တလောအချိန်အတွင်းတွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ မရှိစေကာမူ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုသာဖြစ်နေဆဲ ဖြစ်သည်ဆိုသော အချက်ကို ဖုံးကွယ်မနေသင့်ပါ။ ထိုမျှလောက်ပင် စစ်တပ်နှင့် ကလေးငယ်များ ကူးလူးဆက်နွယ်မှုများရှိနေခြင်းက KNLA အဖွဲ့အား တိုက်ခိုက်လာနိုင်သော အခြေအနေများနှင့် KNLA အဖွဲ့က အခြားအဖွဲ့အား တိုက်ခိုက်လာသောအခြေအနေများကြောင့် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ဆိုးဆိုးဝါးဝါး အန္တရာယ်ပြုနိုင်သော အခြေအနေများ ဖြစ်ပေါ်စေပါသည်။

***DKBA***

DKBA သည် ၁၉၉၄ခုနှစ်တွင် KNU/KNLA အဖွဲ့မှ ဘာသာရေးမတူညီမှု အကြောင်းပြချက်ဖြင့် ခွဲထွက်လာပြီး မြန်မာစစ်တပ်နှင့် ပူးပေါင်းရန်ဖြစ်သော်လည်း ဗိုလ်ချုပ်စောလားဘွယ် ဦးဆောင်သော တပ်သည် ၂၀၁၀တွင် နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲရန် ငြင်းဆိုပြီး အစိုးရအား ပြန်လည် လက်နက်ကိုင်တော်လှန်ခဲ့သည်။ DKBA သည် ထိုအချိန်မှစ၍ ၄င်းတို့နှင့် ဆက်ဆံရေးပျက်ခဲ့သော KNU တို့နှင့် ပြန်လည် သင့်မြတ်ရန် ကြိုးစားနေပြီး ၄င်းတို့၏ အဖွဲ့အမည်တွင်ပါဝင်နေသော "ဗုဒ္ဓ" ဟူသော စာလုံးနေရာတွင် "အကျိုးပြု"ဟု အမည်ပြောင်းပြီး ဘာသာရေး

157 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့နှင့် လငွေ ၏ တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ။ KNLA ဗိုလ်မှူးကြီး၊ မြန်မာ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ။
158 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ KNLA တပ်မှူးနှင့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ။
159 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ KNLA တပ်မှူးနှင့် လျှို့ဝှက်တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ။
160 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။ ၂၀၁၂ ခုနှစ် ဩဂုတ်လ။ မြန်မာ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ။
161 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃-၄ ရက်။
162 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်။ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၁ ရက်။

မတူညီမှုကို မသိသာတော့အောင် ပြုလုပ်ခြင်းဖြင့် သင့်မြတ်ရေးကြိုးစားနေ၏။ ၂၀၁၁ ခုနှစ် ဧပြီလနှင့် ဩဂုတ်လများတွင် ကုလသမဂ္ဂအဖွဲ့က ရရှိသော အစီအရင်ခံစာအရ DKBA သည် ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းသည့်အခါတွင် စစ်သားမရရှိလျှင်လည်း မရရှိသည့်အတွက် အခကြေးငွေကောက်ခံသည့်နည်းဖြင့် စစ်သားအဖြစ် အတင်းအကြပ်စုဆောင်းမှုများရှိနေသည်ကို သိရသည်။ DKBA အဖွဲ့အတွင်း လက်ရှိရှိနေသော ကလေးစစ်သားအရေအတွက်ကိုမူ ခန့်မှန်းတွက်ချက်ရန် ခက်ခဲနေသည်။ သို့ရာတွင် နိုင်ငံတကာ ကလေး စစ်သား ပပျောက်ရေးအဖွဲ့၏ သုသေသနပြုချက်များအရ DKBA အတွင်း အချို့ကလေးစစ်သားများမှာ အတင်းအကျပ်မဟုတ်ပဲ သမားရိုးကျ တပ်သား ခန့်ထားခြင်းဖြစ်ပြီး တိုက်ခိုက်ရာတွင် ပါဝင်ရခြင်းများရှိသလို စစ်စခန်းများအတွင်းရှိသော ကလေးစစ်သားအများစုမှာမူ အတင်းအကြပ် စုဆောင်းခံရသူများ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုထက်ပိုပြီးတွေ့ရသည်မှာ တပ်အတွင်းတွင် ထိုသို့ကလေးသူငယ်များ အတင်း အကြပ် ခေါ်ခံရလာပြီး လက်တွေ့တိုက်ခိုက်ရသော အခြေအနေတွင် ပါဝင်ရခြင်းများရှိနေခြင်းကို ကာကွယ်တားဆီးမည့် နည်းဥပဒေများ ရှိနေပုံမရသည်ကိုလည်း တွေ့ရသည်။

DKBA ၏ ၂၀၁၁တွင် အစိုးရနှင့် အပစ်အခတ်ရပ်ဆဲရေး လက်မှတ်ထိုးပြီးချိန်နောက်ပိုင်း အဖွဲ့၏ ဦးစားပေးမှုသည် ဒေသတွင်းဖွံ့ဖြိုး တိုးတက်ရေးဘက်သို့ ဦးလှည့်လာခဲ့ပြီး ထိုသို့ ဦးလှည့်လာမှုသည် အဖွဲ့အတွက် တပ်သားသစ်များကို ချက်ချင်းစုဆောင်းစရာမလိုသော အခြေအနေကိုလည်း ဖြစ်ပေါ်လာ စေခဲ့သည်။ ၂၀၁၂ခုနှစ် ဩဂုတ်လတွင် DKBA ၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့အား ပြောဆိုသည်မှာ အဖွဲ့အတွင်းတွင် ကလေးသူငယ်များကို တရားဝင် စစ်သားအဖြစ် လက်ခံနေခြင်းမရှိပဲ ၎င်းအစား ကလေးသူငယ်များကို ကျောင်းပညာသင်ကြားစေခြင်းသာ ရှိသည်ဟု ဆိုသည်။[163] သို့ရာတွင် ထိုသို့ပြောဆိုမှုအတွက် စာဖြင့် ရေးသားထားသော အမိန့်သက်သေဟူ၍ မရှိပဲ ထိုသို့ နှုတ်မိန့်ဖြင့် ညွှန်ကြားချက်များကို အဖွဲ့အတွင်း ရာထူးအဆင့်အသီးသီးတွင် အကောင်အထည် ဖော်မှု ရှိမရှိဆိုသည့်အချက်မှာလည်း မရှင်းလင်းပေ။ နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့သည် DKBA ၏ စစ်သား စုဆောင်းမှုများအတွင်းတွင် အသက်အတည်ပြုမှု လုပ်ထုံးလုပ်နည်းများဖြင့် ပြုလုပ်မှုရှိသည်ဆိုသော မည်သည့်သက်သေကိုမျှ မရရှိထားပေ။ DKBA အဖွဲ့၏ နိုင်ငံရေးအဖြေရှာမှု မပြီးဆုံးသေးသရွေ့ တပ်သားအရေအတွက်ကို ထိန်းသိမ်းထားလိုမှု[164] နှင့်တကွ စည်းကမ်းတကျ တပ်ဖြုတ်ရေး အစီအမံများ ကင်းမဲ့မှုများကြောင့် DKBA အဖွဲ့အတွင်းတွင် ကလေးစစ်သားများ ဆက်လက်ရှိနေဦးမည်ကို ပြဆိုနေပါသည်။

နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့၏ ရရှိထားသော အစီအရင်ခံစာများအရ ၂၀၁၁ခုနှစ်အတွင်းတွင် DKBA ၏ စစ်မြေပြင် တိုက်ပွဲအခြေအနေများတွင် ကလေးစစ်သားများ အသုံးပြုမှုရှိခဲ့ကြောင်း သိရသည်။[165] နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့ ရရှိထား သော သတင်းများအရ အဆိုပါ ကလေးစစ်သားများသည် စစ်မြေပြင်တွင် နေရာချမထားခင်တွင်လည်း အထူးတလည် စစ်သင်တန်းပေးမှုများ မရှိခဲ့သည်ကို သိရသည်။ ရရှိသော အချက်အလက်များအရ အချို့သော ဗိုလ်ချုပ်များက လူငယ်လေးများကို လက်ကျင့်မှုနှင့် လက်တွေ့တပါတည်းရစေရေးအတွက် အဆိုပါ စစ်မြေပြင်များတွင် ပါဝင်ခိုင်းခဲ့သည်ကိုပင် တွေ့ရသည်။[166]

ရရှိသော အချက်အလက်များက ညွှန်ပြနေသည်မှာ DKBA အဖွဲ့ဝင်များသည် ပင်မမှ စိစစ်မှုများကင်းဝေးသည့် ဌာနချုပ်မှ ဝေးသည့် နေရာများတွင် ကလေးသူငယ်များကို လုံခြုံရေးဂိတ်အစောင့်များအဖြစ် စေခိုင်းမှုများ ဆက်လက်ရှိနေသည်ကို တွေ့ရသည်။[167] နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့မှ နောက်ထပ် တွေ့ရှိရသော စိုးရိမ်ဖွယ် အချက်အလက်သက်သေများမှာ DKBA အဖွဲ့ဝင်များက ကလေး သူငယ်များအား ထိခိုက်ဒဏ်ရာရဖွယ်ရှိသော အခြေအနေများတွင် အသုံးပြုခြင်း၊ တိုက်ပွဲများအတွင်း အခြားသူများအတွက် ပစ်မှတ်များ

---

163 ဗိုလ်မှူး စန်းအောင်၊ မန်းရေဘတ် ဘဖံ၊ ဗိုလ်ချုပ်ကြီး ကိုမျိုးနှင့် ဗိုလ်မှူးကြီး စောမောင်လေး တို့အပါအဝင် DKBA မှ နိုင်ငံရေးနှင့် စစ်တပ်အရာရှိများနှင့် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ တွေ့ဆုံမေးမြန်းခြင်းများ။ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလ။

164 DKBA ၏ နိုင်ငံရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မန်းရေဘတ်ဘဖံ၊ ကလိုထူးဘော် ကရင်အဖွဲ့အစည်း (KKO) တို့နှင့် ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်။

165 ၂၀၁၀ ခုနှစ်တွင် DKBA ၏ *တပ်မတော် (ကြည်း)*နှင့်BGF တို့အား ဆန့်ကျင်မှုတွင် အသက် ၁၈ နှစ်အောက်ကလေးများ ရာပေါင်းများစွာ ပါဝင်ခဲ့သည်ဟု ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုများတွင် ဖော်ပြထားသည်။ အောက်ဖော်ပြပါ အမှုနှစ်ခုကို ၂၀၁၁ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ ပထမအမှုသည် DKBA ကို ဝင်ရောက်ရန် ဆန္ဒပြုသည့် အသက် ၁၄၊ ၁၅ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးအား ကနဦးတွင် ငြင်းပယ်ခဲ့ပြီး နောင်တွင် ဝါးလေးနယ်မြေမှ တပ်မှူး ဗိုလ်ကြာနီက လက်ခံခဲ့သည်။ သူသည် တရားဝင် လေ့ကျင့်သင်ကြားမှု မရရှိဖူးဘဲ တိုက်စစ်ဆင်ရေး ၄ ခု ၅ ခု တွင် ပါဝင်ခဲ့သည်။ ၂၀၁၁ခုနှစ် စက်တင်ဘာလတွင် သူသည် ထင်းရှာဖွေရင်းဖြင့် အခြားစစ်သားတစ်ဦး၏ ပေါက်တူးဖြင့် မတော်တဆ ဦးခေါင်းတွင်ထိကာ သေဆုံးခဲ့သည်။ ဒုတိယအမှုမှာ ၂၀၁၀ ခုနှစ် နှောင်းပိုင်းတွင် ကော့ကရိတ်နယ်မြေတွင် စခန်းချသည့် တပ်မှူး ဖိုးအယ်ဖိုသည် မိုင်းနင်းမိရာမှ ခြေထောက်ပြတ်ကာ မိမိ၏တူဖြစ်သူ (အသက် ၁၄ သို့မဟုတ် ၁၅ နှစ်) အား စခန်းတွင် နေစေပြီး ၎င်း၏ လက်ထောက်အဖြစ် ခန့်ထားခဲ့သည်။ သူသည် တရားဝင်လေ့ကျင့်သင်ကြားမှု မရှိဘဲ မကြာမီမှာပင် တပ်ရင်းစခန်းမှ အနည်းငယ်ဝေးသည့် တပ်စခန်းတစ်ခုတွင် လက်နက်ကိုင် အစောင့်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးပြီးနောက် သူသည် ထိုနေရာတွင် မပျော်တော့သဖြင့် နေအိမ်သို့ ပြန်ခွင့် ရရှိခဲ့သည်။

166 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂ ရက်။

167 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂ ရက်။

သဖွယ် အသုံးပြုခြင်း ဖြစ်သည်။ ထိုသို့အခြေအနေကို ပိုဆိုးသည်မှာ DKBA ၏ ကလေးစစ်သားဟူသော အဓိပ္ပာယ်ကို နားလည် သဘောပေါက်ခြင်းမရှိမှုနှင့် ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းအသုံးပြုခြင်းကို တားဆီးရကောင်းမှန်း နားလည်ခြင်းမရှိမှုတို့ဖြစ်သည်။[168] ဒီကေဘီအေ၏ အထက်ပိုင်း ဗိုလ်ချုပ်တစ်ဦးက နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့အား ပြောကြားသည်မှာ "ကျနော်နားလည်ထားတာကတော့ (ကလေးစစ်သားဆိုသည်နှင့်ပတ်သက်၍) စစ်သားဆိုရင် သူနဲ့ဆိုင်တဲ့ သင်တန်းတွေပေးရမယ်၊ ကျနော်တို့က ဒီလူငယ်တွေကို ဒီလိုစစ်သင်တန်းတွေ ဘယ်တုန်းကမှ ပေးမထားဘူး၊…. ဒါပေမယ့် ကျနော်တို့က သူတို့ကို သေနတ်ကိုင်ခွင့်တော့ မပေးဘူးဗျ၊ သူတို့တပ်ဝတ်စုံတွေ ဝတ်ထားတယ်ဆိုတာကတော့ သူတို့တခြားဟာတွေလုပ်နေလို့ပဲဗျာ" [169]

နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့မှ ရရှိထားသော ခိုင်လုံသည့် သတင်းများအရ အတော်အတန် များပြားသော အရေအတွက်ရှိသည့် အသက် ၁၈ နှစ်အောက် ကလေးစစ်သားများ DKBA စခန်းများ အတွင်း နေထိုင်နေကြသည်ကို တွေ့ရသည်။ ထိုကလေးစစ်သားများအနက် အများစုမှာ ၎င်းတို့၏ ဆင်းရဲသော မိဘများ သို့မဟုတ် စစ်ပြေးဒုက္ခသည်မိသားစုများက စေလွှတ်လိုက်ကြသူများဖြစ်ပြီး အချို့ကလည်း တပ်အတွင်း လုံခြုံမှုရရန် ရောက်လာကြခြင်းဖြစ်သည်။ KNLA တပ်အတွင်းမှာကဲ့သို့ပင် DKBA စစ်သားများမှာ လစာမရရှိကြပဲ စားစရာနှင့်နေစရာသာပေးသည်ကို တွေ့ရပြီး ထိုအခြေအနေမှာ ကူရာကယ်ရာမဲ့နေသော အချို့ကလေးသူငယ်များအတွက် ဆွဲဆောင်နေသော အရာတစ်ခုပင်ဖြစ်နေသည်ကို တွေ့ရသည်။[170] ထိုသို့ဖြစ်နေသည်ကို အထူးသဖြင့် DKBA အခြေစိုက်ရာဖြစ်သော အစိုးရ၏ လယ်မြေသိမ်းပိုက်မှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများနှင့်တကွ ဖြစ်ပွားထားသော စစ်ပွဲများ၏ အရှိန်များ ကျန်နေသေးသော ကရင်ပြည်နယ် အလယ်ပိုင်းဒေသတွင် တွေ့ရသည်။

နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့မှ ရရှိထားသော အချက်အလက်များအရ DKBA စခန်းအတွင်းတွင် ကလေးသူငယ်များသည် အခြားတပ်သားများနှင့် သီးခြားဝင်းတွင် ခွဲနေရပြီး ကလေးအများစုမှာ DKBA ဝတ်စုံကို ဝတ်ဆင်ရသည်ဟု ဆိုသည်။[171] DKBA ၏ ဗိုလ်ချုပ်ကိုမျိုး၏ ပြောကြားချက်အရ ထိုသို့နေခိုင်းခြင်းမှာ ကလေးများသည် လက်နက်ကိုင်တော်လှန်ရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်ဆိုသော ခံစားမှုကို လိုချင်သောကြောင့်ဖြစ်ပြီး ဗိုလ်ချုပ်များကလည်း ထိုသို့ ရဲရဲတောက် စိတ်ဓာတ်များကို မဖျက်ဆီးလိုသောကြောင့် နေခွင့်ပြုခြင်းဖြစ်သည်ဟု ဆိုသည်။[172] ထို့အပြင် အရေအတွက် မဖော်ပြနိုင်သော တပ်သားများ၏ သားသမီးများကိုလည်း စစ်စခန်းများအတွင်း အမြဲတမ်း ဖြစ်စေ၊ ယာယီဖြစ်စေ(ကျောင်းပိတ်ရက် စသည့် ရက်များတွင်) နေထိုင်ခွင့်ပြုထားသည်ဟုဆိုသည်။[173]

## ၈။ နိဂုံးကောက်ချက်ချခြင်းနှင့် အကြံပြုချက်များ

ယခုအချိန်အထိ မှန်နေသေးသော စစ်မှန်သည့် နိုင်ငံရေးဆန္ဒမရှိခြင်းသည် ကလေးသူငယ်များကို လက်နက် ကိုင်တပ်ဖွဲ့များက စစ်သားအဖြစ် ခေါ်ယူအသုံးပြုခြင်းမှ ကာကွယ်ရန်အတွက် လိုအပ်သည့် ဥပဒေများနှင့် မူဝါဒများကို အစိုးရပိုင်းက ထိရောက်စွာ အကောင်အထည်ဖော်ရေး ကို တားဆီးနေလိမ့်မည်ဖြစ်သည်။ ယခု အစီအရင်ခံစာသည် တပ်မတော် ကြည်း ၏ ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းမှုများ ဖြစ်ပေါ်စေအောင် လုပ်ဆောင်နေမှုများကို တင်ပြထားပြီး ထိုသို့သော အစိုးရတပ်၏ အပြုအမူကြောင့် တရားမဝင် စစ်သားစုဆောင်းမှုများအတွက် တာဝန်ခံမှုများလည်း ကင်းမဲ့နေရသည်။ အသစ်ဖွဲ့စည်းလိုက်သော နယ်ခြားစောင့်တပ်ဖွဲ့၏အခြေအနေအရ သိရသည်မှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ တပ်မတော် ကြည်း၏ အမိန့်ဖြင့် နယ်ခြားစောင့်တပ်များအဖြစ် ပြောင်းလဲရန်စေခိုင်းမှုတွင် အစိုးရတပ်သည် အဆိုပါအဖွဲ့များအတွင်း တပ်သား အသက်စစ်ဆေးခြင်းနှင့် ထိုအဖွဲ့များလက်အောက်ရှိကလေးသူငယ်များကို ပြန်လွှတ်ပေးရန် အစီအမံများ ပြုလုပ်ခြင်းများ မလုပ်သောကြောင့် လက်နက်ကိုင်အဖွဲ့အသီးသီးအတွင်း တရားမဝင် စစ်သားစုဆောင်းမှုများ အပေါ်တွင် မည်သို့မျှ အကျိုးသက် ရောက်ခြင်း မရှိသည်ကို တွေ့ရသည်။ အဆိုပါ လက်နက်ကိုင်အဖွဲ့များ နှင့်ပတ်သက်၍ ယခုအစီအရင်ခံစာက တင်ပြထားသည်မှာ အဖွဲ့များ၏ ကလေးသူ ငယ်များကို စစ်သားအဖြစ် စုဆောင်းခြင်းများကို အတင်းအကြပ်ရော၊ သာမန်အနေအထားဖြင့်ပါ လက်ခံနေမှုများ ရှိနေဆဲဖြစ်ပြီး ကလေးသူငယ်များအတွက် သိသာသော အန္တရာယ်များလည်း ကျရောက်နိုင်စေပါသည်။

---

168 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ DKBA အရာရှိများဖြစ်သည့် ဗိုလ်မှူး စန်းအောင်၊ ဗိုလ်ချုပ်ကြီး ကိုမျိုး၊ ဗိုလ်မှူးကြီး စောမောင်လေးနှင့် ဗိုလ်မှူးကြီး ညိုမိုတို့နှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်။
169 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ DKBA အရာရှိ ဗိုလ်ချုပ်ကြီး ကိုမျိုးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်။
170 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ အရာရှိ ဗိုလ်မှူးစန်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ထိုင်းနိုင်ငံ၊၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်။
171 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၈ ရက် ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၉ ရက်။
172 ကလေးစစ်သားဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ဗိုလ်ချုပ်ကြီး ကိုမျိုး၊ စိုစီးမြိုင်တို့နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံ၊၂၀၁၂ ခုနှစ် စက်တင်ဘာလ။
173 လျှို့ဝှက် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်။

မြန်မာအစိုးရသည် ထိုသို့ ကလေးသူငယ်များကို စစ်သားအဖြစ်ခေါ်ယူစုဆောင်း အသုံးပြုခြင်းများကို အဆုံးသတ်ရန်အတွက် လိုအပ်သည့်ခြေလှမ်းများကို လှမ်းလိုကြောင်း အားတက်သရော ပြသနေပြီး အဆုံးစွန်အနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့များ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် စစ်ပွဲများနှင့် ပတ်သက်သည့် နှစ်စဉ်အစီရင်ခံစာ စာရင်းမှ ပပျောက်လိုသည့် ဆန္ဒကိုလည်း ဖော်ပြနေသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သော ကလေးသူငယ်များအခွင့်အရေးနှင့်ပတ်သက်သည့် ညီလာခံ(CRC)၏ သုံးကြိမ်နှင့် လေးကြိမ်မြောက် ထုတ်ပြန်သော အစီရင်ခံစာအား ကြားနာမှုတွင် မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့က သူတို့၏ တပ်ဖွဲ့များနှင့် အခြားလက်နက်ကိုင် တပ်ဖွဲ့များအတွင်း ကလေး စစ်သားစုဆောင်းအသုံးပြုမှု ရှိနေကြောင်း တရားဝင်ဝန်ခံခဲ့ပြီး နောင်တွင် ထိုသို့မဖြစ်စေရဟူသော ကတိကဝတ် ကို ညီလာခံတွင် အာမခံခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၂ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးသော ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ပြု လုပ်ခဲ့သဖြင့် မြန်မာအစိုးရသည် ယခုအခြေအနေနှင့်ပတ်သက်၍ အသေအချာ အားထုတ်မှုရှိနေသော အရိပ်အယောင်ကို ပြသနေသည်။[174]

မြန်မာအစိုးရသည် ယခုအချိန်တွင် ၎င်းတာဝန်ယူရန်ရှိသော ကလေးစစ်သားစုဆောင်းအသုံးပြုမှုကို အဆုံးသတ်ခြင်းနှင့် ပတ်သက်၍ အပြည့်အဝ တာဝန်ခံစဉ်စားပြလာခြင်းသည် အရေးပါ၏။ ထိုတာဝန်ခံလာခြင်းတွင် အစိုးရတပ်အတွင်း အသက်စိစစ်ခြင်းနှင့် ကလေးသူငယ်များအား တပ်မတော် ကြည်းနှင့် နယ်ခြားစောင့်တပ်များ အတွင်းမှ ပြန်လည် စေလွှတ်ခြင်းများကို အပြည့်အဝလုပ်ဆောင်ခြင်းများလည်း ပါဝင်သည်။ သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းနှင့်အတူ အနာဂတ်တွင် အသက်မပြည့်သောသူများ၏ စစ်သားစုဆောင်းခြင်းများ ပပျောက်အောင် လိုအပ်သည့် တွန်းအားပေးဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အစိုးရတပ်နှင့် နယ်ခြားစောင့်တပ်တို့၏ စစ် သားစုဆောင်းရေး လုပ်ထုံးလုပ်နည်းများကို ခိုင်မာအောင် ပြုလုပ်ခြင်းများပါဝင်ပြီး အသက်ကို မှားယွင်းစိစစ်မှုများ ကင်းဝေးရေးအတွက် ထိရောက်သော အသက်စိစစ်သည့် စည်းကမ်းနည်းနာများ အဆိုပြုခြင်းတို့အပြင် ပိုမိုကျယ်ပြန့်စွာ စဉ်းစားရမည်မှာ အသက်မပြည့်သောသူများအား စစ်သားအဖြစ် စုဆောင်းစေသည့် အကြောင်းအရာများကို ပေါ်လွင်လာစေရန်အတွက် သိသာသော ပြုပြင်ပြောင်းလဲမှုများ မြန်မာစစ်တပ်အတွင်းပြုလုပ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ပင် ကုလသမဂ္ဂနှင့် အသက်မပြည့်သူများ စစ်သားစုဆောင်းမှုမှ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် လက်မှတ်ထိုးသည့် ဖြစ်စဉ်ကိုလည်း ဖော်ပြပါတိုက်တွန်းချက်များနှင့် သီးခြားဖြစ်မနေစေပဲ ထိုအစီအစဉ်များထဲမှ ပါဝင်သောအချက်များကို ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုဖော်ဆောင်စေပြီး မြန်မာစစ်တပ်အား ပြုပြင်ပြောင်းလဲရေးနှင့် စနစ်ကျသောတပ်ဖြစ်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

အလားတူပင် အစိုးရသည် အခြားလက်နက်ကိုင်အဖွဲ့များ၏ ကလေးသူငယ်များကို စစ်သားအဖြစ်ခေါ်ယူ အသုံးပြုမှုနှင့် ပတ်သက်၍ ၎င်းနှင့်သက်ဆိုင်သော အခန်းကဏ္ဍနှင့် တာဝန်များကို အသိအမှတ် ပြုရမည် ဖြစ်သည်။ အထူးသဖြင့်ပြောရမည်ဆိုလျှင် ဆိုလိုသည်မှာ သီးခြားအဖွဲ့အစည်းများနှင့် ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့များကို နိုင်ငံ၏ နေရာဒေသမှန်သမျှအား သွားလာခွင့်ပေးရမည်ဖြစ်ပြီး လက်ရှိပြုလုပ်နေသော ပဋိပက္ခများဖြေရှင်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင်လည်း ကလေးသူငယ်များ၏ လက်နက်ကိုင်အဖွဲ့ဝင်များနှင့် ပါဝင် ပတ်သက်နေရသော အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစား အဖြေရှာရေးကိုလည်း အာမခံရမည် ဖြစ်သည်။

ကလေးသူငယ်များကို စစ်သားအဖြစ်ခေါ်ယူအသုံးပြုမှုများတွင် တာဝန်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များကလည်း အနာဂတ်တွင် ထိုသို့စုဆောင်းမှုများမဖြစ်စေရန်နှင့် လက်အောက်တွင် ရှိနေပြီးသော ကလေးစစ်သားများကိုလည်း ပြန်လွှတ်ပေးခြင်းများအတွက် လိုအပ်သော ဆောင်ရွက်မှုများကို ပြုလုပ်ရမည် ဖြစ်သည်။ အချို့သော ဆောင်ရွက်ရန်ရှိသည်များမှာ ပြုလုပ်ပြီးဖြစ်သော်လည်း ကလေးများကို စစ်သားအဖြစ် မစုဆောင်းရန် အမိန့်ကဲ့သို့သော အာဏာမျိုးမှာ အမှန်တကယ်သက်ရောက်နိုင်ရန်အတွက် အားထုတ်ရဦးမည် ဖြစ်သည်။ ကလေး သူငယ်များက မလျော်ကန်စွာ လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်နေရမှုများကိုလည်း ၎င်း၏ အန္တရာယ်အလားအလာများနှင့်တကွ တင်ပြထုတ်ဖော်နိုင်ရမည်ဖြစ်သည်။ ယခုလောလောဆယ် KNU/KNLA နှင့် DKBA တို့၏ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုး ထားမှုသည် ကလေးစစ်သားများအား ပြန်လွှတ်ပေးရန်အခွင့်ကောင်းဖြစ်ပြီး နောက်ပိုင်းတွင်လည်း ထိုသို့ခေါ်ယူ အသုံးပြုခဲ့မှု၏ လားရာများ ကိုလည်း ဖော်ထုတ်နိုင်ရန် အခွင့်ကောင်းဖြစ်နေသည်။ သို့ရာတွင် ထိုသို့ပြုလုပ်ရန်အတွက် သီးခြား လေ့လာစောင့်ကြည့်ခြင်းများနှင့် ကုလသမဂ္ဂနှင့်တကွ အခြား လူသားချင်းစာနာမှု အဖွဲ့အစည်းများ ဝင်ရောက် လုပ်ကိုင်နိုင်ခွင့်ရှိရန် လိုသည်။

---

174 *တပ်မတော် (ကြည်း)*သည် ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ၏ နောက်ဆက်တွဲများတွင် ကလေးသူငယ်များအား စုဆောင်းခန့်ထားသူအဖြစ် ပထမစာရင်းပါရှိခဲ့ပြီး ထိုနောက်ဆက်တွဲများတွင် ထိုအချိန်မှစတင်၍ ပါရှိလာခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် BGF များလည်း စာရင်းတွင် ပါလာခဲ့သည်။ မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများစွာကိုလည်း ၂၀၀၃ ခုနှစ်မှ စ၍ စာရင်းသွင်းထားခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ်အထိ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်အခွင့်အရေးများ ပြင်းထန်စွာ ချိုးဖောက်မှု စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းဆိုင်ရာ ကုလသမဂ္ဂ အထူးတာဝန်အဖွဲ့တစ်ရပ်ကို ထူထောင်ခြင်းမရှိသေးပါ။ အလွဲသုံးစားပြုမှုကို စောင့်ကြည့်စစ်ဆေးရန်နှင့် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ အဖွဲ့အစည်းများနှင့် ဆက်ဆံလုပ်ဆောင်ရန်အတွက် ထိုင်းနိုင်ငံတွင် ထိုနည်းတူအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းထားရှိသော်လည်း မြန်မာနိုင်ငံအတွင်း ကလေးစစ်သားများ အခြေအနေကို အပြည့်အဝ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းကို ပဋိပက္ခဖြစ်ပွားသည့် နေရာများသို့ သွားလာခွင့်မရှိခြင်းအပါအဝင် အကြောင်းအရာအချို့တို့ကြောင့် ကြန့်ကြာနေခဲ့သည်။

စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များက ကလေးစစ်သားစုဆောင်းအသုံးပြုမှုကို ရာထူးအဆင့်ဆင့် တင်ပြ ဖော်ထုတ်လာကြစေရန်အတွက် နိုင်ငံတကာဖိအားနှင့်တကွ အကူအညီပေးမှုများလည်း လိုအပ်သည်။ ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းပြီး စစ်ပွဲအတွင်း အသုံးချမှုများ ကာကွယ်ရေးသည် နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ်ကူညီမှုများတွင် အဓိကပါဝင်သင့်ပြီး တပ်ဖွဲ့၏ တပ်သားစုဆောင်းမှု လုပ်ထုံးများအား ခိုင်မာစေရန်အတွက် နည်းနာအကူအညီများသည်လည်း အပါအဝင်ဖြစ်ရန်လိုကာ မဖြစ်မနေ အသက်စိစစ်ခြင်း နှင့် စုဆောင်းမှုအား စောင့်ကြည့်ပြီး ထိန်းချုပ်တာဝန်ယူစေသည့် နည်းဥပဒေများကိုလည်း အသက်မပြည့်သူများကို မစုဆောင်းမိစေရေးအတွက် အဆင်သင့် ရေးဆွဲထားရှိရမည်ဖြစ်သည်။ ပိုမိုကျယ်ပြန့်စွာ တိုက်တွန်း ရမည်ဆိုလျှင် နိုင်ငံတကာအသိုင်းအဝိုင်းသည် ကုလသမဂ္ဂနှင့်တကွ အခြားသော ပဋိပက္ခဖြေရှင်းရေး ဖော်ဆောင်မှုလုပ်ငန်းများမှတဆင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများအတွင်း ကလေးစစ်သားများ အတွက် ကာကွယ်မှုအစီအစဉ်များပါဝင်မှုရှိမရှိနှင့် ထိုကာကွယ်မှုအစီအစဉ်များသည် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိမရှိကို တိကျသေချာအောင်လုပ်ရမည်ဖြစ်သည်။

ယခုအစီအရင်ခံစာတွင် ထင်ဟပ်နေသော သုတေသနတွေ့ရှိချက်များကို အခြေခံ၍ နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့က အောက်ပါအကြံပြုချက်များ ပြုထားပါသည်။ အဆိုပါအကြံပြုချက်များသည် လက်ရှိလုပ်နေဆဲဖြစ်သော ကလေးသူငယ် ကာကွယ်စောင့် ရှောက်ရေးလုပ်ငန်းစဉ်များအတွက် အကျိုးရှိသော ဖြစ်ထွန်းမှုများ ရရှိစေလိမ့်မည်ဟု အဖွဲ့ကြီးက မျှော်လင့်ပါသည်။ အကြံပြုချက်များကို မြန်မာအစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂတို့သို့ အသီးသီး ပေးထားခြင်းဖြစ်ပါသည်။

## မြန်မာအစိုးရအတွက် အကြံပြုချက်များ

### ယေဘုယျ လုပ်ဆောင်ရန် အချက်များ

- မြန်မာအစိုးရ၏ ကလေးစစ်သားများအသုံးပြုမှု ပပျောက်ရေး ကြိုးပမ်းမှုများကို အားကောင်းစေမည့် နိုင်ငံတကာ စံညွှန်းသတ်မှတ်ချက်နှင့် စာချုပ်စာတမ်းများကို လိုက်နာရန်၊ ဆိုလိုသည်မှာ ကလေးများ စစ်ပွဲအတွင်းပါဝင်ရမှုနှင့်ပတ်သက်သော ကလေးသူငယ်များအခွင့်အရေးညီလာခံ၏ ညှိနှိုင်းသဘော တူညီထားမှုများကို လိုက်နာရန်၊ နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်၏ အလုပ်လုပ်နိုင်သော အငယ်ဆုံး အသက်သတ်မှတ်မှု ညီလာခံ ၁၃၈ နှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်၏ အဆိုးဆုံးပုံစံ ကလေး လုပ်သားခိုင်းစေမှု ညီလာခံ ၁၈၂ တို့အရ သဘောတူထားမှုများကို လိုက်နာရန်၊ ဂျနီဗာညီလာခံ၏ ထပ်လောင်း သဘောတူညီထားသော စာချုပ်များ၊ နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ ရောမနည်းဥပဒေ ဆိုင်ရာ သဘောတူညီထားမှုများအား လိုက်နာရန်၊
- စစ်သားစုဆောင်းရေး လုပ်ထုံးလုပ်နည်းများ ခိုင်မာစေရေးအတွက် လိုအပ်သော နည်းနာဆိုင်ရာ အထောက်အပံ့များရယူရန်၊ အသက်စိစစ်ခြင်း လုပ်ထုံးလုပ်နည်းများ ခိုင်မာလာစေရန်နှင့် လက်နက်ကိုင်အဖွဲ့များ၏ လစ်ဟင်းမှုများကို သီးခြားအဖွဲ့အစည်းများက စောင့်ကြည့်နိုင်ရေး လုပ်ဆောင်ရန်၊ နယ်ခြားစောင့်တပ်ဖွဲ့နှင့်တကွ အခြားသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့် မညီသော ကလေးသူငယ်စစ်သား စုဆောင်းမှု မပြုလုပ်စေရန် တားမြစ်ရန်
- လက်နက်ကိုင်အဖွဲ့ဝင်များနှင့် ပါဝင်ပတ်သက်ရသော ကလေးသူငယ်များကို ပြန်လွှတ်ပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းနှင့် မိသားစုနှင့် ပြန်လည်ပေါင်းစုံပေးခြင်းစသော လုပ်ငန်းဆောင်တာများကို လက်နက်ကိုင်အဖွဲ့များနှင့် ပြုလုပ်သော နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်ဆဲရေး၊ တွေ့ဆုံညှိနှိုင်းရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းလုပ်ဆောင်ရန် အဆိုပါလုပ်ဆောင်မှုများ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကလေးသူငယ်များအရေးအား ထည့်သွင်း စဉ်းစားရေး လုပ်ငန်းဆောင်တာ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိစေရန် လုပ်ဆောင်ရန်
- လက်နက်ကိုင်အဖွဲ့များ၏ အသေအချာအတည်ပြုနိုင်သော ကလေးသူငယ်များအား ပြန်လွှတ်ပေးမှုများသည် နောင်တွင် နိုင်ငံအတွင်းရှိ မည်သည့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မဆို မလုပ်မဖြစ် လုပ်ရမည့် စည်းမျဉ်းအခြေတစ်ခုသဖွယ်ဖြစ်လာအောင် ပေါင်းစည်း ပျိုးထောင်ပေးရန်

### အသက်စိစစ်မှုပါဝင်သော စစ်သားစုဆောင်းမှု လုပ်ငန်းဆောင်တာများနှင့် လုပ်ထုံးလုပ်နည်းများ

- အစိုးရတပ်နှင့်တကွ နယ်ခြားစောင့်တပ်များအတွင်းတွင် အသက် ၁၈ နှစ်အောက် တပ်သားများ စုဆောင်းခြင်းမပြုရန် စစ်မိန့်များနှင့် ညွှန်ကြားချက်များကို တပ်သားစုဆောင်းရေးနှင့် ညွှန်ကြားရေး တာဝန်ရှိသူများထံ အမိန့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ရိုက်နှိပ်ဖြန့်ဝေထားရန်၊ အဆိုပါ အမိန့်များကို အဓိကတပ်သားစုဆောင်းရာ ဌာနနှစ်ခုသာမက အခြား အတည်တကျမရှိသော ရွေ့ပြောင်းနေသည့် တပ်သားစုဆောင်းရေး အဖွဲ့များထံကိုပါ ဖြန့်ဝေထားပြီး တပ်ခွဲ တပ်ပေါင်းအားလုံး တို့လည်း သိစေရန်

- နယ်ခြားစောင့်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင် အားလုံးတို့ အတွက် တပ်သားစုဆောင်းရေး လုပ်ထုံးများကို တသမတ်တည်း သတ်မှတ်ထားရန်နှင့် တပ်သား စုဆောင်းရေးတွင် ပါဝင်သူအားလုံးကို (သင်တန်းများ သင်ကြားပေးရန်လိုလျှင် သင်ကြားပေးခြင်းဖြင့် ဖြစ်စေ) အသက် ၁၈နှစ် မပြည့်သေးသူများအား တပ်သားစုဆောင်းရေးပြုလုပ်ခြင်းကို တားမြစ်ထားကြောင်း သိစေရန်
- ထိရောက်သော အသက်စိစစ်ရေး လုပ်ငန်းစဉ်များကို လိုက်နာရန်နှင့် အဆိုပါလုပ်ငန်းစဉ်များကို လိုက်နာရန် ပျက်ကွက်သော သူများအတွက် ဒဏ်ချခြင်းနှင့် ရာဇဝတ်ပြစ်ဒဏ်ပေးခြင်းများကို ပြုလုပ်ရန်
- တပ်သားစုဆောင်းသူများက စုဆောင်းခံရသူ တစ်ဦးတစ်ယောက်၏ အသက်စိစစ်ခြင်းတွင် သေချာမှုမရှိလျှင် စုဆောင်းမှုမပြုလုပ်ရန်ဟူသော အချက်ကို တပ်သားစုဆောင်းသူများအား ရှင်းပြထားရန်၊ မွေးစာရင်း သို့မဟုတ် အခြား တရားဝင် အသိအမှတ်ပြုနိုင်သော စာရွက်စာတမ်းများမရှိလျှင် စုဆောင်းခံရသူများ၏ အသက်ကို စိစစ်ရာတွင် အခြား စိတ်ချရသော မျှမျှတတရှိနိုင်သည့် စာရွက်စာတမ်းများကို အသုံးပြုရန်၊ ထိုအတွက် ကျောင်းပညာသင် လက်မှတ်များနှင့်တကွ (အခြား တစ်ခုထက်ပိုသည့်) ပညာရေးဆိုင်ရာ စာရွက်စာတမ်းများကို အသုံးပြုသင့်သည်။ ထိုသို့စိစစ်ရာတွင်လည်း ရရှိသောအချက်အလက်များကို မိသားစုဝင်များ၊ ဒေသခံအာဏာပိုင်များနှင့် ပြန်လည်တိုက်ဆိုင် ကြည့်ခြင်းများကိုလည်း ပြုလုပ်သင့်သည်။ ထိုသို့လုပ်ဆောင်မှုများကို ဘုံသတ်မှတ်ချက် ထားနိုင်သော မွေးစာရင်းမှတ်ပုံတင်ခြင်း၏ အောင်မြင်နိုင်ချေအတိုင်းအတာကို ခေတ္တဆိုင်းငံ့ထားသည့် အနေဖြင့် သဘောထားပြီး လုပ်ဆောင်ရန်၊
- အစိုးရတပ်နှင့်တကွ နယ်ခြားစောင့်တပ်များအားလုံးရှိ တပ်သားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များဖြင့် ဗဟို အချက်အလက်ဘဏ်တိုက်သဖွယ် ထိန်းသိမ်းထူထောင်ထားရန်၊ ထိုသို့ အချက်အလက် စုရာတွင် မွေးစာရင်း သို့မဟုတ် အခြား စာရွက်စာတမ်းများဖြင့် အတည်ပြုထားသော မွေးနေ့များ၊ စုဆောင်းသူ အရာရှိ၏ အမည်အပြည့်အစုံနှင့် ရာထူးအဆင့်အတန်းကိုပါ မှတ်တမ်းတင်ထားရန်နှင့် ယခင် အသက်မပြည့်ခင်က စုဆောင်းထားသောသူတွေ့လျှင် အသက်မပြည့်သူများအား ပြန်လွှတ်ရန်
- နိုင်ငံ၏ မှတ်ပုံတင်ခြင်းစနစ်ကို ပြုပြင်ပြောင်းလဲပြီး မွေးဖွားလာသော ကလေးမှန်သမျှအား အခမဲ့ မွေးစာရင်း မှတ်ပုံတင် စေရန် (ကလေးအခွင့်အရေး ညီလာခံ သဘောတူညီချက် အပိုဒ် ၇ အပိုဒ် ခ ၁ အရ)၊ မှတ်ပုံတင်စေရာတွင်လည်း အတင်းအကြပ်ပြု စေခြင်းများ မရှိစေပဲ စည်းရုံးမှုများပြုလုပ်ပြီး နယ်ဝေး ဒေသများအတွက် နေရာပြောင်းနိုင်သော မွေးစာရင်းမှတ်ပုံတင်ရေး အဖွဲ့များ ဖွဲ့စည်းထားရန်

## သီးခြားအဟန့်အတားမရှိသော စောင့်ကြည့်နိုင်မှုများရှိရေး

- နိုင်ငံအလိုက် ကုလသမဂ္ဂတာဝန်ရှိသူများနှင့်အတူ အစီအရင်ခံခြင်း၊ စောင့်ကြည့်ခြင်းများကို တွဲဖက်ပြုလုပ်ရန်၊ ထိုသို့ပြုလုပ်ရာတွင် တပ်သားစုဆောင်းရေးဌာနများ၊ စစ်စခန်းများ၊ လေ့ကျင့်ရေး ကျောင်းများနှင့် အခြားကလေးများရှိနေနိုင်သော စစ်ဘက်နှင့် ဆိုင်သည့် နေရာများသို့ သွားရောက်ပြီး အစိုးရတပ်ခွဲအားလုံးနှင့်တကွ နယ်ခြားစောင့်တပ်များကို စနစ်တကျ လေ့လာစောင့်ကြည့်ပြီး အသက်မပြည့်သူများအား စိစစ်ပြီး ပြန်လွှတ်ပေးနိုင်ရန်အတွက် အဟန့်အတားမရှိ သွားရောက် လေ့လာနိုင်ခွင့်ရှိရန်၊
- နိုင်ငံအလိုက် ကုလသမဂ္ဂတာဝန်ရှိသူများနှင့်တကွ အခြားနိုင်ငံတကာအဖွဲ့အစည်းများက ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် အခြားထိန်းသိမ်းထားသူများ၏ အခွင့်အရေးကို ကာကွယ်ရန်၊ "လေလွင့်လူငယ်များဟု သတ်မှတ်ထားသော" ကလေးသူငယ်များရှိနေလျှင် ပြန်လွှတ်ပေးရန် အတွက် အကျဉ်းထောင်များနှင့် အခြားထိန်းသိမ်းရေးစခန်းများသို့ အချိန်မဆိုင်း အဟန့်အတားမရှိပဲ သွားရောက်လေ့လာခွင့်ပြုရန်
- နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် ILO ၏ ကန့်ကွက်တိုင်ကြားခံရခြင်းဆိုင်ရာ နည်းနာများကို ဆက်လက် လက်ခံပူးပေါင်းဆောင်ရွက် ရန်၊ ထိုသို့ဆောင်ရွက်ရန်အတွက် အသက်မပြည့်ပဲ စစ်သားစုဆောင်း ခံရခြင်းအပေါ် တိုင်ကြားမှုများကို မဆိုင်းမတွတုံ့ပြန်ဖြေ ရှင်းရန်၊ ကလေးသူငယ်များရှိလျှင် ဖင့်နွေးမှုမရှိစေပဲ လုံခြုံစွာပြန်လွှတ်ပေးရန်၊ အဆိုပါ ကလေးငယ်များအား စခန်းမှ လွှတ်ပေး လိုက်ကြောင်း အတည်ပြုသည့် စာရွက်စာတမ်းများ ချက်ချင်းထုတ်ပြန်ပေးရန်
- ကလေးသူငယ်များအဖြစ် အတည်ပြုသတ်မှတ်ပေးပြီး တပ်ထဲမှ ပြန်လွှတ်စေရန် ဆောင်ရွက်ပေးသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထင်သလိုအဖမ်းခံရနိုင်မှု၊ ကောင်းမွန်စွာဆက်ဆံခြင်းမခံရမှု၊ အရှက်တကွဲ အကျိုးနည်းဖြစ်စေမှုများ မရှိစေရန်
- စစ်တပ်၏ ဩဇာအောက်မှ လွတ်ကင်းသော အာဏာနှင့် လုပ်ကိုင်နိုင်သော အရည်အချင်းနှင့် အချက်အလက်များရှိသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုထူထောင်ပြီး စစ်သားစုဆောင်းမှု များတွင် အငယ်ဆုံး အသက်သတ်မှတ်မှုနှင့် သက်ဆိုင်သော နိုင်ငံတော်ဥပဒေ၊ နိုင်ငံ့ဥပဒေ ကန့်သတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိကို လေ့လာစောင့်ကြည့်ပြီး ပြုပြင်ပြောင်းလဲရန်လိုအပ်သော နေရာများကို အကြံပြုရန်၊ လိုက်နာမှုမရှိသူများအား ပြစ်ဒဏ်ပေး သတ်မှတ်မှုများ ပြုလုပ်ရန်

- နိုင်ငံအလိုက် ကုလသမဂ္ဂတာဝန်ရှိသူများနှင့်တကွ အခြားသီးခြား လူသားအကျိုးပြု အဖွဲ့အစည်းများကို အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခွင့်ပေးပြီး အဆိုပါအဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်တာများ ဆွေးနွေးခွင့်ပြုရန်၊ အဆိုပါ အဖွဲ့များအတွင်း ကလေးစစ်သားများ အသုံးပြုမှုများကို အစီအရင်ခံခြင်း၊ စောင့်ကြည့်ခြင်းများပြုလုပ်ပြီး ကလေးသူငယ်များ ဘေးကင်းစွာ ပြန်လွတ်နိုင်ရေးနှင့် မိသားစုနှင့် ပြန်လည်တွေ့ဆုံနိုင်ရေး တို့ကို ကူညီပေးခွင့်ပြုရန်

### *တာဝန်ခံမှု*

- စစ်တပ်အတွင်းမှ အဖွဲ့ဝင်များ၏ ကလေးသူငယ်များအား စစ်သားအဖြစ်စုဆောင်းမှုအပါအဝင် ဆိုးဆိုးရွားရွား လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားအကျိုးပြုဥပဒေများ ချိုးဖောက်များ အပြစ်မပေးနိုင်ရန် တားဆီးနေသော ဥပဒေပုံစံ အတားအဆီးများကို ပယ်ဖျက်ရန်
- တပ်*မတော် ကြည်း*နှင့်တကွ အခြားနယ်ခြားစောင့်တပ်များအားလုံးအပေါ် ကလေးစစ်သားများ စုဆောင်း အသုံးပြုမှုဖြင့် စွပ်စွဲခံရမှု မှန်သမျှ တွင် ထိရောက်စွာ ဘက်မလိုက်ပဲ စုံစမ်းစစ်ဆေးရန်၊ ကျူးလွန်သူများအား နိုင်ငံတကာအဆင့်အတန်းနှင့် အညီ တရားရင်ဆိုင်စေပြီး အပြစ်ပေးရန်
- ထိုသို့ စုံစမ်းစစ်ဆေးနေမှုကာလ မပြီးသေးမီအချိန်တွင် ပါဝင်သည်ဟု ယူဆရသူ စစ်အရာရှိများကို တပ်အတွင်းမှ ခေတ္တထုတ်ပယ်ထားရန် နှင့် အခြားစည်းမျဉ်းဆိုင်ရာ ဒဏ်ပေးခြင်းများပြုရန်
- ထိုသို့ စုံစမ်းစစ်ဆေးနေမှုများ၏ အရေအတွက်နှင့်တကွ တရားစွဲဆိုအပြစ်ပေးမှုများ၊ ပြစ်ဒဏ်ပေးမှုများ၊ စစ်ဆေးမှုများ၏ ရလဒ်များကို အများပြည်သူအား ထုတ်ပြန်ရန်

### *KNLA နှင့် DKBA တို့အား အကြံပြုချက်*

ယခုအစီအရင်ခံစာအခြေခံထားသော သုတေသန၏ အတိုင်းအတာအရ နိုင်ငံတကာ ကလေးစစ်သား ပပျောက်ရေးအဖွဲ့သည် အထက်ပါ နှစ်ဖွဲ့အား အထူး အကြံပြုချက်များပေးထားသည်။ သို့ရာတွင် အဆိုပါအကြံပြုချက်များသည် အခြားသော မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေကြသည့် ကလေးသူငယ်များကို စစ်သားအဖြစ် ခေါ်ယူစုဆောင်း အသုံးပြုနေသော လက်နက်ကိုင်အဖွဲ့ အစည်းမှန်သမျှတို့အတွက်လည်း ကိုက် ညီအသုံးဝင်မည်ဖြစ်သည်။

- လက်နက်ကိုင်အဖွဲ့ဝင်မှန်သမျှတို့အား ကလေးသူငယ်များ အန္တရာယ်ကျရောက်နိုင်သော အခြေအနေများတွင် ခေါ်ယူစုဆောင်း အသုံးပြုမှုများကို တားမြစ်ထားကြောင်း အမိန့်များကို ထုတ်ပြန် ရိုက်နှိပ် ဖြန့်ချိဝေငှထားရန်
- ကလေးသူငယ်များ စစ်ဆင်ရေးဆိုင်ရာ တာဝန်များတွင် ဝင်ရောက်လုပ်ခြင်းမရှိစေရန်နှင့် စစ်စခန်းများနှင့်တကွ စစ်ပစ်မှတ်ဖြစ်နိုင်သော နေရာဒေသများတွင်ပါ ကလေးငယ်များ ရှိမနေစေရန် လုပ်ဆောင်ရန်
- ကလေးစစ်သား စုဆောင်းအသုံးပြုမှုတွင် တာဝန်ရှိသောသူများကို ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ရန်
- ကုလသမဂ္ဂနှင့်တကွ အခြားသော သီးခြားလူသားအကျိုးပြုအဖွဲ့အစည်းများက လက်နက်ကိုင် တပ်ဖွဲ့များအတွင်း ကလေးသူငယ်များရှိမရှိစောင့်ကြည့်ခြင်း၊ လွှတ်ပေးခြင်းနှင့် မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ကူညီပေးခြင်းများအတွက် လက်နက်ကိုင် တပ်ဖွဲ့များက ကူညီခွင့်ပြုရန်
  အသက်မပြည့်သေးသော စစ်သားစုဆောင်းမှုကို ကာကွယ်ရန်အတွက် လိုအပ်သော ထိရောက်သည့် အသက်စိစစ်သတ်မှတ်ရေး လုပ်ငန်းဆောင်တာများကို ဆောလျင်စွာ ထူထောင်နိုင်ရေး အကူအညီ ပေးရန်

### နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ဝင်များ၏ စောင့်ကြည့်လေ့လာ အစီအရင်ခံစာတင်ခြင်းနှင့် ပတ်သက်၍ အကြံပြုချက်များ

- ကုလသမဂ္ဂနှင့် အစိုးရတို့ အကြား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ ထူထောင်ရေးအတွက် ပါဝင်လုပ်ကိုင်ကြသော သူများအားလုံး၏ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ပေးရန်၊ ထိုသူများ ပါဝင်ကြသော အစီအစဉ်အောက်ရှိ အစိုးရ၏ လုပ်ဆောင်မှုများအပေါ် ထိရောက်မှုရှိမရှိကို ရေရှည် လေ့လာစောင့်ကြည့်ရန်၊ လုပ်ငန်းစဉ်များအတွင်း ထင်သာမြင်သာမှုရှိစေရန်
- အစိုးရအား သုံးသပ်ချက်များ၊ တပ်သားစုဆောင်းရေး လုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရေး အကြံပြုချက်များပေးခြင်း ထောက်ပံ့ခြင်း ပြုလုပ်ပြီး ကလေးသူငယ်များအား စစ်သားအဖြစ် ခေါ်ယူအသုံးချခြင်းများအား တားဆီးရန်

- အစိုးရတပ်များနှင့်တကွ အခြားသောနယ်ခြားစောင့်တပ်များရှိရာ စစ်စခန်းများ၊ လေ့ကျင့်ရေးစခန်းများ နှင့် အခြား ကလေးသူငယ်များရှိနေနိုင်သော စစ်တပ်နှင့်ဆိုင်သည့် နေရာများကို ကလေးသူငယ်များ ရှိမရှိစစ်ဆေးအတည်ပြုခြင်းများ ပြုလုပ်နိုင်ရန်အတွက် ပုံမှန် သွားရောက်ရန်၊ ထိုသို့ စောင့်ကြည့် စစ်ဆေးခြင်းများမှာလည်း နိုင်ငံတကာ၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန်
- ဥပဒေချိုးဖောက်မှုများ မှတ်တမ်းတင်ထားသည်များကို ဖလှယ်ရန်အတွက် အစိုးရနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများတွင် တက်ကြွစွာ ပါဝင်ပြီး အစိုးရအား ထိုမှတ်တမ်းတင်ထားသည့် အချက်အလက်များနှင့် ပတ်သက်၍ လုပ်သင့်သည်များ ဆက်လက် ဆောင်ရွက်နိုင်စေရန်အတွက် အကြံပေး အထောက်အကူ ပြုခြင်းများ ပြုလုပ်ရန်
- အခြားလက်နက်ကိုင်အဖွဲ့များအတွင်း ကလေးသူငယ်များရှိနေမှုကို စိစစ်ခြင်းနှင့် ပြန်လွှတ်ပေးရန် ကိစ္စများကို ပြုလုပ်နိုင်ရန် အတွက် အစိုးရအတိုက်အခံ လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများတွင် တက်ကြွစွာ ပါဝင်ရန်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား အကြံပြုချက်:

- မြန်မာအစိုးရအား အတူတကွပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို အပြည့်အဝအကောင်အထည် ဖော်နိုင်ရေးအတွက် တိုက်တွန်းအားပေးခြင်းများ ပြုလုပ်ရန်၊ ကလေးသူငယ်များ အစိုးရတပ်များနှင့် အခြားနယ်ခြားစောင့်တပ်များအတွင်း စုဆောင်းအသုံးပြုခံရမှု မရှိစေရေးအတွက် လိုအပ်သည်မှန်သမျှ ကို လုပ်ဆောင်ရန်
- မြန်မာအစိုးရအား အဖွဲ့ဝင်များကို အပြည့်အဝ အဟန့်အတားမရှိ ဝင်ရောက်လုပ်ကိုင်ခွင့်ပေးပြီး ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ထူထောင်ရာတွင် ပါဝင်သည့် လုပ်ငန်း တစ်စိတ်တစ်ပိုင်းအနေဖြင့် လုပ်ကိုင်မှုများအတွင်း သိသာမြင်သာရှိစေရန် စသည်တို့ကို တိုက်တွန်းရန်
- သက်ဆိုင်ရာ ကုလသမဂ္ဂတာဝန်ရှိသူများအတွက် အစိုးရအား ဆောင်ရွက်ရန်ရှိသည်များကို လုပ်ဆောင်စေပြီး ပူးပေါင်းဆောင် ရွက်မှု စီမံကိန်းကို ထူထောင်နိုင်ရန်၊ ကလေးသူငယ်များအား အကြမ်းဖက်မှုများအပေါ်တွင် သေချာရေရာစွာ စောင့်ကြည့် အကဲခတ်မိနိုင်စေရန်အတွက် လုံလောက်သော အချိန်နှင့် ရင်းမြစ်လိုအပ်ချက်များကို ရရှိစေရေးဆောင်ရွက်ရန်
- အစိုးရနှင့် လက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးနှင့် သဘောတူညီမှု လုပ်ငန်းစဉ်များအတွင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်လုပ်ကိုင်နေထိုင်ရသော ကလေးများ ပြန်လည်လွှတ်မြောက်ရေး၊ ထူထောင်ရေးနှင့် မိသားစုနှင့် ပြန်လည် ပေါင်းစုံရေးအတွက် ဦးတည်သော ကိစ္စများတွင် ထောက်ပံ့မှုများပေးရန်၊ အဆိုပါ လုပ်ငန်းစဉ်များက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး သဘောတူညီချက်များအတွင်း ကလေးသူငယ်ပြဿနာများကို ထည့်သွင်းစဉ်းစားရေးနှင့် သက်ဆိုင်သော လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနှင့် ကိုက်ညီစေရေးဆောင်ရွက်ရန်၊ လက်နက်ကိုင် တပ်ဖွဲ့အားလုံးက အများအတည်ပြုနိုင်သော ကလေးသူငယ်များပြန်လွှတ်ပေးမှု သတင်းထုတ်ပြန်ချက် များပြုစေပြီး အခြားအစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှေ့ဦးမဖြစ်မနေလုပ်ရမည့် နမူနာဖြစ်စေရေး ဆောင်ရွက်ရန်
- မြန်မာအစိုးရအား ၎င်းတို့၏ ကလေးစစ်သားစုဆောင်းအသုံးပြုများအား ရပ်တန့်လိုသည့် အာသီသ ရှိကြောင်းကို ပြသသည့် အနေဖြင့် စစ်မြေပြင်တွင် ကလေးများပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ် အခွင့်အရေးညီလာခံမှ သဘောတူညီချက်များကို မဆိုင်းမတွ လက်မှတ်ထိုးစေရေး တိုက်တွန်းရန်
- ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းအသုံးပြုမှုကို ကာကွယ်ရာတွင် အကျိုးပြုနိုင်ရန် အတွက် မြန်မာနိုင်ငံအတွင်း လုံခြုံရေးဆိုင်ရာ အုပ်ချုပ်မှုအစိတ်အပိုင်းကို ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရန်အတွက် နိုင်ငံတကာ အထောက်အပံ့များပေးရန်၊ ထိုသို့ အထောက်အပံ့ပေးရာတွင်လည်း အစိုးရတပ်နှင့် နယ်ခြားစောင့်တပ်များအတွင်း လစ်ဟင်းမှုများကို လွတ်လပ်စွာ စောင့်ကြည့်လေ့လာစေခြင်းများ ပြုလုပ်ခြင်းအားဖြင့် သော်လည်းကောင်း တပ်ဖွဲ့များအတွင်း တပ်သားစုဆောင်းမှုနှင့် အသက်စိစစ်မှု လုပ်ထုံးနည်းစနစ်များ ခိုင်မာလာစေရန် အကူအညီများပေးခြင်းဖြင့်သော်လည်းကောင်း မြန်မာအစိုးရအား ထောက်ပံ့ရန်

**ကလေး စစ်သားဆိုင်ရာ**

**နိုင်ငံတကာအဖွဲ့ .**

www.child-soldiers.org